# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကိုဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကို လိုတိုင်းရအောင် ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏ ။

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၄၅)


၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၆)၊ အမှတ်(၂၈၂)


# နေ့တစ်ဝက်ခန့် ရွာသည့်မိုးကြောင့် ရန်ကုန်မြို့ နေရာအချို့၌ ရေကြီးရေလျှံ

**သတင်း- မောင်စိန်လွင်၊ ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇူလိုင် ၁၁**

ယနေ့ ဇူလိုင် ၁၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မြို့နယ်ရပ်ကွက်အချို့တို့တွင် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသော YBS ခရီးသည်တင်ယာဉ်လိုင်းများပင် သတ်မှတ်ယာဉ်လိုင်းကြောင်းမဟုတ်သည့် ရပ်ကွက်အချို့လမ်းများမှ လမ်းပြောင်းမောင်းနှင်ခဲ့ရသည်အထိ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့မြင်ခဲ့ရသည်။

"ဒီနေ့ညနေပိုင်းကတော့ ရန်ကုန်တစ်မြို့လုံး ဘယ်နေရာပဲဖြစ်ဖြစ် ရေကြီးရေလျှံမှုဖြစ်တဲ့နေရာတွေ ချည်းပဲ။ ကျွန်တော်ဆို ခရီးသည်မလိုက်ဘဲ ကန်တော်ကြီးဘေးက ကန်ပတ်လမ်းမှာပဲ ရပ်နားထားတာ တစ်နေ့ခင်းလုံးပဲပြောတော့။ မိုးတွေကလည်း အတော်လေးသည်း၊ ဒီကြားထဲ YBS ခရီးသည်တင်ယာဉ်တွေကလည်း သူ့သတ်မှတ်ယာဉ်လမ်းကြောင်းမဟုတ်တဲ့ ရပ်ကွက်လမ်းတွေက မောင်းတယ်၊ ရေမကြီးဘူးဆိုတဲ့လမ်းတွေက ရှောင်မောင်းကြတယ်။ ခရီးသည်တွေအဆင်ပြေ၊ မပြေတော့ မသိဘူး။ ရေကြီးရေလျှံဖြစ်တယ်လို့ကြားတဲ့လမ်းဆို သူတို့ရှောင်ကွင်းပြီး ဖြစ်သလိုတွေ မောင်းကြတယ်၊

*စာမျက်နှာ ၁၂ ကော်လံ ၁* ❄



ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်း၌ ရေကြီးရေလျှံဖြစ်ပွားနေစဉ်

# ချင်းတွင်းမြစ်ရေကြီးမှုကြောင့် ဒေသခံ ၁၀၈၃၀ ကျော် ရေဘေးသင့်

**မျိုးဝင်းထွန်း (မုံရွာ)**

**မုံရွာ ဇူလိုင် ၁၁**

ချင်းတွင်းမြစ်တစ်လျှောက် မြို့အသီးသီးမှ အိမ်ထောင်စု ၂၃၂၉ စုမှ လူဦးရေ ၁၀၈၃၀ ရေဘေးသင့်နေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဇူလိုင် ၁၁ ရက် ထုတ်ပြန်ချက်အရ သိရသည်။


ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ မင်းကင်းမြို့နယ်၊ ကလေးဝမြို့နယ်နှင့် မုံရွာမြို့နယ်တို့မှ အိမ်ထောင်စု ၂၂၉၃ စုသည် ရေဘေးကြောင့် ရွှေ့ပြောင်းနေထိုင်ရလျက်ရှိပြီး ဟုမ္မလင်းမြို့နယ်အတွင်းမှ နေအိမ် ၂၀ လုံး၊ ဖောင်းပြင်မြို့နယ်မှ နေအိမ်တစ်လုံးနှင့် ကလေးဝမြို့နယ်မှ နေအိမ်တစ်လုံး အသီးသီးမျောပါခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၀ ရက် စာရင်းအချက်အလက်များအရ ခန္တီးမြို့တွင် အိမ်ထောင်စု ၄၂၂ စု၊ ဟုမ္မလင်းတွင် ၂၈ စု၊ ဖောင်းပြင်တွင် ၆၉ စု၊ မော်လိုက်တွင် ၂၆၈ စု၊ မင်းကင်းတွင် ၈၉ စု၊ ကလေးဝတွင် ၆၇စု နှင့် မုံရွာတွင် ၁၃၇၁ စု ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများအရောက် လူမှုကူညီရေးအသင်းများအနေဖြင့် အစားအသောက်နှင့် အထောက်အပံ့ပစ္စည်းများ ပေးအပ်လျက်ရှိရာ ဇူလိုင်၁၁ ရက်အထိ ငွေကျပ် ၂၅၆ သိန်း ၄၃၀၀၀ သောင်းဖိုး ထောက်ပံ့လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။



**မြန်မာ - ကမ္ဘောဒီးယား ကုန်သွယ်မှုကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

စာ ၃



**မြန်မာနိုင်ငံမှ စိုက်ပျိုးရေး ထွက်ကုန်များ ကမ္ဘောဒီးယားနိုင်ငံသို့ တင်ပို့နိုင်ရေးဆွေးနွေး**

စာ ၃

**မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယ တပ်မတော် အမှတ်(၁၁)တပ်မမှူး ဂုဏ်ပြုညစာဖြင့်ဧည့်ခံ**

စာ ၅

**လွမ်းဆွတ် တမ်းတ . . .**

**မေ့မရ**

အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

စာ ၈


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းဟူသည် နိုင်ငံသူနိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် တာဝန်ထမ်းဆောင်ကြရသူများဖြစ်၍ နိုင်ငံ့ဝန်ထမ်းတို့၏ အကောင်းအဆိုးသည် နိုင်ငံတော်၏ အကောင်းအဆိုးကို ပြဋ္ဌာန်းသည်ဟုပင် ပြောဆိုနိုင်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းတို့သည် နိုင်ငံတော်၏အရေးပါသော အခန်းကဏ္ဍကို တာဝန်ယူဆောင်ရွက်နေရသူများ ဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကျင့်ဝတ်သိက္ခာကောင်းမွန်ခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်း၊ တာဝန်ခံမှုရှိခြင်းဆိုသည့် မှုများအပေါ်အခြေခံပြီး လုပ်ရည်ကိုင်ရည်နှင့် ယုံကြည်ချက်ခိုင်မာမှုရှိသည့် ဝန်ထမ်းအဖွဲ့အစည်းသည် ကောင်းမွန်သော ဒီမိုကရေစီအုပ်ချုပ်ရေး၏ ကျောရိုးမဏ္ဍိုင်ပင်ဖြစ်ပါကြောင်း"ဟု မိန့်ကြားခဲ့ခြင်းသည် ဒီမိုကရေစီနိုင်ငံတော်၌ နိုင်ငံ့ဝန်ထမ်းတို့၏ အခန်းကဏ္ဍကို ကျစ်လျစ်ရှင်းလင်းစွာ ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ ဤသဘောတရားကို အခြေခံ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံ့ဝန်ထမ်းတို့သည် "မလုပ်၊ မရှုပ်၊ မပြုတ်"အတွေးအခေါ်တို့ကို စွန့်လွှတ်၍ ကိုယ်တိုင်ကြံဆ ဖော်ဆောင်နိုင်စွမ်းရှိရမည်ဟု လမ်းညွှန်ခဲ့ခြင်းသည် ပြည်သူတို့၏ မျှော်လင့်ချက်ကို ထင်ဟပ်ဖော်ဆောင်လိုက်ခြင်းပင် ဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံ့ဝန်ထမ်းတို့၏ လုပ်ခလစာတိုးမြှင့်ပေးရန် လိုအပ်နေသည်ကို အသိအမှတ်ပြု ပြောကြားခဲ့သော်လည်း တိုင်းပြည်၏ပကတိအခြေအနေအရ ချက်ချင်းလက်ငင်းတိုးမြှင့်ပေးရန် မဖြစ်နိုင်သည်ကို ပွင့်လင်းရိုးသားစွာ ထောက်ပြပြောဆိုခဲ့ပါသည်။ သို့သော် နိုင်ငံ့ဝန်ထမ်းတို့ကို ပိုမိုကောင်းမွန်သော မိသားစုဘဝ နေထိုင်မှုကဲ့သို့သော အခြားသော နည်းလမ်းတို့ဖြင့် ပံ့ပိုးပေးမည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကတိပြုပြောကြားခဲ့ခြင်းသည် ပြည်သူလူထု အကျိုးစီးပွားအတွက် အစွမ်းကုန်ဆောင်ရွက်မည်ဟူသော လူထုအစိုးရ၏ နိုင်ငံရေးသန္နိဋ္ဌာန်ကို ထပ်မံအခိုင်အမာ ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "အခြားနိုင်ငံများတွင် ဆယ်စုနှစ်ပေါင်းများစွာ တဖြည်းဖြည်းချင်းဖြေရှင်းယူလာခဲ့သည့် ပြဿနာများကို မိမိတို့နိုင်ငံအနေဖြင့် လာမည့်နှစ်အနည်းငယ်အတွင်း၌ ဖြေရှင်းယူရမည့် အနေအထားတွင် ရှိနေပါကြောင်း"ဟု ရှင်းလင်းပြောဆိုခဲ့ခြင်းသည် တိုင်းပြည်က ရင်ဆိုင်ရလျက်ရှိသော စိန်ခေါ်ချက်တို့ကို မီးမောင်းထိုးတင်ပြလိုက်ခြင်းဖြစ်သကဲ့သို့ တီထွင်ကြံဆမှုတို့ဖြင့် ခုန်ပျံကျော်လွှားကြိုးပမ်းဖြေရှင်းရမည်ကိုလည်း တပ်လှန့်နှိုးဆော်လိုက်ခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မဟာဗျူဟာစီမံချက်သည် ဝန်ထမ်းတို့၏ လုပ်ရည်ကိုင်ရည်နှင့် အရည်အချင်းတို့အား အခြေခံပြီး ချီးမြှင့်မြှောက်စားမှုပြုသည့် ယဉ်ကျေးမှုအစဉ်အလာနှင့် စနစ်ထွန်းကားရေးအား ရည်မှန်းထားသည်ကို အလေးအနက်ထားပြောကြားခဲ့ပါသည်။ ထို့မျှသာမက ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းဟူသည် နိုင်ငံတော်အတွင်းရှိ မတူကွဲပြားမှုများကို ရောင်ပြန်ဟပ်ရမည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းပြောကြားခဲ့ခြင်းသည် "တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း"တည်းဟူသော လောကပါလတရားတို့ကို ထင်ဟပ်ပြောဆိုလိုက်ခြင်းပင် ဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "အဂတိလိုက်စားမှုကို တိုက်ဖျက်ခြင်းသည် မဟာဗျူဟာစီမံချက်တစ်ခုလုံး၏ ရည်မှန်းချက်အောင်မြင်ရေးကို အထောက်အကူဖြစ်စေမည့်အပြင် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် မိမိတို့ဝန်ဆောင်မှုပေးနေသည့် လူ့ဘောင်အဖွဲ့အစည်းအကြားတွင် ယုံကြည်မှုကိုလည်း တိုးတက်ဖြစ်ထွန်းစေပါကြောင်း"ဟု ပြောကြားချက်သည် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်၏ အနှစ်သာရတစ်ရပ်ကို ရှင်းလင်းပြောဆိုခဲ့ခြင်းဖြစ်၍ လေးစားစွာဂုဏ်ပြုကြိုဆိုပါကြောင်း တင်ပြအပ်ပါသည်။ ။

## မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။
(မိုး/ဇလ)

# ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှု၊ အာဇာနည်ဗိမာန်သို့ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်မှုနှင့် လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာယူဆောင်ခွင့်မပြုကြောင်း သတ်မှတ်ကြေညာခြင်း

၁။ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ ၀၈၀၀ အချိန်၌ စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင်လ ၁၈ ရက်နေ့ ၁၈၀၀ အချိန်မှ ဇူလိုင်လ ၁၉ ရက်နေ့ ၁၈၀၀ အချိန်ထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ်စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်မြွှာရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန် ဝင်ပေါက်ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂၀၀ အချိန်မှ ၁၇၀၀ အချိန်ထိ အာဇာနည်ဗိမာန်သို့ အများပြည်သူ လာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ် စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)များသို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း၊ ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်၊ သံပိုက်၊ ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှု မရှိသော လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)များသို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

### အသိပေးကြေညာချက်

**အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)များသို့ လာရောက်ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကိုယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်-**

- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- လက်ကိုင်ဖုန်းအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- အလံအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- လက်ကိုင်အိတ်အမျိုးမျိုး



၂၀၁၇ ခုနှစ်၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနား
လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၁

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၁-၇-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၄၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၆၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ · ၀ |
| ဥရောပ | တစ်ယူရို | ၁၅၅၃ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ · ၇၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ · ၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ · ၀၇ |
| တရုတ် | တစ်ယွမ် | ၂၀၀ · ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ · ၈၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



## အာဇာနည်စိတ်မျိုး မွေးမြူအပ်

မိမိတို့ယုံကြည်သော ဝါဒအတွက် အသက်ကိုပင် စွန့်သွားကြသော အာဇာနည်များအား မိမိသည် ချီးကျူးကြောင်း၊ ထိုစိတ်မျိုးကို ကျန်ခဲ့သူများက ထပ်တလဲလဲမွေးမြူအပ်ကြောင်း၊ အမျိုးဘာသာနှင့် နိုင်ငံအတွက် အသက်စွန့်ရန် ကြောက်နေသော နိုင်ငံတိုင်းမှာ မကြီးပွားနိုင်ကြောင်း။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၈-၁၂-၁၉၄၃ ရက်နေ့ အရှေ့အာရှတိုက်စစ်၊ တစ်နှစ်ပြည့်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်တွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# မြန်မာ - ကမ္ဘောဒီးယား ကုန်သွယ်မှုကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၁**


ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကမ္ဘောဒီးယားနိုင်ငံ၏ ဝါရင့်ဝန်ကြီး၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရတ်ဆုတ်ခွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားနှင့် ကုန်သွယ်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် နှစ်နိုင်ငံပြည်သူများ ထိတွေ့ဆက်ဆံမှု ပိုမိုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ၏ ဝါရင့်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Sok Chea လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကမ္ဘောဒီးယားနိုင်ငံ၏ ဝါရင့်ဝန်ကြီး၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရတ်ဆုတ်ခွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်များ ကမ္ဘောဒီးယားနိုင်ငံသို့ တင်ပို့နိုင်ရေးဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီး၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ပရတ်ဆုတ်ခွန်းအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား မွန်-ခမာ ယဉ်ကျေးမှုအား ပြန်လည်ဖော်ထုတ်သွားရေး၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်များ ကမ္ဘောဒီးယားနိုင်ငံသို့ တင်ပို့နိုင်ရေးအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီး၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရတ်ဆုတ်ခွန်းတို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# Bureacracy and Administration နှင့်ပတ်သက်သည့် ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၁**

မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ ကွန်ရက်အသင်း (MPAN) ၏ စီစဉ်မှုဖြင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းအောင်က Bureacracy and Administration နှင့် ပတ်သက်သည့် ဆွေးနွေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသ ကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ ကွန်ရက်အသင်း ( MPAN) ဥက္ကဋ္ဌ ဦးစောလုလုထော်က ဆွေးနွေးဟောပြောပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းအောင်က Bureacracy and Administration နှင့်ပတ်သက်၍ ဆွေးနွေးဟောပြောပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက သိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းအောင်အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်(**ယာပုံ**)နှင့် မြန်မာနိုင်ငံ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဆိုင်ရာ ကွန်ရက်အသင်း (MPAN) ဥက္ကဋ္ဌ ဦးစောလုလုထော်တို့က အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိန်း၊ဓာတ်ပုံ-ဖိုးသော်ဇင်**



▲ *ကျောဖုံးမှ*

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီး ဖြေရှင်းရမည့် လူဦးရေဆိုင်ရာပြဿနာများကို အာရုံစိုက်မိလာစေရန်အတွက် ၁၉၉၀ ပြည့်နှစ်ကစပြီး ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ပါကြောင်း၊ ယခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်မှာ **"တိုင်းပြည်သာယာဖွံ့ဖြိုးဖို့ ကိုယ်တိုင်ပါဝင်ဆုံးဖြတ်လို့၊ မိသားစု စီမံကိန်းချမှတ်စို့"** **"Family Planning: Empowering People, Developing Nations"** ဖြစ်ပါကြောင်း၊ ယခုနှစ်ဆောင်ပုဒ်၏ အဓိကဦးတည်ချက်သည် လုံခြုံစိတ်ချရသည့်မိသားစုစီမံကိန်းများကို အမျိုးသမီးများကိုယ်တိုင် လိုလိုလားလားချမှတ်ဆောင်ရွက်လာစေရေး စီမံဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း။



**ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရှင်းလင်းပြောကြားစဉ်**

ကုလသမဂ္ဂ၏ ခန့်မှန်းတွက်ချက်မှုအရ ယနေ့ကမ္ဘာ့လူဦးရေသည် ၇ ဒသမ ၅ ဘီလီယံခန့် ရှိနေပြီဖြစ်ပါကြောင်း၊ ခရစ်နှစ် ၂၀၃၀ တွင် နောက်ထပ် ၁ ဘီလီယံတိုးလာပြီး ခရစ်နှစ် ၂၁၀၀ တွင် ၄ ဘီလီယံ ထပ်မံတိုးလာလိမ့်မည်ဟု ခန့်မှန်းထားကြပါကြောင်း၊ ထိုသို့ တိုးလာသည့် လူဦးရေအတွက် စားနပ်ရိက္ခာများ၊ ရေနှင့်အခြား အသုံးဝင်သယံဇာတများ ထပ်မံတိုးမြှင့် လိုအပ်လာမည်ဖြစ်ပါကြောင်း။

မွေးဖွားနှုန်းကိုကြည့်လျှင် ၁၉၅၀-၁၉၅၅ ခုနှစ် ဝန်းကျင်က မိခင်တစ်ဦး၏ မွေးဖွားနှုန်းသည် ကလေး ငါးဦးနှုန်းရှိခဲ့ပြီး ၂၀၁၀-၂၀၁၅ ခုနှစ်တွင် ၂ ဒသမ ၅၁ ဦးနှုန်း ကျဆင်းလာသည်ကိုတွေ့ပါကြောင်း၊ ၂၀၅၀ ဝန်းကျင်တွင် ၂ ဒသမ ၂၅ ဦးနှုန်း ကျဆင်းလာမည်ဟု ခန့်မှန်းထားကြပါကြောင်း၊ မွေးဖွားနှုန်းကျဆင်းလာသော်လည်း ၂၀၅၀ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် ၉ ဒသမ ၇ ဘီလီယံထိ ရောက်ရှိလာနိုင်ကြောင်းလည်း မျှော်မှန်းထားကြပါကြောင်း၊ ၂၀၅၀ ခုနှစ်တွင်ရှိလာမည့် လူဦးရေ ၉ ဒသမ ၇ ဘီလီယံကို ကြည့်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၈ ဒသမ ၄ ဘီလီယံနှင့် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများတွင် ၁ ဒသမ ၃ ဘီလီယံရှိမည်ဟုလည်း ကြိုတင်ခန့်မှန်းထားကြပါကြောင်း။

ကလေးမွေးဖွားနှုန်း မြင့်မားလာခြင်းသည် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်နေပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှ ပြည်သူများသည် အလွန်အမင်းဆင်းရဲနွမ်းပါးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကလေးမွေးဖွားနှုန်း မြင့်မားနေဆဲဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယနေ့ကာလတွင် လူဦးရေတိုးနှုန်းကို လျှော့ချရန် နည်းလမ်းများစွာရှိနေသည့်အထဲမှ အထိရောက်ဆုံး နည်းလမ်းတစ်ခုသည် မိသားစုစီမံကိန်း နည်းလမ်းများကို ထိထိရောက်ရောက် အသုံးချနိုင်စေရန် ပံ့ပိုးပေးခြင်းပင် ဖြစ်ပါကြောင်း၊ မိသားစုစီမံကိန်းများရှိခြင်းအားဖြင့် လူ့အခွင့်အရေးများ မြှင့်တင်ပေးနိုင်ပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်သည့်အပြင် ကျန်းမာရေး၊ ပညာရေးနှင့် ကျား၊ မ သာတူညီမျှရှိရေးအပါအဝင် လူမှုဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက မိသားစုစီမံကိန်း နည်းလမ်းများချမှတ်ပေးခြင်းနှင့် ဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်းသည်လည်း ကျန်းမာရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ၏ အဓိကရည်မှန်းချက်ပန်းတိုင်များပင် ဖြစ်ပါကြောင်း၊ သက္ကရာဇ် ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင်များတွင် မိသားစုစီမံကိန်းလည်းပါဝင်ပါကြောင်း၊ အဆိုပါ ပန်းတိုင်များကို ရောက်ရှိရန်အတွက် အမျိုးသမီးများ၏ မျိုးဆက်ပွားအခွင့်အရေးများကို နားလည်အသုံးချနိုင်စွမ်း အပေါ်တွင်လည်း မူတည်နေပါကြောင်း။

ခေတ်မီသားဆက်ခြား နည်းလမ်းများကို ရရှိအသုံးပြုနိုင်ခဲ့မည်ဆိုပါက ကမ္ဘာတစ်ဝန်းမှ သန်း ၆၀ သော အမျိုးသမီးများအနေဖြင့် မလိုချင်ဘဲ ကိုယ်ဝန်ဆောင်ရခြင်းကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၆ ခုနှစ်တွင် သေဆုံးခဲ့ရသည့် ကိုယ်ဝန်ဆောင်မိခင် ပေါင်းသုံးသိန်း၏ သုံးပုံတစ်ပုံခန့်ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ မိသားစုစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ကမ္ဘာတစ်ဝန်းတွင်ရှိသည့် အမျိုးသမီးများနှင့်ဇနီးမောင်နှံများ၏ ကျန်းမာရေးနှင့် အခွင့်အရေးများရရှိစေရန် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ပါကြောင်း။

သန်းပေါင်းများစွာသော အမျိုးသမီးများကို ကလေးအနည်းငယ်သာမွေးရန်၊ သင့်တင့်သည့် အသက်အရွယ်မှသာ မိသားစုဘဝကိုစတင်ရန်၊ ပညာရေးဆုံးခန်းတိုင်စေရန်၊ ပိုမိုကောင်းမွန်သည့် ဘဝများကိုတည်ဆောက်နိုင်စေရန်နှင့် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရန်စသည့် အနာဂတ်မိသားစုစီမံကိန်းများကို ၎င်းတို့ကိုယ်တိုင် လိုလိုလားလား ပါဝင်ဆောင်ရွက်လာစေရန် မိမိတို့ကူညီပေးကြရမည် ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင် မိသားစုအရွယ်အစား ဘယ်ရွေ့ဘယ်မျှဖြစ်ရမည်ဟု သတ်မှတ်ထားခြင်းမရှိပါကြောင်း၊ တစ်ဦးချင်းစီ၏ ရွေးချယ်မှုပင်ဖြစ်ပါကြောင်း၊ ဇနီးမောင်နှံများအနေဖြင့် ၎င်းတို့၏ ရင်သွေးဦးရေကို ၎င်းတို့ကိုယ်တိုင်ရွေးချယ်နိုင်ကြပါကြောင်း။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေသည် ၂၀၁၇ ခုနှစ်တွင် ၅၃ ဒသမ ၄ သန်းခန့် ရှိလာနိုင်ပါကြောင်း၊ ထိုအထဲတွင် အသက် ၁၅ နှစ်မှ ၄၉ နှစ်ကြား ကလေးမွေးနိုင်သည့်အရွယ် အမျိုးသမီး ၁၅ သန်းခန့်ရှိနိုင်ပါကြောင်း၊ မွေးဖွားနှုန်းနိမ့်သည့် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ ကလေးမွေးဖွားနှုန်းသည် အတန်အသင့် မြင့်မားနေဆဲဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အမျိုးသမီးတစ်ဦးသည် ကလေး ၂ ဒသမ ၅ ယောက်နှုန်း မွေးဖွားသည်ကိုတွေ့ရပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကြားတွင် မွေးဖွားမှုနှုန်းသည် ကွာဟမှုမြင့်မားနေသည်ကို တွေ့ရှိရပါကြောင်း၊ ချင်းပြည်နယ်တွင် အမျိုးသမီးတစ်ဦး၏ ကလေးမွေးဖွားနှုန်းသည် ငါးယောက်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်ယောက်နှုန်းထက် လျော့နည်းသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။



**Ms. Renata Lok-Dessallien နှုတ်ခွန်းဆက်စကားပြောကြားစဉ်**

ယေဘုယျအားဖြင့် ကလေးမွေးဖွားနှုန်းသည် သန္ဓေတားနည်းအသုံးပြုမှုနှင့် ပြောင်းပြန်အချိုးကျနေသည်ကို တွေ့ရပါကြောင်း၊ မိမိတို့နိုင်ငံတွင် အိမ်ထောင်သည် အမျိုးသမီးအားလုံးနီးပါးသည် သန္ဓေတားနည်းများနှင့် ပတ်သက်သည့် ဗဟုသုတရှိကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ခေတ်မီသန္ဓေတားနည်းသုံးစွဲမှု ၅၀ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၆၀ ရာခိုင်နှုန်းရောက်ရှိစေရမည်ဟု ၂၀၁၃ ခုနှစ်က ထုတ်ဖော်ပြောကြားခဲ့ပါကြောင်း၊ စစ်တမ်းများအရ ၂၀၀၇ ခုနှစ်တွင် အသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်း အိမ်ထောင်သည်အမျိုးသမီးများ၏ ခေတ်မီသားဆက်ခြား ဆေးဝါးသုံးစွဲမှုနှုန်းသည် ၃၈ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ၅၁ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်သည့် မိသားစုကျန်းမာရေးစီမံကိန်း ၂၀၂၀ တွင် ပါဝင်ကတိပြုထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်ကြောင်းကို ပြသခြင်းဖြစ်ပါကြောင်း၊ သို့သော်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီး ခြောက်ဦး၌ တစ်ဦးသည် သားဆက်ခြားဆေးဝါးများ သုံးချင်သော်လည်း အသုံးပြုနိုင်ခြင်းမရှိသည်ကို တွေ့ရပါကြောင်း။

ထို့ကြောင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် "မျိုးဆက်ပွားကျန်းမာရေး ငါးနှစ်တာမဟာဗျူဟာစီမံကိန်း(၂၀၁၄-၂၀၁၈)"ကို ရေးဆွဲပြီး မြန်မာနိုင်ငံ၏ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များကို ဟန်ချက်ညီညီဖြင့် ထိရောက်စွာဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီစီမံကိန်း၏ ရည်ရွယ်ချက်သည် သန္ဓေတားဆေး အသုံးပြုလိုသော်လည်း အသုံးမပြုနိုင်သည့် ရာခိုင်နှုန်းကို လျှော့ချရန်၊ မလိုချင်ဘဲ ကိုယ်ဝန်ဆောင်ရခြင်းကို လျှော့ချနိုင်ရန်နှင့် သန္ဓေတားနည်းများကို လက်လှမ်းမမီဖြစ်နေသည့် လူမှုစီးပွားအခြေအနေကွာဟမှုများကို လျှော့ချနိုင်ရန် ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ တစ်သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂ ဒသမ ၈ သန်း သုံးစွဲပြီး ဝေးလံခေါင်ဖျားဒေသမှ ပြည်သူများနှင့် ဆင်းရဲနွမ်းပါးသူများကို မိသားစုစီမံကိန်းဆိုင်ရာ ပစ္စည်းများ ထောက်ပံ့နိုင်ခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်ရာ သန်းခေါင်စာရင်းအရ ကလေးအရှင် တစ်သိန်းမွေးဖွားတိုင်း မိခင် ၂၈၂ ဦး သေဆုံးနေဆဲဖြစ်သည်ဟု သိရပါကြောင်း၊ ၁၉၉၀ ခုနှစ်က သားဖွားမိခင်သေနှုန်းသည် ၅၂၀ ရှိခဲ့သောကြောင့် ၂၀၁၄ ခုနှစ်တွင် တစ်ဝက်လောက် လျော့ကျခဲ့သည်ဟု ဆိုနိုင်ပါကြောင်း၊ မိခင်နှင့်မွေးကင်းစကလေးသေဆုံးမှုများ၊ နာမကျန်းဖြစ်မှုများကို လျှော့ချနိုင်ရန်အတွက် မိခင်နှင့်ကလေးစောင့်ရှောက်မှုနှင့် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုလုပ်ငန်းများကို လုပ်ဆောင်ရန် လိုအပ်သကဲ့သို့ တိုက်ရိုက်ဆက်စပ်နေသည့် မိသားစုစီမံကိန်းနှင့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ အရည်အသွေးပိုမိုကောင်းမွန်စေရန်နှင့် လူတိုင်းလက်လှမ်းမီအောင် ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း၊ အလားတူ ပညာရေးဝန်းကျင်များတွင်လည်း သင့်လျော်သည့် မျိုးဆက်ပွားပညာပေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံတွင် အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေများပြားနေခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းတစ်ရပ် ဖြစ်ပါကြောင်း၊ ဤအခြေအနေကို **"လူဦးရေဆုလာဘ်"** ရရှိနေခြင်းဖြစ်သည်ဟု တင်စား၍ရပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် မှီခိုသည့် လူဦးရေထက် အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးအစားများနေပြီဆိုပါက တစ်ဦးချင်းဝင်ငွေမြင့်မားလာမည်ဖြစ်ပါကြောင်း။

လူဦးရေဆုလာဘ်သည် Asian tigers ဟုခေါ်သည့် နိုင်ငံများတွင် စီးပွားရေး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေသည့် အဓိကမောင်းနှင်အားတစ်ခု ဖြစ်ခဲ့ပါကြောင်း၊ ထို့ကြောင့် အာရှနိုင်ငံအများစုသည် ယင်းဆုလာဘ်ကို အမိအရ ဆုပ်ကိုင်နိုင်ရန် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ Asian tigers များကဲ့သို့ ဖြစ်လာစေရန် မွေးနှုန်းနှင့် သေနှုန်းများ မြန်မြန်ဆန်ဆန် လျော့ကျရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Renata Lok-Dessallien က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ဖြစ်သည့် **"တိုင်းပြည်သာယာဖွံ့ဖြိုးဖို့ ကိုယ်တိုင်ပါဝင်ဆုံးဖြတ်လို့၊ မိသားစုစီမံကိန်းချမှတ်စို့"** နှင့် ပတ်သက်သည့် Animation Video Clip ပြသခြင်းနှင့် ၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်သီချင်းဖြင့် တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ခြင်းတို့ကို ဆောင်ရွက်ကြပြီး တေးသရုပ်ဖော်ဖျော်ဖြေ တင်ဆက်သော လူငယ်အဖွဲ့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က အမှတ်တရလက်ဆောင်များ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် အဆိုပါခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပြခန်းငယ်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။ **(သတင်းစဉ်)**

---

❇ *ကျောဖုံးမှ*

ဩဂုတ် ၁၃ ရက်တွင် မြန်မာ ယူ-၁၈ အသင်းနှင့် အင်တာမီလန် ယူ-၁၈ အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲစလုံးကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့်အသင်းဖြစ်ပြီး နောက်ဆုံးခြေစမ်းပွဲအဖြစ် အင်တာမီလန် လူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားခြင်း ဖြစ်သည်။

ယင်းခြေစမ်းပွဲများကို မူလက ဩဂုတ် ၁၂၊ ၁၄ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကျင်းပမည့်ရက် စောသွားသောကြောင့် ကစားမည့်ရက်များ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် အချိန်ယူပြင်ဆင်လျက်ရှိပြီး ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲများနှင့် ပြိုင်ပွဲများ ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာ ယူ-၁၈ အသင်းသည် စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် ၂၀၁၇ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ၊ နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည့် အာရှ ယူ-၁၉ ခြေစစ်ပွဲတို့အတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် အင်တာမီလန် ယူ-၁၈ အသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းကို နည်းပြချုပ်အဖြစ် ပြင်သစ်နိုင်ငံသား ဘန်လာဘီက ကိုင်တွယ်လျက်ရှိပြီး ဖီးနစ်အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် ပထမတန်းအမှတ်ပေးပြိုင်ပွဲပြီးဆုံးပါက ပဏာမကစားသမား ၂၅ ဦးဖြင့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲအတွက် ပြင်ဆင်သွားမည်ဖြစ်သည်။

စီးရီးအေကလပ် အင်တာမီလန် အသင်းသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မိတ်ဖက်ဆောင်ရွက်ရန် ကမ်းလှမ်းမှုများ ပြုလုပ်ထားပြီး ခြေစမ်းပွဲအတွက် သဘောတူညီမှုရရှိခဲ့ခြင်း ဖြစ်သည်။ အင်တာမီလန်လူငယ်အသင်းများနှင့် ခြေစမ်းပွဲကစားခွင့်ရရှိသောကြောင့် မြန်မာလူငယ်အသင်းများ အနေဖြင့် အတွေ့အကြုံကောင်းများ ရယူနိုင်မည်ဖြစ်သည်။

# ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်အတွင်း ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၁၁**

မြန်မာနိုင်ငံ၌ တရားဝင်ခရီးရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီး၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရတ်ဆုတ်ခွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။



ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီးနှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်နှင့် လိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကြကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်မုခ် ရတနာဆင်ဖြူတော်ဆောင်ရှိ ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အမျိုးသားပြတိုက်သို့ ရောက်ရှိပြီး ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ **(ဝဲပုံ)** ထို့မှတစ်ဆင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိပြီး ကျောက်မျက်ရတနာ ပြတိုက်အရောင်းခန်းမအတွင်းရှိ ပြခန်းများ၊ မြန်မာ့ကျောက်မျက်ရတနာများ၊ ပုလဲနှင့် ကျောက်စိမ်း လက်ဝတ်ရတနာများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

# မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယတပ်မတော် အမှတ်(၁၁)တပ်မမှူး ဂုဏ်ပြုညစာဖြင့်ဧည့်ခံ



နေပြည်တော် ဇူလိုင် ၁၁

**အိန္ဒိယသမ္မတနိုင်ငံ အာမက်ဒါဘတ်မြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၁၀ ရက် ညပိုင်းတွင် အမှတ်(၁၁)တပ်မမှူး Maj. Gen. ANIL PURI က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ဖျော်ဖြေရေးအဖွဲ့များက ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မစစ်တီးဝိုင်းအဖွဲ့အားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက ဖျော်ဖြေရေးအဖွဲ့များအားလည်းကောင်း လက်ဆောင်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမှတ်(၁၁)တပ်မမှူးမှ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာအား အတူတကွ သုံးဆောင်ကြသည်။ **(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယတပ်မတော်အမှတ်(၁၁)တပ်မမှူး Maj. Gen. ANIL PURI က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်** (သတင်းစဉ်)

# ဂျပန်နိုင်ငံငြိမ်းချမ်းရေးခေါင်းလောင်းထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကုလသမဂ္ဂငြိမ်းချမ်းရေးခေါင်းလောင်း၏ ပုံစံတူကို ပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၁**

ဂျပန်နိုင်ငံ ငြိမ်းချမ်းရေးခေါင်းလောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကုလသမဂ္ဂ ငြိမ်းချမ်းရေးခေါင်းလောင်း၏ ပုံစံတူကို မြန်မာနိုင်ငံသို့ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက အမျိုးသားပြတိုက် (နေပြည်တော်)၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ဂျပန်နိုင်ငံ ငြိမ်းချမ်းရေးခေါင်းလောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စစ် စဲကိုတာကစဲက ကုလသမဂ္ဂ ငြိမ်းချမ်းရေးခေါင်းလောင်းပုံစံတူ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကျေးဇူးတင်စကားပြောကြားရာ ယနေ့ နေပြည်တော်တွင် ဂျပန်နိုင်ငံ ငြိမ်းချမ်းရေးခေါင်းလောင်းထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်းမှ ကုလသမဂ္ဂငြိမ်းချမ်းရေးခေါင်းလောင်း၏ ပုံစံတူခေါင်းလောင်းကို မြန်မာနိုင်ငံသို့လှူဒါန်းသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် ဂျပန်နိုင်ငံ ငြိမ်းချမ်းရေးခေါင်းလောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်းမှ ဒုတိယဥက္ကဋ္ဌ မစ္စစ် စဲကိုတာကစဲကို ကျေးဇူးတင်ပါကြောင်း၊ ငြိမ်းချမ်းရေးကို ရည်ရွယ်ပြီး လှူဒါန်းခြင်းသည် မွန်မြတ်၍ တန်ဖိုးရှိလှသော လုပ်ဆောင်မှုတစ်ခုဖြစ်ကြောင်း၊ မစ္စတာ ချိရိုဂျီနာကဂါဝါ၏ ကမ္ဘာတစ်ဝန်းလုံး ငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်ချက်ကို အမွေဆက်ခံ အကောင်အထည်ဖော် ဆောင်ရွက်နေသော ကောင်းမွန်သည့် လှုပ်ရှားမှုတစ်ခုဖြစ်ပါကြောင်း၊ နှစ်နိုင်ငံငြိမ်းချမ်းရေးကို တိုးမြှင့်ပေးနေသည့် အခြေခံတစ်ခုအဖြစ် ရပ်တည်မည်ဟု ယုံကြည်ကြောင်း၊ ငြိမ်းချမ်းရေးသည် ပျော်ရွှင်မှုနှင့်တိုးတက်မှုကို ဖန်တီးပေးကြောင်း၊ ငြိမ်းချမ်းရေးမရှိလျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်း၍ မရနိုင်ပါကြောင်း၊ အကြမ်းဖက်မှုနှင့် ပဋိပက္ခများရှိနေသရွေ့ တိုးတက်မှုလည်း မရနိုင်ပါကြောင်း၊ ယုံကြည်မှုသည် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်ပါကြောင်း၊ ယုံကြည်မှုမရှိပါက စစ်မှန်သောငြိမ်းချမ်းရေးမရနိုင်ပါကြောင်း ပြောကြားသည်။



ငြိမ်းချမ်းရေးက စီးပွားရေးလုပ်ဆောင်မှုများ ကောင်းမွန်လာခြင်း၊ လူ့ဘောင်အဖွဲ့အစည်းတို့ ပိုမိုပါဝင်လာနိုင်ခြင်း၊ ကောင်းမွန်သော ဂေဟဗေဒစနစ် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးစသည့် ကောင်းမွန်သောပတ်ဝန်းကျင်ကို ပံ့ပိုးပေးကြောင်းနှင့် ကမ္ဘာပေါ်ရှိ ပြည်သူများကလည်း စစ်ပွဲများကို မနှစ်သက်ဘဲ စစ်ပွဲများသည် ဆုံးရှုံးခြင်းနှင့် ဒုက္ခဆင်းရဲခြင်းတွေကိုသာ ဖြစ်ပေါ်စေနိုင်ကြောင်း၊ တိုက်ခိုက်မှုများကို ရပ်ပြီး ငြိမ်းချမ်းရေးနှင့် ယုံကြည်မှုကိုတည်ဆောက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များသည် ငြိမ်းချမ်းစွာဖြင့် စဉ်ဆက်မပြတ်အတူယှဉ်တွဲ နေထိုင်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြိုးပမ်းအားထုတ်နေသကဲ့သို့ ပြည်သူများကလည်း ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးရရှိရေးကို နှစ်ပေါင်းများစွာကတည်းကပင် တမ်းတမျှော်လင့်နေကြပါကြောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်နေသည့်အတွက် မကြာမီပြည်သူများ၏ မျှော်လင့်ချက်ပြည့်ဝလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုလှူဒါန်းသည့် ခေါင်းလောင်းပုံစံငယ်မှာအလေးချိန် လေးကီလိုဂရမ်၊ အချင်း ၁၅၀ မီလီမီတာ၊ အမြင့် ၂၆၅ မီလီမီတာရှိပြီး နိုင်ငံပေါင်း ၆၅ နိုင်ငံမှ လှူဒါန်းသည့် ရှေးဟောင်းဒင်္ဂါးများ၊ ဂျပန်ဓားများ၊ ကျည်ဆန်ခွံများ၊ ကြေးတံဆိပ်များ ပေါင်းစုသွန်းလုပ်ခဲ့ကာ တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲပါစေဟူသည့် ခန်းဂျီစာလုံးရှစ်လုံးကို ရေးထိုးထားကြောင်းနှင့် ၁၉၅၄ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ကုလသမဂ္ဂသို့ အဆိုပါခေါင်းလောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ ပထမဦးဆုံးခေါင်းလောင်းပုံစံငယ်ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ဖူးကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ဖွံ့ဖြိုးဆဲနိုင်ငံများမှ နိုင်ငံ့ဝန်ထမ်းများ၏ ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားတက်ကြွလာစေရေးအတွက် ကမ္ဘာ့နိုင်ငံများမှ သတ်မှတ်ကျင့်သုံးသည့် နည်းလမ်းများကို လေ့လာဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်အား ထုတ်ပြန်ကြေညာသည့် အခမ်းအနားနှင့် ဆက်စပ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများမှ နိုင်ငံ့ဝန်ထမ်းများ၏ ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားတက်ကြွလာစေရေးအတွက် ကမ္ဘာ့နိုင်ငံများမှ သတ်မှတ်ကျင့်သုံးသည့် နည်းလမ်းများကို လေ့လာဆွေးနွေးခြင်း (Global Study on Intrinsic Motivation in Developing Countries) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဗဟိုအဖွဲ့အစည်းနှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပ အရပ်ဘက်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနား ပထမပိုင်းတွင် "ပြည်သူ့ကဏ္ဍ ထိရောက်မှုအတွက် အခြေခံဖြစ်သော ထက်သန်တက်ကြွမှု" ခေါင်းစဉ်အောက်တွင် နယူးဇီလန်နိုင်ငံ State Services Commission မှ ယခင် ဒုတိယကော်မရှင်နာမင်းကြီး မစ္စတာ ရိုင်ယန်အောရိန့်ချ်က "လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မှုအတွက် အခြေခံဖြစ်သော ထက်သန်တက်ကြွမှု ပြောင်းလဲမှုကို တွန်းအားပေးမည့် အတွင်းစိတ်မှ လှုံ့ဆော်သောထက်သန်တက်ကြွမှုနှင့် ပြင်ပမှ လှုံ့ဆော်သော ထက်သန်တက်ကြွမှု" ခေါင်းစဉ်ဖြစ်လည်းကောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) Global Center for Public Service Excellence မှ အကြီးတန်းအကြံပေးအရာရှိ ဒေါက်တာ နိုက်ဂျယ်ဂိုးက "ပြည်သူ့ဝန်ထမ်းများ၏ ထက်သန်တက်ကြွမှု - ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သက်ရောက်မှုများ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု အင်ဒီယာနာ တက္ကသိုလ်မှ ပါမောက္ခဂျိန်းပယ်ရီ၏ "ပြည်သူ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်း (၁၉၉၀ ပြည့်နှစ်မှ ယနေ့အထိ)" ခေါင်းစဉ်ဖြင့် လည်းကောင်း တင်ပြဆွေးနွေးကြပြီး တက်ရောက်လာကြသူများကလည်း သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့် နိုင်ငံတကာပညာရှင်များမှ ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်တွင် အဖွဲ့လိုက်ဆွေးနွေးခြင်းကို စတင်ရာ "ပြည်သူ့ဝန်ထမ်းများ၏ စိတ်အားထက်သန်တက်ကြွမှု၊ ဝန်ထမ်းများ၏ ပါဝင်ဆောင်ရွက်မှု"၊ "သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ၏ အခန်းကဏ္ဍနှင့် တာဝန်ခံမှု၊ ဆန်းသစ်တီထွင်မှု" နှင့် "ခေါင်းဆောင်မှု"၊ "ထက်သန်တက်ကြွမှုအကြောင်း ကမ္ဘာလုံးဆိုင်ရာလေ့လာမှု" အကြောင်းအရာများအပေါ် အဖွဲ့ငါးဖွဲ့ခွဲကာ အုပ်စုလိုက်ဆွေးနွေးခြင်း၊ အဖွဲ့လိုက်ဆွေးနွေးမှုအားတုံ့ပြန်ဆွေးနွေးအတည်ပြု ပြန်လည်အစီရင်ခံတင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီး ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသော ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြချက်များအပေါ် အသေးစိတ် ဆွေးနွေးပြီး အမြင်ချင်းဖလှယ်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တတိယအကြိမ် ဟိမဝန္တာဖြတ်ကျော် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကျင်းပ

**မန်စီ ဇူလိုင် ၁၁**

တတိယအကြိမ် ဟိမဝန္တာဖြတ်ကျော် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ မန်စီမြို့ ဥဒေါင်းကန်သာဟိုတယ်တွင် ယမန်နေ့နံနက် ဒေသစံတော်ချိန် ၉ နာရီက ကျင်းပရာ တရုတ်၊ အိန္ဒိယ၊ အာဖဂန်နစ္စတန်၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ နီပေါ၊ ဘူတန်နှင့် မော်လဒိုက်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ CICIR မှ ဥက္ကဋ္ဌ Prof.Ji Zhiye၊ မြန်မာနိုင်ငံမှ ဒုတိယသမ္မတ (ငြိမ်း) ဒေါက်တာစိုင်းမောက်ခမ်း၊ BIMSTEC အဖွဲ့မှအတွင်းရေးမှူးချုပ် Amb. Sumith Nakandala၊ ရွှေလီအလေးပေးဖွံ့ဖြိုးတိုးတက်မှုတံခါးဖွင့်စမ်းသပ်ရေးဇုန်၊ အတွင်းရေးမှူး Mr. Wang Junqiang တို့က အမှာစကားများ ပြောကြားကြသည်။

ဖိုရမ်အား "ထုတ်လုပ်မှုစွမ်းရည်ပူးပေါင်းဆောင်ရွက်မှုနှင့် အတူတကွ ဖွံ့ဖြိုးတိုးတက်မှု"ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ကုန်ထုတ်စွမ်းအားစု တိုးတက်လာရေးကုန်ထုတ်စွမ်းအား မြင့်မားလာရေးအတွက် မူဝါဒများချမှတ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ မြင့်မားလာစေရန်၊ ကုန်ထုတ်စွမ်းအားစုများတိုးတက်လာရေး ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့် အခွင့်အရေးများကိုရယူနိုင်ရန်နှင့် စိန်ခေါ်မှုများအပေါ် ရင်ဆိုင်ဖြေရှင်းနိုင်ရန်၊ ကောင်းမွန်မှန်ကန်သော အဆိုပြုချက်များ ဖော်ထုတ်နိုင်ရန် ဆွေးနွေးသွားကြမည်ဖြစ်သည်။

ယခုကျင်းပသည့်ဖိုရမ်အား တရုတ်နိုင်ငံ ခေတ်သစ်နိုင်ငံတကာဆက်ဆံရေး သုတေသနအကယ်ဒမီ၊ တယ်ဟုန်ပြည်နယ်ခွဲပါတီကော်မတီနှင့် ပြည်သူ့အစိုးရဌာနတို့မှ ကြီးမှူး၍ ရွှေလီအလေးပေးဖွံ့ဖြိုးတိုးတက်မှု တံခါးဖွင့်စမ်းသပ်ရေးဇုန် ဘက်စုံအထွေထွေဌာန၊ တယ်ဟုန်ပြည်နယ်ခွဲ လူမှုသိပ္ပံအကယ်ဒမီ(တရုတ်-မြန်မာဆက်ဆံရေးသုတေသနဌာန)တို့မှ တာဝန်ယူပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **အေးမြ(မန္တလေး)**

# ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**

**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။ )**

**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ (ဂ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( ခ ) **မြစ်** ဆိုသည်မှာ ချောင်းများစီးဝင်ရာမှ ဖြစ်ပေါ်လာသော သဘာဝရေစီးကြောင်းကို ဆိုသည်။

( ဂ ) **ချောင်း** ဆိုသည်မှာ သဘာဝရေအရင်းအမြစ်များစုစည်း၍ တစ်နေရာမှ တစ်နေရာသို့ စီးဆင်းသော ရေစီးကြောင်းကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (စ) တွင်ပါရှိသော "သို့ရာတွင် ကုန်းနှင့်တစ်ဆက်တည်း တည်ရှိသော ကျွန်းများမပါဝင်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

( ဂ ) ပုဒ်မခွဲ (ဠ) တွင်ပါရှိသော " မြစ်ချောင်းများ ပြုပြင်ထိန်းသိမ်းရန်" ဆိုသည့် စကားရပ်၏နောက်တွင် " နှင့်ဖွံ့ဖြိုးတိုးတက်စေရန်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ(ဠ)၏ နောက်တွင် ပုဒ်မခွဲ (ဠ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဠ-၁) **ကမ်းထိန်းအဆောက်အအုံ**ဆိုသည်မှာ မြစ်ချောင်းများ၏ ကမ်းပါးနယ်များ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရန် သော်လည်းကောင်း၊ ကမ်းပါးတည်ငြိမ်မှု ရှိရေးအတွက် သော်လည်းကောင်း တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။"

( င ) ပုဒ်မခွဲ (ဍ) ၏ နောက်တွင် ပုဒ်မခွဲ (ပ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ပြီး မူလပုဒ်မခွဲ (ပ)ကို ပုဒ်မခွဲ (ဖ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်-

"( ပ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။"

(စ) ပုဒ်မခွဲ(ပ)တွင်ပါရှိသော " ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ" ဆိုသည့်စကားရပ်ကို " ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေတွင်ပါရှိသော "ပို့ဆောင်ရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို " ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄ တွင်-

(က) ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

( ခ) ပုဒ်မခွဲ(င) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(င) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ကမ်းနားနယ်အသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ အပဖြစ်သောအခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများ ထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခများ သတ်မှတ်ခြင်း။"

၅။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၅တွင်-

(က) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) မြို့များအလိုက် စိုးရိမ်ရေမှတ်များသတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရန်အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။"

(ခ) ပုဒ်မခွဲ (ဇ) တွင် ပါရှိသော "ရေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက်" ဆိုသည့်စကားရပ်၏ရှေ့တွင် "မြစ်ချောင်းများတွင်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (ဋ) ၏ နောက်တွင် ပုဒ်မခွဲ (ဋ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ-၁) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ် တူးဖော်ခွင့်ပြုရန် လျှောက်ထားချက်ကိုစိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။"

(ဃ) ပုဒ်မခွဲ(ပ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ပ) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ကမ်းနားနယ်အသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများ ထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခများ ကောက်ခံခြင်း။"

၆။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၆တွင်-

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ဂ) နှင့်ပုဒ်မခွဲ (ဆ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ကမ်းထိန်းအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ရေလမ်းထိန်းအဆောက်အအုံ၊ လွှန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းတည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ ရေဆင်းလမ်း၊ ရေဆင်းတံတား ဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်ခြင်း၊စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပ ဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ရေအသုံးပြုခြင်း၊ လုပ်ကိုင်ခွင့်လျှောက်ထားခြင်းအပေါ် စိစစ်၍ခွင့်ပြုချက် ထုတ်ပေးခြင်း။"

(ဂ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံများ၊ တံတားများဆောက်လုပ်ခွင့်နှင့် ပြင်ဆင်ခွင့်လျှောက်ထားခြင်းတို့အပေါ် စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ သဘောထားမှတ်ချက် ပေးခြင်း။

(ဆ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာသဲကျုံးခြင်း၊ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ မြစ်ကျောက်ထုတ်ခြင်းနှင့် ချောင်းကျောက်ထုတ်ခြင်းများ လုပ်ကိုင်ခွင့်လျှောက်ထားချက်အပေါ် မြစ်ချောင်းရေလမ်းကြောင်းများ၊ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့ ထိခိုက်နိုင်ခြင်းရှိမရှိစိစစ်၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့ အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း၊"

( ခ ) ပုဒ်မခွဲ (ဆ) ၏နောက်တွင် ပုဒ်မခွဲ (ဆ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဆ-၁) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတ ထုတ်ယူခြင်း၊ နည်းလမ်းအမျိုးမျိုးဖြင့် ရေလုပ်ငန်းဆောင်ရွက်ခြင်းများ လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် မြစ်ချောင်းရေလမ်းကြောင်းများ၊ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့ ထိခိုက်နိုင်ခြင်းရှိ မရှိ စိစစ်၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း။"

( ဂ ) ပုဒ်မခွဲ(ဇ)တွင်ပါရှိသော " မြစ်ချောင်းများအတွင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ(ဇ)၏ နောက်တွင် ပုဒ်မခွဲ(ဈ)နှင့် ပုဒ်မခွဲ(ည)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာအသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။

(ည) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆက်စပ်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ချက်အရ မြစ်ချောင်းများအတွင်း တိုးချဲ့၍ မြေဖို့ပြုပြင်ခြင်းကြောင့် ရရှိလာသော မြေဧရိယာအား ဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။"

၇။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ ဦးစီးဌာနသည် မိမိလုပ်ငန်းတာဝန်များကို လိုအပ်ပါက မိမိလက်အောက်ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးရုံးများ၊မြို့နယ်ဦးစီးမှူးရုံးများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။"

၈။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၅။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ-

(က) ရေလမ်းထိန်းအဆောက်အအုံ၊ လွှန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် ဗောတံတား၊ ရေဆင်းလမ်း၊ ရေဆင်းတံတား ဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်ခြင်း၊ ယာယီမြစ်ကူးချောင်းကူးတံတား ဆောက်လုပ်ခြင်းမပြုရ။

(ခ) ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အလို့ငှာ မွေးမြူရေးကန်များ တူးဖော်ခြင်း မပြုရ။ "

၉။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂၃ တွင်-

"(က) ပုဒ်မခွဲ (က) တွင်ပါရှိသော " ပို့ဆောင်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ)တွင် ပါရှိသော "ဆောက်လုပ်ခြင်းမပြုရ" ဆိုသည့် စကားရပ်ကို " လမ်းများနှင့် ကမ်းထိန်းအဆောက်အအုံများ၊ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။"

၁၀။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၅ တွင် ပါရှိသော "ကျပ် ၅၀၀၀၀ ထက်မပိုသော ငွေဒဏ် "ဆိုသည့်စကားရပ်ကို "အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် ၁၀ သိန်းထက် မပိုသောငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၆ တွင်ပါရှိသော "ပြဋ္ဌာန်းချက်" ဆိုသည့်စကားရပ်ကို "တားမြစ်ချက်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကျပ် ၃၀၀၀၀ ထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ကို "အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ခုနစ်သိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၂။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၇ တွင် ပါရှိသော "ကျပ် ၁၀၀၀၀ ထက်မပိုသောငွေဒဏ်"ဆိုသည့်စကားရပ်ကို "အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းထက်မပိုသောငွေဒဏ် " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

" ၃၃။ The Obstructions in Fairways Act, 1881 ၊ The Defile Traffic Act, 1907၊ The Ports Act, 1908၊ ပြည်တွင်း ရေကြောင်းသွား ရေယာဉ်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၉)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၁) တို့နှင့် ယင်းဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။"

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း

**ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂။)**

**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်**

**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ပြည်သူ့စာရင်းကိုင်များပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ **The Public Accountants Default Act, 1850** ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပါရီသဘောတူညီချက်သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင် နိုင်ငံအဖြစ် ဝင်ရောက်နိုင်ပါက နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့ကူညီမှုများ ရရှိနိုင်မည်

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဒုတိယ ခြောက်လပတ်လျာထားမှုအပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၈/၂၀၁၇) ကို ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၁ ရက် မြောက်နေ့တွင် အတည်ပြုလိုက်သည်။

အဆိုပါ အစီအရင်ခံစာနှင့်စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက အခွန်အကောက်ခေါင်းစဉ်ကြီးလေးမျိုးကောက်ခံရရှိမှုအနေဖြင့် ၂၀၁၆-၂၀၁၇ ပထမ ၆ လတွင် ငွေကျပ် ၇၁၂၂ ဘီလီယံကျော်ရရှိသည့်အတွက် လျာထားချက်ပြည့်မီကျော်လွန်သည်ကို တွေ့ရပါကြောင်း၊ ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ တွင် ငွေကျပ် ၃၉၅၆ ဘီလီယံကျော်ရရှိပြီး ၂၀၁၆-၂၀၁၇ တွင် ငွေကျပ် ၄၅၇၄ ဘီလီယံရရှိသည့်အတွက် ယခင်နှစ်လျာထားချက်ထက်ပိုမိုရရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ကောက်ခံသည့် အခွန်အကောက်များမှ ၂၀၁၅-၂၀၁၆နှင့် ၂၀၁၆-၂၀၁၇ (၂)နှစ်လုံးတွင် မြေယာပေါ်မှ ကောက်ခံသည့် အခွန်၊ တာတမံခွန်၊ ဓာတ်သတ္တုခွန်ရငွေများသည် လျာထားချက်ထက် အဆပေါင်းများစွာ ကောက်ခံရရှိပါကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အခွန်ရငွေတွင် မှတ်ကောင်ဝတ်ဆံသွင်းအခွန်မှာ ဒုတိယခြောက်လတွင် လုံးဝမရှိသည်အတွက် အကြောင်းအရင်းကို တင်ပြသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၊ မန်တုံ မဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ သရက် မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ကျိုက်လတ် မဲဆန္ဒနယ်မှ ဦးရန်လင်း၊ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ပြင်ဦးလွင် မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေးနှင့် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်းတို့က အကြံပြုထောက်ပြဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

အဆိုပါ အစီရင်ခံစာကို လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ရှင်းလင်းချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို လွှတ်တော်က မှတ်တမ်းတင်သည်။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကျင်းပစဉ်

ထို့ပြင် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော တိုင်းဒေသကြီးအစိုးရအဖွဲ့များတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်သူ့ငွေစာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျိုတိုနောက်ဆက်တွဲ စာချုပ်၏ဒုတိယမြောက် ကတိကဝတ်ကာလဖြစ်သည့် ဒိုဟာပြင်ဆင်ချက်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ရန်ကိစ္စ၊ အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးပေးသွင်းရန်ကိစ္စနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပါရီသဘောတူညီချက်သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ရန်ကိစ္စတို့နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရှင်းလင်းတင်ပြသည်။

**ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ "ပါရီ" သဘောတူညီချက်သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံ ဝင်ရောက်ရန်ကိစ္စနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပါရီသဘော တူညီချက်သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ပါက မြန်မာနိုင်ငံ၏ NDC အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘဏ္ဍာငွေ၊ နည်းပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ အခွင့်အလမ်းများကို ကွန်ဗင်းရှင်းလက်အောက်ရှိ ရန်ပုံငွေထောက်ပံ့မှုနှင့် နည်းပညာထောက်ပံ့မှု အဖွဲ့အစည်းများဖြစ်သော အစိမ်းရောင် ရာသီဥတုရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအထောက်အပံ့အဖွဲ့၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နည်းပညာဗဟိုကွန်ရက်စသည့် အဖွဲ့အစည်းများအပြင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများစသည့် နိုင်ငံတကာအဖွဲ့ အစည်းများ၏ ထောက်ပံ့ကူညီမှုများကို ရရှိနိုင်မည်ဖြစ်ကြောင်း။

အကျိုးကျေးဇူးများအနေဖြင့် ကမ္ဘာတစ်ဝန်း ညီညွတ်မှုတစ္စာ မိမိနိုင်ငံအခြေအနေနှင့်သင့်လျော်သည့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးလုပ်ငန်းများကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်ခြင်းမှတစ်ဆင့် ယခု လက်ရှိ ကြုံတွေ့နေရသည့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများအား အနာဂတ်ကာလတွင် လျော့ပါးစေနိုင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်အား ရရှိနိုင်ခြင်း၊ ဈေးကွက်စီးပွားရေးအခြေခံ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချ ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်မှုမှ ရရှိလာသည့် Certified Emission Reduction(CER) အကျိုးအမြတ်မှ ရာသီဥတု ပြောင်းလဲမှုဒဏ် ထိခိုက်ခံစားလွယ်သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လိုက်လျောညီထွေနေထိုင်နိုင်ရေး လုပ်ဆောင်ချက်များအတွက် ရန်ပုံငွေအထောက်အပံ့ပိုမိုရရှိနိုင်ခြင်း၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားတိုးတက်မှုအပေါ် ထိခိုက်လျက်ရှိသည့် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများဖြစ်သော သဘာဝဘေးအန္တရာယ်များနှင့် ဆိုးရွားပြင်းထန်သော မိုးလေဝသအခြေအနေဖြစ်ပေါ်မှုအား ကျန်းမာပျော်ရွှင်မှုပိုမိုခံစားရနိုင်ခြင်းနှင့် အခြားအကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စများနှင့် စပ်လျဉ်း၍ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်း၊ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြကြသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားပြီး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက်လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

**မျိုးမြင့်(သတင်းစဉ်)**

# ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာသော လုပ်သားများကို စနစ်တကျကြိုဆိုမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အားပေးကြည့်ရှု

**မြဝတီ ဇူလိုင် ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် မြဝတီမြို့၌ ထိုင်းနိုင်ငံမှပြန်လည် ဝင်ရောက်လာသော ပြည်သူများကို ပြန်လည်ကြိုဆိုလက်ခံရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ကြိုဆိုလက်ခံရေးစခန်း၌ ဌာနဆိုင်ရာများက ကြိုဆိုလက်ခံရေးလုပ်ငန်းများ အဆင့်ဆင့် ဆောင်ရွက်ပေးနေပုံ၊ ထိုင်းနိုင်ငံဘက်သို့ တရားဝင်သွားရောက်ကြမည့် ပြည်သူများအတွက် ဌာနဆိုင်ရာများက လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ တပ်မတော်နှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများကို လေ့လာကြည့်ရှုကြသည်။

ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာကြသော ပြည်သူများအနေဖြင့် ၎င်းတို့၏နေရပ်သို့ စနစ်တကျ ပြန်လည်ရောက်ရှိကြောင်း သိရှိရပြီး ကြိုဆိုလက်ခံရေးစခန်းမှ စနစ်တကျ ဆောင်ရွက်ပေးနေမှုများကို ကျေးဇူးတင်ရှိကြောင်း၊ လိုအပ်ချက်များနှင့် အကြံပြုချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထပ်မံပြန်လည် ဝင်ရောက်လာကြမည့် ပြည်သူများအတွက်လည်း ကြိုဆိုလက်ခံပေးရန်အသင့်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံသို့ တရားဝင်အလုပ်လုပ်ကိုင်ရန် သွားရောက်ကြမည့် မြန်မာနိုင်ငံသားများအတွက် ဆောင်ရွက်ပေးနေမှု လုပ်ငန်းအဆင့်ဆင့်ကိုလေ့လာပြီး နှစ်ဖက်နိုင်ငံက သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် မြဝတီခရိုင် သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အရေးပေါ်လိုအပ်လျက်ရှိသော ဖိုက်ဘာစက်တပ်လှေဝယ်ယူရန် ငွေကျပ် သိန်း ၅၀ နှင့် လက်ကိုင်လွှစက်လေးလက်တို့ကို ထောက်ပံ့ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းကလည်း ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ မြိုင်ကြီးငူဆရာတော်၏ သက်တော်(၆၉)နှစ်မြောက် ဝိဇာတမွေးနေ့မင်္ဂလာပွဲသို့ တက်ရောက်ပြီး မြိုင်ကြီးငူအထူးဒေသရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် စာနပ်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ကို ဆက်ကပ်လှူဒါန်းပြီး တိုက်ပွဲရှောင်ပြည်သူများနှင့်တွေ့ဆုံကာ လတ်တလောလိုအပ်ချက်များကို ဆွေးနွေးဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ရေရှည်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို စခန်းတာဝန်ခံများ၊ စခန်းရှိပြည်သူများနှင့် ဆွေးနွေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီးက စခန်း၌ ယာယီ နေထိုင်ကြစဉ်ကာလအတွင်း အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ကိုယ်စီသင်ယူတတ်မြောက်အောင် လေ့ကျင့်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့ တတ်ကျွမ်းပြီးဖြစ်သည့် ရိုးရာရက်ကန်းလုပ်ငန်းဖြင့်လည်း ဝင်ငွေပိုမိုရရှိစေရေးအတွက် အရင်းအနှီးငွေကြေးလိုအပ်မှုကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့၏ မူလနေရာဒေသတွင် ပြန်လည်နေထိုင်ကြရသည့်အခါတွင်လည်း မိသားစုအတွက် ကိုယ်တိုင်ဝင်ငွေရရှိစေမည့် လုပ်ငန်းများကို တတ်မြောက်ပြီး စားဝတ်နေရေးအတွက် လုံခြုံစိတ်ချရသော အခြေအနေကောင်းများကို ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း အားပေးစကားပြောကြားကာ လတ်တလောစားသုံးရန် ဆန်ရိက္ခာအတွက် ငွေကျပ် ၁၃၂၀၉၂၀၀ နှင့် တိုက်ပွဲရှောင်ပြည်သူများ ရိုးရာရက်ကန်းလုပ်ငန်းဆောင်ရွက်ရန် မတည်ငွေကျပ်ငါးသိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

# လွမ်းဆွတ် တမ်းတ. . . မေ့မရ

သာမြေ

**"အသင်ကွယ်ပြီ၊ ကာလရှည်လည်း ပြည်သူအပေါင်း၊ သင့်အကြောင်းကို ပြန်ပြောင်းပြောဆို၊ ချစ်ကြည်ညိုလျက် သင့်ကိုလွမ်းရ ၊ တသသနှင့် - - - -"**

ဆရာမင်းယုဝေ၏ **"ဗိုလ်ချုပ်အောင်ဆန်းသို့"** အမည်ရ ကဗျာမှ စာစုအချို့ကို ဝမ်းနည်းကြေကွဲစွာ ရွတ်ဆိုနေမိသည်။

**"သေသောသူ ကြာရင်မေ့"** ဆိုရိုးရှိသော်လည်း မမေ့နိုင်သူ၊ မမေ့ထိုက်သူတို့ကိုမူ ပြန်ပြောင်းတမ်းတ တသသနှင့် မေ့၍ရနိုင်မည်မဟုတ်ပါ။ လူပင်သေသော်လည်း နာမည်မသေသူ၊ သမိုင်းတွင် မေ့ပျောက်၍ မရနိုင်သူ လူပုဂ္ဂိုလ်ထူးမှာ မြန်မာတို့၏ လွတ်လပ်ရေးဗိသုကာ၊ အမျိုးသားခေါင်းဆောင်ကြီး **"ဗိုလ်ချုပ်အောင်ဆန်း"**ပင် ဖြစ်ပါသည်။

ကလေးအရွယ်မှစ၍ ရိုးသားဖြောင့်မတ်ပြီး လိမ်မပြောတတ်သည့် မောင်ထိန်လင်း(ခေါ်) မောင်အောင်ဆန်း၊ လူငယ်လူရွယ် တက္ကသိုလ်ကျောင်းသားဘဝမှစ၍ နိုင်ငံ့လွတ်လပ်ရေးအတွက် ဘဝကိုစုံနှစ်၍ ကြိုးစားခဲ့သော တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း၊ နိုင်ငံရေးနယ်ပယ်တွင် ပါဝင်ချိန်မှစ၍ သခင်အောင်ဆန်းဘဝမှသည် စစ်သေနာပတိဗိုလ်ချုပ်အောင်ဆန်း၊ သူသည် အမျိုးသားခေါင်းဆောင်၊ လွတ်လပ်ရေးဗိသုကာစသည့် ဂုဏ်ပုဒ်အမျိုးမျိုးဖြင့် ပြည်သူလူထု၏ ချစ်ခင်လေးစားမှုနှင့် ယုံကြည်အားကိုးမှုတို့ကို ရရှိခဲ့သူဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားကြိုးစားမှု၊ ဖြူစင်ဖြောင့်မတ်မှု၊ တည်ကြည်ရဲရင့်မှု၊ သည်းခံခွင့်လွှတ်တတ်မှု၊ အလိုလောဘနည်းပြီး ခြိုးခြံချွေတာတတ်မှု၊ ဂုဏ်ပကာသနမက်မောခြင်းမရှိသကဲ့သို့ အခွင့်အရေးမယူတတ်မှု၊ အမှန်တရားကိုမြတ်နိုးပြီး တိကျပြတ်သားစွာဖြင့် တဲ့တိုးပြောဆိုတတ်မှု၊ မဟုတ်မခံတုံ့ပြန်ပြောဆိုတတ်မှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှု၊ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြင်းပြမှု၊ နိုင်ငံနှင့်လူမျိုးအကျိုးကို ရှေးရှုလုပ်ဆောင်တတ်မှုစသည့် အခြေခံကောင်းများနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့၏ ကျင့်စဉ်နှင့် လုပ်ဆောင်မှုများကြောင့်သာ ပြည်သူလူထုက ယနေ့တိုင်မမေ့နိုင်ကြဘဲ လွမ်းဆွတ်တမ်းတနေကြခြင်းဖြစ်ပါသည်။

ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းကို မြန်မာစာနှင့်ပါဠိဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသက် ၁၇ နှစ်အရွယ် လူငယ်ကျောင်းသား ကိုအောင်ဆန်းသည် ၁၉၃၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ကျောင်းတက်ရန် ရောက်ရှိခဲ့သည်။ ယင်းလူငယ်သည် မြန်မာပြည်သူတစ်ရပ်လုံးကို ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် အသက်စွန့်၍ ကြိုးပမ်းခဲ့သူဖြစ်သည်။ ရန်ကုန်တက္ကသိုလ်တွင် ကျောင်းနေစဉ်ကလည်း အခြားသူများကဲ့သို့ သံသေတ္တာမသုံးနိုင်ခဲ့ဘဲ ထင်းရှူးသေတ္တာကိုသာ အသုံးပြုခဲ့ရသည်။ ထိုထင်းရှူးသေတ္တာကို ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်ရှိ ဗိုလ်ချုပ်နေခဲ့သောအခန်းတွင် ယနေ့တိုင် တွေ့မြင်ရသည်။



စာပေကိုချစ်မြတ်နိုးတတ်သော လူငယ်ကျောင်းသား ကိုအောင်ဆန်း ကိုယ်တိုင်ရေးသားခဲ့သည့် **"နတ်မောက်မြို့လေးအကြောင်း"** စာစုကို ယခုကဲ့သို့ ကောက်နုတ် ဖော်ပြလိုပါသည်-

**"မြေလတ်ဟုခေါ်သော ဗမာပြည်၏ အပူပိုင်းဇုန်ဖြစ်သော မကွေးစီရင်စု ယခု ရေနံချောင်းခရိုင်အတွင်း ပျဉ်းမနား-ကျောက်ပန်းတောင်း ရထားလမ်းတစ်ဝက်ခန့်တွင် အပူပိုင်းဇုန် ကုန်များဖြစ်သော နှမ်း၊ ပဲနှင့် နှမ်းဆီများထွက်ရှိရာ ကုန်ရောင်း၊ ကုန်ဝယ် အတော်တွင်ကျယ်သော ရွာကလေးတစ်ရွာရှိသည်။**

**မီးရထားဘူတာရုံအနီးနားတွင် မီးရထားဘက်မှ ဆောက်ထားသော အိမ်တန်းလျားများနှင့် ပွဲစားကုန်သည်ဆိုင်များ အနည်းငယ်ရှိလေသည်။ ဘူတာ၏ ဝဲယာပတ်လည်တွင် မြေပဲ၊ နှမ်းခင်းတို့ရှိလေသည်။ ထိုဘူတာ၏ အနောက်မြောက်ယွန်း ကိုက်လေးရာခန့်အကွာတွင်ကား မိုင်ဝက်ခန့်ကျယ်သော သဲချောင်းရိုးကမ်းစပ်ပေါ်၌ ခပေါင်းကုန်းသို့မဟုတ် နကျားထူးဟုခေါ်သော အိမ်ခြေတစ်ရာခန့်ရှိသော ရွာကလေးရှိလေသည်။**

"ယင်းချောင်း"ဟုခေါ်သော သဲချောင်းကြီး၏ တစ်ဖက်ကမ်း(အနောက်ဘက်ကမ်း)၌ကား ယာခင်းလယ်ကွင်းများဖြင့် ဥယျာဉ်အချို့ကို တွေ့ရပေသည်။ ထိုမှလွန်လျှင် တောင်ကုန်းကျကျနေရာတွင် အရှေ့ဘက်မှ တာမြောင်းခံထားသော အိမ်ခြေနှစ်ရာခန့်ရွာရှိလေသည်။ ထိုမှ မြောက်မလှမ်းမကမ်းတွင်ကား အိမ်ခြေတစ်ရာကျော်ရှိ ရွာရှိပြန်သည်။ များစွာသော ထိုရွာများအနက် ရွာမကြီးသဖွယ် အိမ်ကောင်းအများဆုံးနှင့် ဆိုင်ကနား အတော်အတန်ရှိ၍ စာရေး၊ စာချီ၊ မြို့အုပ်၊ ရှေ့နေ၊ ကုန်သည်များနေကြသော ရွာကား ဆိုခဲ့ပြီးသည့် သဲချောင်းကြီးအနောက်ဘက်ကမ်း တောင်ကုန်းပေါ်တွင်တည်လျက်ရှိသော ရွာပင်ဖြစ်လေသည်။ ထိုရွာကို "နတ်မောက်"ဟူ၍ လည်းကောင်း၊ တောင်ရွာဟူ၍ လည်းကောင်း ခေါ်ကြလေ၏။

မွေးဖွားစဉ်က ကျွန်တော် မထူးဆန်းလှသော်လည်း ထိုင်နိုင်၊ ထနိုင်သော ကလေးဘဝမှစ၍ ကျွန်တော်သည် ထူးခြားလှခဲ့သည်ဟုဆို၏။

ခွကျသူ ကလေးငယ်တစ်ယောက်ဖြစ်ခဲ့၏။ ကျွန်တော်ငယ်စဉ်က တော်တော်နှင့် စကားမပြောတတ်ရကား လူကြီးမိဘများက ဆွံ့အ၍ပင်နေသလားဟု စိုးရိမ်ကြောင့်ကြခဲ့ရ၏။ အနာအဖျားထူသည်၊ အစားကြူးသည်၊ အမဲသား၊ ငါးကို အလွန်ကြိုက်သည်။ ကျွန်တော့်မိခင်ဈေးဝယ်သွားရာ ရံဖန်ရံခါ ကျွန်တော့်ကိုချီ၍သွား၏။ တစ်ခါသော် အမဲသားအစိမ်းကို ကျွန်တော်အတင်းလု၍ စားမည်ပြုသည်ဟု မိခင်ပြန်ပြောပြသဖြင့် သိရ၏။ လူရိုင်းဘဝက ကျွန်တော်လာသလားမသိ။ ယနေ့အထိ လူရိုင်းသဘောမျိုးနေချင်သည့် စိတ်ထားများရှိ၏။

ဟန်ဆောင် ပန်ဆောင် လူယဉ်ကျေးများနှင့် ကျွန်တော်အသားမကျ။ မျက်စိနောက် မြင်ပြင်းကတ်သည်။ ထိုအခါ လူယဉ်ကျေးများနှင့် ငါလူရိုင်းဟု ဇာတိခွဲပစ်ချင်သည့်စိတ်ရှိလာ၏။ လူရိုင်းကား ကြမ်း၏၊ ခက်ထန်၏။ သို့သော် ဖြူးဖြောင့်၏၊ တည်ကြည်၏၊ လွတ်လပ်၏၊ ကျန်းမာ၏၊ ငါ့မြင်းငါစိုင်း၊ ညောင်ကိုင်း ရောက်ရောက်ဆိုသည်ကို ကျွန်တော်ကြိုက်၏။ ကျွန်တော်၏ စိတ်ဘဝင်တွင် အင်မတန် စိုပြည်လတ်ဆတ်သော ဘဝဟုယူဆ၏။

ဗမာပြည်ရှိလူသည် လူရိုင်းဘဝမျိုး ရောက်နေပါစေ လွတ်လပ်ချမ်းသာစွာ "ခေါင်းထောင်" နေနိုင်မည်ဆိုလျှင် မလွတ်လပ်သော လူယဉ်ကျေးဘဝထက် ကျွန်တော် အဆတစ်ရာကြိုက်သည်၊ နှစ်သက်သည်။

စိမ်းလန်းစိုပြည် ကျယ်ပြန့်သော လွင်ပြင်ရိုင်းပေါ်တွင် လက်ပမ်းပေါက်ခတ်၍ လွတ်လွတ်လပ်လပ် အော်ဟစ်မြူးထူးနေလိုသည်"**ဟူ၍ဖြစ်ပါသည်။



**လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်း လူထုအား မိန့်ခွန်းပြောကြားစဉ်** (အစွန်ဆုံးထိုင်နေသူမှာ သခင်နုဖြစ်သည်)

ဒုတိယကမ္ဘာစစ်စတင်ပြီး မကြာမီ မြန်မာနိုင်ငံတွင် **"ဟုမ္မရူး"**ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးကိုရယူလိုမှုနှင့် လုံးဝလွတ်လပ်ရေးရယူလိုမှု အယူအဆများ အားပြိုင်နေခဲ့သည်။

ထိုစဉ်က အသက် ၂၄ နှစ်အရွယ်သာရှိသေးသည့် တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းက လွတ်လပ်ရေးအတွက် **"အင်္ဂလိပ်အခက်၊ ဗမာ့အချက်"** ဆိုကာ ဗမာ့ထွက်ရပ်ဂိုဏ်းကိုဖွဲ့စည်းပြီး လုပ်ငန်းစဉ်များကို အံ့သြဖွယ် တစ်ထိုင်တည်း ရေးဆွဲချမှတ်နိုင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်လွတ်လပ်ရေးရလျှင် ဒီမိုကရေစီစနစ်မှာ နိုင်ငံနှင့်အသင့်တော်ဆုံးဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံအဖြစ်သာ တည်ဆောက်သွားမည်ဖြစ်ကြောင်း ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၇ ရက်က ကျင်းပခဲ့သော ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံတွင် ယခုကဲ့သို့ ပြောကြားခဲ့သည်-

**"ဗမာပြည်လွတ်လပ်ရေးရတဲ့အခါ တိုင်းပြည်သူ ပြည်သားတွေသာလျှင် အဓိကလိုလားပြီး တိုင်းပြည်တည်ထောင်ချင်တယ်ဆိုရင် ဒီမိုကရေစီစနစ်အရမှ ဖြစ်နိုင်မယ်။ ဒီမိုကရေစီအရင်းခံပဲ။ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒဆိုတာတွေဟာ စင်စစ်တော့ ဒီကနေ ဖြာထွက်သွားတာပဲ။ ဘယ်ဟာမှ ဒီမိုကရေစီ မစစ်သေးဘူး။ နိုင်ငံရေးတွင်မက စီးပွားရေးပါပါမှ ဒီမိုကရေစီစစ်နိုင်မယ်လို့ ဒီမိုကရေစီသဘောတရားတွေကို လိုက်ရှာပြီး လုပ်နေကြခြင်းသာဖြစ်တယ်။"**

**"လူတွေကတင်မြှောက်ပြီး လူတွေရဲ့အကျိုးကိုလုပ်တဲ့ လူတွေရဲ့အစိုးရသာလျှင် ဒီမိုကရေစီဖြစ်နိုင်မယ်။ အခြားဟာတွေ ဒီမိုကရေစီအစစ်မဖြစ်နိုင်ဘူး။ အတုတွေသာဖြစ်တယ်"** ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းဒေသများပါ မကျန် လုံးဝလွတ်လပ်ရေးရရှိစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် ပင်လုံစော်ဘွားများနှင့် ထမင်းစားပွဲ၌ ဗိုလ်ချုပ်အောင်ဆန်းက **"တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်၊ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်"**ဟူ၍ မိန့်မှာခဲ့သည်။ ထို့နောက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် သမိုင်းတွင်မည့် သမိုင်းဝင် **"ပင်လုံစာချုပ်"**ကို ပင်လုံညီလာခံဖြင့် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကိုယ်စားလှယ်အဖွဲ့ ဘိလပ်သို့မသွားမီ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ မိနစ် ၄၀ တွင် ရေဒီယိုမှတစ်ဆင့် အသံလွှင့်ပြောကြားခဲ့သည့် ဗိုလ်ချုပ်၏မိန့်ခွန်းမှ ပြောကြားချက်အချို့ကို ကောက်နုတ်တင်ပြလိုပါသည်-

**"ဆင်ပြောင်ကြီး အမြီးကျမှ တစ်လစ်မဖြစ်အောင် ကြိုးစားဖို့လိုတယ်၊ သတိထားဖို့လိုတယ်၊ တိုင်းသူပြည်သားလူအများဟာ ဥမကွဲ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်၊ မလိုတဲ့လူတွေ ဘယ်လိုတိုက်တိုက်၊ ရှိုရှို့ စစ၊ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်"**ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၉ သို့

**ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားကြိုးစားမှု၊ ဖြူစင်ဖြောင့်မတ်မှု၊ တည်ကြည်ရဲရင့်မှု၊ သည်းခံခွင့်လွှတ်တတ်မှု၊ အလိုလောဘနည်းပြီး ခြိုးခြံချွေတာတတ်မှု၊ ဂုဏ်ပကာသန မက်မောခြင်းမရှိသကဲ့သို့ အခွင့်အရေးမယူတတ်မှု၊ အမှန်တရားကိုမြတ်နိုးပြီး တိကျပြတ်သားစွာဖြင့် တဲ့တိုးပြောဆိုတတ်မှု၊ မဟုတ်မခံတုံ့ပြန်ပြောဆိုတတ်မှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှု၊ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြင်းပြမှု၊ နိုင်ငံနှင့် လူမျိုးအကျိုးကို ရှေးရှုလုပ်ဆောင်တတ်မှုစသည့် အခြေခံကောင်းများနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့၏ ကျင့်စဉ်နှင့် လုပ်ဆောင်မှုများကြောင့်သာ ပြည်သူလူထုက ယနေ့တိုင်မမေ့နိုင်ကြဘဲ လွမ်းဆွတ်တမ်းတနေကြခြင်းဖြစ်**

*စာမျက်နှာ ၈ မှ*

ထို့နောက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်မြ၊ ဦးတင်ထွတ်၊ ဦးစောတို့ အင်္ဂလန်သို့ သွားရောက်ပြီး လွတ်လပ်ရေးအကြို ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ဆက်လက်၍ ၁၉၄၇ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သည့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ၌ **"တစ်နှစ်အတွင်း လွတ်လပ်ရေး ရရမည်"**ဟု ကြွေးကြော်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် မြို့တော်ခန်းမ၌ ပြုလုပ်သည့် ဂုဏ်ပြုထမင်းစားပွဲ၌ ခေါင်းဆောင်မှုနှင့်ပတ်သက်၍ ပြောကြားခဲ့မှုကိုလည်း ယခုကဲ့သို့ ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**"ကျွန်တော်တို့ နိုင်ငံရေးလုပ်ကြတဲ့နေရာမယ် အထူးသဖြင့် ခေါင်းဆောင်လုပ်တဲ့သူဟာ နောက်လိုက်လုပ်တဲ့လူတွေထက် ပိုပြီးအမြင်ကျယ်ရမယ်၊ ခေါင်းဆောင်ဟာ ဟိုလူပြောဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုး၊ ယောင်ချာချာလုပ်နေရင် ခေါင်းဆောင်မဟုတ်ဘူး၊ ခေါင်းဆောင်လုပ်တဲ့လူတွေဟာ ကိုယ်ယုံကြည်တဲ့ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောရဲရမယ်၊ ရှင်းပြနိုင်ရမယ်၊ အသက်စွန့်သင့်တဲ့နေရာမယ် စွန့်ရမယ်၊ ကိုယ့်ကိုယ်ကိုယ် မယုံတဲ့လူဟာ တိုင်းသူပြည်သားကိုလည်း မယုံဘူး၊ ကျွန်တော်အဖို့ ကျွန်တော်ကိုယ်ကို ကျွန်တော်ယုံတယ်၊ ခင်ဗျားတို့လည်း ယုံတယ်"**ဟု ပြောကြားခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ လူထုအစည်းအဝေးကြီးတစ်ရပ် ကျင်းပပြီး မြန်မာ့လွတ်လပ်ရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့် ရှေ့ဆက်လုပ်ဆောင်မည့် ကိစ္စရပ်များကို ပြည်သူလူထုထံ တင်ပြခဲ့သည်၊ ထိုကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးပြောကြားခဲ့သော မိန့်ခွန်းမှ မိန့်မှာချက်အချို့ကိုလည်း ယခုကဲ့သို့ ဖော်ပြလိုက်ပါသည်-

**"ခင်ဗျားတို့ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းရှိကြပါ၊ ညီညွတ်မှုကို ထိန်းသိမ်းထားပါ၊ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။**

**ရှေ့ကို လွတ်လပ်ရေးအရသာ ခံစား စံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းက ခင်ဗျားတို့ အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ သောက်ကျင့်တွေကိုပြင်ကြဖို့ လိုပြီဆိုတာ ကျွန်တော် ကနေ့ ပြောခဲ့ချင်တယ်"**ဟူ၍ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်ပုဂ္ဂိုလ်များသည် လွတ်လပ်ရေးအတွက် မဆုတ်မနစ်သောဇွဲဖြင့် ကြိုးစားအားထုတ်နေစဉ် ၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉) ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မသမာသူလူတစ်စု၏ လုပ်ကြံ



သတ်ဖြတ်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဆရာကြီး ဦးရာဇာတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ အတွင်းဝန် ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့ ကိုးဦး ကျဆုံးခဲ့ရသည်။ ထိုလုပ်ကြံမှုကြောင့် တစ်မျိုးသားလုံးအတွက် အာဇာနည်နေ့သည် အကျည်းတန်စွာ ဖြစ်ပေါ်လာခဲ့ရပြီး ပြည်သူအားလုံး ဝမ်းနည်းကြေကွဲကြရသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများ ကျဆုံးခဲ့သည်မှာ နှစ်(၇၀) ပြည့်မြောက်ပါတော့မည်၊ ယနေ့အချိန်အထိ ဗိုလ်ချုပ်အောင်ဆန်းကို ဘာကြောင့် သတိရနေကြပါသနည်း၊ ရှင်းပါသည်၊ ဗိုလ်ချုပ်သည် မြန်မာနိုင်ငံကို နယ်ချဲ့လက်အောက်မှ လွတ်လပ်ရေးရအောင် ကြိုးပမ်းသူများအနက် အဓိကအကျဆုံး ခေါင်းဆောင်ဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော ဗိသုကာကြီးဖြစ်သည်။ မြန်မာ့တပ်မတော်ကို တည်ထောင်ခဲ့သော တပ်မတော်၏ ဖခင်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အုတ်မြစ်ချပေးခဲ့သော ပင်လုံစာချုပ်ကို ဦးစီးချုပ်ဆိုခဲ့သည့် ခေါင်းဆောင်လည်းဖြစ်သည့်အပြင် ဗိုလ်ချုပ်၏ မိန့်မှာချက်နှင့်ပြောကြားချက်များသည် ယနေ့ခေတ်အထိ ရိုက်ခတ်မှုနက်နေဆဲ ဖြစ်ပါသည်။

ထို့ကြောင့်လည်း **'သူလိုလူစား ဇမ္ဗူရှား'** ဆိုသကဲ့သို့ သူ့ဘဝတစ်လျှောက်လုံးတွင် ပြောသလိုလုပ်၍ လုပ်သလိုပြောသူဖြစ်ခဲ့သည်။ သူ ငယ်စဉ်ကျောင်းသားဘဝမှစ၍ ကျဆုံးသွားခဲ့သည့် အချိန်အထိ သူ့ဘဝတစ်လျှောက်လုံး၏ တစ်ခုတည်းသော ရည်မှန်းချက်မှာလည်း မြန်မာပြည်လွတ်လပ်ရေးရရှိရေးပင် ဖြစ်သည်။ သူကား အမှန်တရားနှင့်ပတ်သက်လာလျှင် ဘယ်သူ့ကိုမျှ ဂရုမစိုက်၊ သူမှန်ကန်သည်ဟု ယုံကြည်သည့် အတိုင်း ပြောရဲ၊ ဆိုရဲ၊ လုပ်ရဲ၊ ကိုင်ရဲသူ ဖြစ်သည်။ သူတာဝန်မယူနိုင်သည်ကို ကတိပေး၍ မလုပ်။ ကတိတစ်လုံးကိုလည်း လှည့်ပတ်ကွေ့ကောက်မပြောတတ်။ ရင်ထဲ၊ အသည်းထဲရှိသည့် အတိုင်း ဘွင်းဘွင်းနှင့် ရှင်းရှင်းပြောတတ်သည်၊ တိုင်းပြည်အတွက် အလုပ်လုပ်ရာတွင် အဆင်းရဲခံနိုင်သည်၊ အငတ်လည်း ခံနိုင်သည်။ အလုပ်ထဲစိတ်နှစ်နေပြီဆိုလျှင် အိပ်ချိန်စားချိန်ပင် မမှန်တော့၊ ဘယ်လိုအခက်အခဲ၊ ဘယ်လိုဒုက္ခမျိုးကိုမှ မညည်းညူခဲ့၊ နောက်ပြန်မဆုတ်ခဲ့ပါ။

ထို့ကြောင့်ပင် မြန်မာလူထုကြီးကသာမက ဗြိတိသျှဝန်ကြီးချုပ် အက်တလီ အပါအဝင် ဝန်ကြီးများနှင့် ဗိုလ်ချုပ်ကြီးများကပါ ချီးကျူးလေးစားခြင်းကို ခံခဲ့ရသည့် ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် နေရူးက ဆိုလျှင် သူခင်မင်လေးစားသည့် ဗိုလ်ချုပ်ကို စံပြုစရာ အာရှတိုက်၏ လွတ်လပ်ရေးသူရဲကောင်းအဖြစ် မျှော်မှန်းခဲ့ကြောင်း သိရသည်။

ထို့ကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခြင်းကို တစ်မျိုးသားလုံးက ပူဆွေးကြသည်။ ငိုကြွေးကြသည်။ ဗိုလ်ချုပ်ကျဆုံးခြင်းသည် မြန်မာပြည်အတွက်သာမဟုတ် ကမ္ဘာအတွက်လည်း ဆုံးရှုံးခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

လောကကောင်းကျိုး သယ်ပိုးရွက်ဆောင်သူ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးနောက် ဗိုလ်ချုပ်၏ ကောင်းသတင်းဂုဏ်တို့မှာ ထုံမွှမ်းလျက်ရှိနေဆဲဖြစ်သည်၊ တင့်တယ်နေဆဲလည်း ဖြစ်သည်၊ ပြီးပြည့်စုံလွန်းလှသည်။ ကမ္ဘာမြေတည်နေသရွေ့ နာမည်မသေသည့် ဗိုလ်ချုပ်ဖြစ်နေပေသည်။

မြန်မာ့အဘိဓာန်၌ အာဇာနည်ဆိုသည်မှာ **"အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် အသက်စွန့်ဆောင်ရွက်သူ"**ဟု ဖော်ပြထားပါသည်။

ထို့ကြောင့် အာဇာနည်နေ့ အခါသမယတွင် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ နိုင်ငံနှင့် ပြည်သူလူထုအကျိုးအတွက် အသက်စွန့်ပေးဆပ်ခဲ့သော ကျေးဇူးတရားကို သတိရဆင်ခြင်၍ ဂါရဝပြုဦးညွှတ်ခြင်းနှင့်အတူ အာဇာနည်စိတ်ဓာတ်နှင့် စွမ်းဆောင်မှုတို့ကိုလည်း လေးစားအားကျ အတုယူကြရမည်ဖြစ်ပါသည်။

ဝါဆိုမိုးများက တဖွဲဖွဲရွာသွန်းနေသည်၊ တစ်မျိုးသားလုံးက လေးစားအားကျအတုယူရသည့် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့သော်လည်း **"အမျိုးသားနိုင်ငံရေးဦးသျှောင်"**အဖြစ် ထာဝရတည်ရှိနေမည်သာဖြစ်သည်။ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်အပေါင်းကို တမ်းတ၍၊ လွမ်းဆွတ်၍ မဆုံးနိုင်ပါပြီ။ ။



**လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ဗိုလ်ချုပ်အောင်ဆန်း၊ ဆရာတော်ဦးဥတ္တမနှင့် ရဲဘော်သုံးကျိပ်ဝင် အချို့၏ စုပေါင်းမှတ်တမ်း ဓာတ်ပုံ**

# ကျောက်ကပ်အစားထိုးရန်ပုံငွေအဖွဲ့ ဖွဲ့စည်းကြောင်း အသိပေးခြင်းနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၁**

ကျောက်ကပ်အစားထိုးရန်ပုံငွေအဖွဲ့ ဖွဲ့စည်းကြောင်း အသိပေးခြင်းနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး မန်းတောင်ရိပ်(၉)ထပ်ဆေးကုသဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆိုပါအဖွဲ့နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာယုယုမေ တက်ရောက်၍ အလှူငွေများ လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌ ဆီးနှင့် ကျောက်ကပ်ခွဲစိတ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမင်းသူက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ တွဲဖက်ပါမောက္ခ ဒေါက်တာထားကြည်ဆွေက ရန်ပုံငွေအဖွဲ့ ဖွဲ့စည်းဖြစ်ပုံနှင့် ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် (ဦးစိန်မြင့်)-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်စန်းကြူ (ဒိုင်းမွန်းစတားကုမ္ပဏီနှင့် ဒုံးပျံဂျုံစက်)မိသားစုမှ အလှူငွေကျပ် သိန်း ၅၀၊ ဦးဇော်ဝင်းထွန်း-ဒေါ်အေးမိစံ(ယူနိုက်တက်ပစိဖိတ်ကုမ္ပဏီ)မိသားစုက အလှူငွေကျပ် သိန်း ၂၀ အပါအဝင် အလှူရှင် ၂၁ ဦးက အလှူငွေကျပ် ၁၆၇ သိန်း ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ ကျောက်ကပ်အစားထိုးရန်ပုံငွေအဖွဲ့ကို မြန်မာနိုင်ငံတွင် တိုင်းပြည်အတွက် အလုပ်လုပ်ကိုင်ပေးနိုင်သည့် အရွယ်ကောင်းများတွင် ကျောက်ကပ်ရေရှည်ပျက်စီးမှုဖြစ်ပွားနှုန်းများသဖြင့် အဆိုပါလုပ်အားများ တိုင်းပြည်အတွက်နစ်နာဆုံးရှုံးရသည့်အတွက် ၎င်းလူနာများကို တတ်အားသရွေ့ အကူအညီပေးရန်၊ နိုင်ငံခြားသို့ ပေးပို့စစ်ဆေးရသော ကုန်ကျစရိတ်များ၊ ဆေးဖိုးဝါးခများမတတ်နိုင်ပါက လိုအပ်သလို ကူညီထောက်ပံ့ရန်၊ ဆေးကုထုံးအတွက် လိုအပ်သော အဓိကဆေးဝါးများနှင့် ဆေးပစ္စည်းကိရိယာများကို အသုံးလိုပါက အလွယ်တကူရရှိစေရန် ကြိုတင်ဝယ်ယူစုဆောင်းထားပြီး အသုံးပြုနိုင်ရန် စသည့် ရည်ရွယ်ချက်များအပြင် ရေရှည်ကျောက်ကပ်ပျက်စီးမှုရောဂါ မဖြစ်ပွားအောင် ကာကွယ်နိုင်ရန် လူထုပညာပေးအစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ချက်လုပ်ငန်းစဉ်များဖြင့် နာယကများအဖြစ် ဒေါက်တာယုယုမေ၊ ဆီးနှင့် ကျောက်ကပ်အထူးကုဆရာဝန်ကြီး(ငြိမ်း)ဒေါက်တာခင်မောင်ကျော်၊ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မင်းသူ၊ ဒုတိယဥက္ကဋ္ဌ တွဲဖက်ပါမောက္ခ ဒေါက်တာထားကြည်ဆွေ၊ အတွင်းရေးမှူး အထူးကုဆရာဝန် ဒေါက်တာကျော်ဆန်းလွင်တို့ပါသည့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားရှိကာ အလှူငွေများလှူဒါန်းလိုပါက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး မန်းတောင်ရိပ်(၉)ထပ်ဆေးကုသဆောင်၊ ဆီးနှင့်ကျောက်ကပ်ရောဂါအထူးကုဌာန၊ ပါမောက္ခဒေါက်တာတင်မောင်လင်း ၀၉-၂၀၀၃၂၇၉၊ ပါမောက္ခဒေါက်တာမီမီသော် ၀၉-၂၀၁၃၂၀၃၊ ဒေါက်တာမေကြည်ဟန် ၀၉-၂၀၂၆၄၄၀ တို့နှင့် ရောဝတီဘဏ်စာရင်းအမှတ်(၀၀၅၂၂၀၂၀၁၀၀၉၀၆၆၀)သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နှစ် (၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြော

**ပေါင်းတည် ဇူလိုင် ၁၁**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနေ့ အာဟာရကျွေးမွေးလှူဒါန်းခြင်းကို ပေါင်းတည်မြို့နယ် မင်းကွက် (၃)ရပ်ကွက် ရွှေတည် (၁)ကွက်သစ် အခြေခံပညာမူလတန်းကျောင်း၌ ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးခိုင်က ကဗျာနှင့် ပုံပြင်များ ဟောပြောခြင်းနှင့် ဖေးမကူညီလက်တွဲမည် အမျိုးသမီးမိတ်ဆွေများအဖွဲ့မှ ဒေါ်နီနီမာက ဗိုလ်ချုပ်အောင်ဆန်းချစ်ပါလျှင် ကဗျာများ သီဆိုဟောပြောပြီး အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား အာဟာရဒါန ကြက်သားဆန်ပြုတ်ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# ဂန့်ဂေါ၌ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းပြောပြိုင်ပွဲကျင်းပ

**ဂန့်ဂေါ ဇူလိုင် ၁၁**

နှစ် (၇၀) ပြည့် အာဇာနည်နေ့ အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းပြောဂန့်ဂေါခရိုင်အဆင့် ပြိုင်ပွဲကို ဇူလိုင် ၁၁ ရက် နံနက်က ဂန့်ဂေါမြို့ ပုံညာခန်းမ၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးတင်စိုး က အမှာစကားပြောကြားပြီး ဂန့်ဂေါမြို့နယ်မှ မောင်မြတ်သုခ၊ ထီးလင်းမြို့နယ်မှ မောင်ဇင်လင်းအောင်၊ ဆောမြို့နယ်မှ မောင်အောင်မင်းထွန်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရောဝတီမြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၁** - ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ရောဝတီမြစ်ရေသည် ဟသ်ၤာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ရောဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်လေးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ကသာမြို့နယ်၊ ဟသ်ၤာတမြို့နယ်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# အမေရိကန်တပ်မတော်လေယာဉ်တစ်စင်း မစ္စစ္စပီ၌ ပျက်ကျ



**ဝါရှင်တန် ဇူလိုင် ၁၁**

အမေရိကန် တပ်မတော်လေယာဉ်တစ်စင်းသည် တနင်္လာနေ့က မစ္စစ္စပီ၌ ပျက်ကျခဲ့ရာ လူ၁၆ ဦးထက်မနည်း သေဆုံးသွားကြောင်း ဒေသဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲမှုအဖွဲ့ အာဏာပိုင်များက ပြောကြားခဲ့သည်။

လေယာဉ်သည် ဂျက်ဆန်မြို့ မြောက်ပိုင်းမှ မိုင် ၁၀၀ ခန့် (၁၆၀ ကီလိုမီတာ)အကွာ မစ္စစ္စပီ မြောက်ပိုင်း လီဖလောခရိုင်အတွင်း၌ ပျက်ကျခဲ့ခြင်းဖြစ်ပြီး အသေးစိတ် အချက်အလက်များကို အတိအလင်း ဖော်ပြမှုမရှိသေးပေ။

ရေတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သည့် ကပ္ပတိန် ဆာရာဘန်းစ်က ကေစီ - ၁၃၀ ဟာကျူလီ အမေရိကန် သယ်ယူပို့ဆောင်ရေးလေယာဉ်သည် မတော်တဆပျက်ကျမှု ဖြစ်ပွားခဲ့ကြောင်းပြောကြားခဲ့သည်။ ကနဦး သတင်းတစ်ရပ်တွင် လူငါးဦး သေဆုံးကြောင်း ဖော်ပြခဲ့သည်။

လေယာဉ်ပျက်ကျမှုဖြစ်ပွားပြီး နာရီများစွာအကြာတွင် လီဖလောခရိုင်၏ အရေးပေါ်စီမံခန့်ခွဲမှုအဖွဲ့ ဒါရိုက်တာ ဖရက်ရန်လီက သေဆုံးသူ ၁၆ ဦးရှိကြောင်း ရိုက်တာသတင်းဌာနသို့ပြောကြားခဲ့သည်။ သို့သော် မတော်တဆပျက်ကျမှုနှင့် ပတ်သက်သည့် အချက်အလက်အသေးစိတ်ကို ရန်လီက ပြောဆိုခြင်းမရှိခဲ့ပေ။

ချာလော့တီရှိ WSOC - TV ရုပ်မြင်သံကြားက လေယာဉ်သည် လေတပ်အခြေစိုက်စခန်းတည်ရှိရာ မြောက်ကာရိုလိုင်းနား Cherry Point မှ စတင်ထွက်ခွာ လာခဲ့ခြင်းဖြစ်ကြောင်း ဖက်ဒရယ်လေကြောင်း စီမံအုပ်ချုပ်မှုအဖွဲ့၏ဖော်ပြချက်ကို ကိုးကားလျက် ဖော်ပြခဲ့သည်။

အမေရိကန်လေတပ်၏ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားချက်အရ ပျက်ကျလေယာဉ်၌ လေယာဉ်အမှုထမ်း သုံးဦးပါရှိပြီး တပ်ဖွဲ့ဝင် ၉၂ ဦးကို သယ်ဆောင်နိုင်ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ပျက်ကျမှုသည် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပျက်ကျလေယာဉ်အပိုင်းအစများသည် ၈ကီလိုမီတာအတွင်း ပြန့်ကြဲလျက်ရှိကြောင်း ဂရင်းဝုဒ် မီးသတ်ဌာနအကြီးအကဲ မားကပ်စ်ဘန့်ခ်က ပြောခဲ့သည်။

လေယာဉ်ပျက်ကျရသည့် အကြောင်း ရင်းကို စုံစမ်းလျက်ရှိကြောင်း သိရသည်။ သို့သော် အချို့မီဒီယာများက မမ်ဖီးလ်မှ ပျံသန်းထွက်ခွာလာသော အဆိုပါလေယာဉ်သည် ပေါက်ကွဲစေတတ်သောပစ္စည်းများ သယ်ဆောင်လာစဉ် လေထဲ၌ ပျက်ကျခဲ့သည်ဟု ဖော်ပြခဲ့သည်။ ကေစီ-၁၃၀ သယ်ဆောင်ရေး လေယာဉ်ကို လော့ခ်ဟိဒ်မာတင်က ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

## အိုင်အက်စ်အစွန်းရောက်အဖွဲ့အား ကူညီရန်ကြိုးစားသည့် စစ်မှုထမ်းတစ်ဦးကို ဖမ်းဆီး

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၁**

အိုင်အက်စ်အစွန်းရောက်အဖွဲ့အား ပစ္စည်းများထောက်ပံ့ပေးခဲ့ပြီး လေ့ကျင့်သင်ကြားပေးရန် ကြိုးစားခဲ့သူ အသက် ၃၄နှစ်အရွယ်ရှိ စစ်မှုထမ်းစစ်သားတစ်ဦးဖြစ်သူ အီကိုင်ခအီရစ်ကန့်ကို ဖမ်းဆီးခဲ့ကြောင်း အက်ဖ်ဘီအိုင်က ယမန်နေ့တွင် ပြောခဲ့သည်။

၎င်းကို ဟာဝိုင်အီပြည်နယ် မြို့တော် ဟိုနိုလူလူရှိ နေအိမ်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ၎င်းသည် ၂၀၁၀ ပြည့်နှစ်က အီရတ်တွင် လည်းကောင်း၊ ၂၀၁၄ ခုနှစ်က အာဖဂန်နစ္စတန်တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်း၏ စစ်မှုထမ်းသက်တွင် ဆုတံဆိပ်ပေါင်း ၁၀ ခုခန့်ချီးမြှင့်ခံရကြောင်း သိရသည်။

ယခုအခါ ၎င်းကို ပြည်ထောင်စုတရားရုံးတွင် တရားစွဲထားကြောင်း သိရသည်။ ကန့်၏ပထမဆုံးအကြိမ်ကြားနာခြင်းကို ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဂျပန်၊ အမေရိကန်နှင့် အိန္ဒိယ ပူးတွဲစစ်ရေးလေ့ကျင့်

**တိုကျို ဇူလိုင် ၁၁**

ဂျပန်၊အမေရိကန်ပြည်ထောင်စုနှင့်အိန္ဒိယ သုံးနိုင်ငံတို့သည် အိန္ဒိယသမုဒ္ဒရာအတွင်း၌ ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ပြုလုပ်ခဲ့ကြကြောင်း အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

စုစုပေါင်းရေယာဉ် ၁၈ စင်းသည်ရှစ်ရက်ကြာပြုလုပ်မည့် စစ်ဆင်ရေးကိုအတူတကွပါဝင်ဆင်နွှဲခဲ့ကြသည်။ ဂျပန်ရေကြောင်းကာကွယ်ရေးအင်အားစုဖျက်သင်္ဘောများသည် အမေရိကန်နှင့်အိန္ဒိယလေယာဉ်တင်သင်္ဘော၊ ရေငုပ်သင်္ဘောများနှင့် အတူပူးပေါင်းလျက် စစ်ရေးလေ့ကျင့်ခဲ့ကြခြင်းဖြစ်သည်။

သုံးနိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း တည်ငြိမ်ပြီးပွင့်လင်းသည့် ရေလမ်းကြောင်းတည်ရှိအောင်ထိန်းသိမ်းဆောင်ရွက်မှုက သုံးနိုင်ငံလုံးအတွက် အရေးကြီးကြောင်း ဂျပန်ရေတပ်အကြီးအကဲတစ်ဦးက ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**



## ဗီယက်နမ်မြောက်ပိုင်းတွင်ရေကြီးရေလျှံမှုကြောင့် လူကိုးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေ

**ဟန္နိုင်း ဇူလိုင် ၁၁**

လွန်ခဲ့သော ရက်အနည်းငယ်က ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း တောင်ကုန်းထူထပ်သောဒေသများတွင် မိုးသည်းထန်စွာရွာပြီး ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ လူကိုးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဇူလိုင် ၁၁ ရက်က ဖော်ပြခဲ့သည်။

သေဆုံးသူကိုးဦးမှာ ထိုင်ငုယင်ပြည်နယ်မှ လေးဦး၊ ဟာဂျိုင်ယန်ပြည်နယ်မှ နှစ်ဦး၊ ဒီယန်ဘီယန်ပြည်နယ်မှ နှစ်ဦးနှင့် ဟွာဘင်ပြည်နယ်မှ တစ်ဦးဖြစ်ကြောင်း ဗီယက်နမ် သဘာဝဘေးဒုက္ခထိန်းချုပ်ရေးကော်မတီက ဇွန် ၁၁ ရက်တွင် ပြောခဲ့သည်။ ထို့အတူ ဟာဂျိုင်ယန်ပြည်နယ်မှ နှစ်ဦးနှင့် ကိုင်ဘန်ပြည်နယ်မှ နှစ်ဦးတို့လည်း ပျောက်ဆုံးလျက်ရှိကြောင်း အဆိုပါကော်မတီက ပြောခဲ့သည်။

တောင်ကျရေနှင့်ရေကြီးမှုတို့ကြောင့် အိမ်ပေါင်း ၈၀ ကျော်နှင့် တံတားပေါင်းခုနစ်စင်း ပျက်စီးခဲ့ပြီး မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်းသိရသည်။ ထို့အပြင် စပါးစိုက်ခင်းဧကရာကျော်ရေလွှမ်းမိုးမှုဖြစ်ပွားပြီး ဗီယက်နမ်ဒေါင် ကိုးဘီလီယံခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

ပထမနှစ်တစ်ဝက်အတွင်း သဘာဝဘေးဒုက္ခများကြောင့် သေဆုံး၊ ပျောက်ဆုံးသူ ၂၇ ဦးနှင့် ဒဏ်ရာရရှိသူ ၃၀ ရှိပြီး အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၂ သန်း ဆုံးရှုံးခဲ့ကြောင်း ဗီယက်နမ်စာရင်းအင်းရုံးက ထုတ်ပြန်ခဲ့သည်။

**(ဆင်ဟွာ)**

## မြောက်ကိုရီးယားနိုင်ငံနှင့်ပတ်သက်၍ တရုတ်တွင် တာဝန်ရှိသည်ဟူသော သီအိုရီကို အဆုံးသတ်တော့မည်ဖြစ်ကြောင်း တရုတ်နိုင်ငံပြောကြား



ဂျီ - ၂၀ ထိပ်သီးအစည်းအဝေးအတွင်း၌ သမ္မတရှီကျင့်ဖျင်နှင့် သမ္မတထရန့်ကိုအတူတကွ တွေ့ရစဉ်

**ပေကျင်း ဇူလိုင် ၁၁**

မြောက်ကိုရီးယားနိုင်ငံအပေါ် ဖိအားပေးမှုများပိုမိုလုပ်ဆောင်ရန် အမေရိကန်က အဆက်မပြတ်တိုက်တွန်းနေမှုကို တရုတ်နိုင်ငံသည် အင်္ဂါနေ့တွင် ထင်မှတ်မထားသည့် တုံ့ပြန်မှုတစ်ခုပြုလုပ်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားကိစ္စနှင့် ပတ်သက်လာလျှင် တရုတ်နိုင်ငံတွင်တာဝန်ရှိသည်ဟူသော သီအိုရီကို အဆုံးသတ်သင့်ပြီဖြစ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးက ၎င်းတို့၏ လုပ်ပိုင်ခွင့်များကိုရနိုင်သမျှ အသုံးပြုဖို့လိုအပ်ကြောင်း တိုက်တွန်းတောင်းဆိုခဲ့သည်ဟု ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်စနေနေ့က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ထရန့်သည် သမ္မတရှီနှင့် ပြေပြေလည်လည်ဖြစ်လိုသည့် သဘောထားကိုဖော်ပြခဲ့သော်လည်း မြောက်ကိုရီးယားနှင့် စီးပွားရေးအရ သာမက သံတမန်ဆက်ဆံရေးအရပါ နီးကပ်မှုရှိသည့် တရုတ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားအရေးတွင် လုံလောက်သည့် ထိန်းချုပ်ဆောင်ရွက်နိုင်မှုမျိုးကို တွေ့ရှိရခြင်းမရှိသည့်အတွက် ၎င်းအနေဖြင့် အားမလိုအားမရဖြစ်မှုကို ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားက တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို ထပ်မံစမ်းသပ်ပစ်လွှတ်ခဲ့ပြီး ယင်းဒုံးကျည်သည် အမေရိကန်ပြည်ထောင်စုအလက်စကာအထိ ရောက်ရှိနိုင်ကြောင်း ပညာရှင်အချို့က ခန့်မှန်းခဲ့ကြပြီးနောက်တွင် ထရန့်က တရုတ်နိုင်ငံအပေါ် ၎င်း၏ကျေနပ်အားရမှုမရှိသည့်ခံစားချက်ကို ဖော်ပြခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် အခြားနိုင်ငံများက မြောက်ကိုရီးယားနိုင်ငံအပေါ် ဖိအားပေးမှုများ ပိုမိုလုပ်ဆောင်ရန် တိုက်တွန်းလာမှုကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂန်ရှောင်က မြောက်ကိုရီးယားအရေးကို ဖြေရှင်းရန် အဓိကသော့ချက်မှာ တရုတ်နိုင်ငံတစ်ခုတည်းအပေါ်တွင် မူတည်နေသည်မဟုတ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ဝန်ထမ်းတွေမှာ အထက်ကခိုင်းတဲ့အတိုင်း လုပ်တတ်တဲ့အကျင့်ကနေ မိမိကိုယ်တိုင် တာဝန်ယူမှု၊ တာဝန်ခံမှု ဆိုတဲ့ စနစ်ကို ပြောင်းလဲရမယ်

**ဦးမြသိန်း**

နေပြည်တော် ဇူလိုင် ၁၁

**မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ထုတ်ပြန်ခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှ နိုင်ငံ့ဝန်ထမ်းများ၏ ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားတက်ကြွစေရေးအတွက် ကမ္ဘာ့နိုင်ငံများ သတ်မှတ်ကျင့်သုံးသည့် နည်းလမ်းများကို လေ့လာဆွေးနွေးခြင်းနှင့် ပြည်သူ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်ဓာတ်ခွန်အား ထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်း အသိပညာမျှဝေမှုဖိုရမ် ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ဆက်လက်ကျင်းပသည်။** (ယာပုံ)




ဒီမိုကရေစီပြုပြင်ပြောင်းလဲစ မြန်မာနိုင်ငံတွင် လက်ရှိကျင်းပနေသည့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်မှ နိုင်ငံ့ဝန်ထမ်းများအတွက် အကျိုးခံစားခွင့်၊ ရပိုင်ခွင့်၊ လိုအပ်ချက်များနှင့် အခွင့်အလမ်းများ စသည်တို့နှင့်ပတ်သက်ပြီး တက်ရောက်လာသူများ၏ သဘောထားအမြင်များကို ထုတ်နုတ်ဖော်ပြရလျှင် -

**ဦးစောဗယ်လင်တိုင်း**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်**

ပထမဆုံးအနေနဲ့ ဒီအခမ်းအနားကျင်းပဖြစ်ပုံနဲ့ ပတ်သက်ပြီးပြောရရင် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု မဟာဗျူဟာစီမံချက်ဆိုတာက ပြီးခဲ့တဲ့နှစ်မှာ အလုပ်ရုံဆွေးနွေးပွဲတွေ အကြိမ်ကြိမ်ပြုလုပ်ပါတယ်။ ထို့အတူ ပြည်တွင်းပြည်ပ ကျွမ်းကျင်သူတွေပါဝင်တဲ့ အစည်းအဝေးတွေလုပ်တယ်။ အလုပ်ရုံဆွေးနွေးပွဲလုပ်တဲ့အခါမှာလည်း ပြည်တွင်းပြည်ပကပုဂ္ဂိုလ်တွေ ပါဝင်ခဲ့တယ်။ နောက်ပြီး ဆက်စပ်တဲ့ ဝန်ကြီးဌာန အဖွဲ့အစည်းပေါင်းစုံနဲ့လည်း အစည်းအဝေးလုပ်ခဲ့ပါတယ်။ အဲဒီလိုတွေ လုပ်ပြီးတော့မှ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု မဟာဗျူဟာစီမံချက်ဆိုတာ လုပ်ဖြစ်တာ ဖြစ်တယ်။ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု မဟာဗျူဟာစီမံချက်ကနေ အချက်လေးချက်ကို ရွေးထုတ်လိုက်တယ်။

အဲဒီအချက်တွေကတော့ နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်မှု ပုံစံသစ်၊ အရည်အချင်းနဲ့ စွမ်းဆောင်ရည်အပေါ် မူတည်ပြီးတော့မှ ဝန်ထမ်းတွေကို ချီးမြှင့်ဖို့သတ်မှတ်တာ။ နောက်တစ်ခုက ပြည်သူဗဟိုပြု ခေါင်းဆောင်တွေဖြစ်လာဖို့၊ ပြည်သူ့ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်မြင့်မားလာဖို့အတွက်၊ ခေါင်းဆောင်ကောင်းဖြစ်လာဖို့အတွက် လေ့ကျင့်ပေးခြင်းပဲ ဖြစ်တယ်။ နောက်ဆုံးတစ်ချက်ကတော့ ဝန်ထမ်းလောကရဲ့လုပ်ငန်းပိုင်းမှာ ပွင့်လင်းမြင်သာမှုရှိဖို့ဆိုတဲ့ အပိုင်းတွေပါ။ ဒါတွေနဲ့ ပတ်သက်ပြီး ပြည်သူတွေကလည်း ဝန်ထမ်းတွေအပေါ်နားလည်ဖို့လိုတယ်။ နောက်တစ်ခုက တာဝန်ခံမှုပါ။ ဝန်ထမ်း တချို့က တာဝန်ပေးရင် ငြင်းချင်၊ ရှောင်ချင်ကြတာ ရှိတယ်။ တာဝန်ခံမှုအနေနဲ့ တာဝန်ကိုယ်စီ ယူနိုင်အောင်ဆိုပြီး ရည်ရွယ်လုပ်တာဖြစ်တယ်။

နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်မှု ပုံစံအသစ်က ပြောရရင် စရိုက်လက္ခဏာပါ။ စရိုက်လက္ခဏာဆိုတာ တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၊ အရပ်ဒေသ တစ်ခုနဲ့တစ်ခု ကွဲပြားကြတယ်။ အဲ့ဒီစရိုက်လက္ခဏာပေါ်မူတည်ပြီး ဘယ်စရိုက်လက္ခဏာမျိုးသည် မှန်ကန်တာဖြစ်မလဲဆိုတာ အချက်အလက်တွေကို ရှာဖွေဖော်ထုတ်ရမှာဖြစ်ပါတယ်။ နောက်တစ်ခုကအစိုးရနဲ့ ပြည်သူနဲ့ နီးနီးကပ်ကပ် ရှိလာဖို့ လိုတယ်။ အခုဟာက အစိုးရက တခြား၊ ပြည်သူကတခြားသွားနေလို့ တစ်ယောက်နဲ့ တစ်ယောက် နားမလည်ကြဘူး။ အထူးသဖြင့်ကတော့ ပြည်သူက ဝန်ထမ်းကို မဆက်ဆံချင်ဘူး။ ယုံကြည်မှု အားနည်းတယ်။ အားကိုးလိုစိတ်လည်း မရှိဘူး။ ဒါကြောင့် ပြည်သူနဲ့ အစိုးရနီးအောင် ကျွန်တော်တို့အနေနဲ့ ဗဟိုချုပ်ကိုင်မှုစနစ်တွေ လျှော့ချရမယ်။ ဒီလို ဗဟိုချုပ်ကိုင်မှု လျှော့ချမှသာလျှင် အောက်လက်ငယ်သားကို အာဏာပေးတာဖြစ်တဲ့အတွက် ပြည်သူနဲ့ အမြဲတမ်းသွားလာနေကြတော့ ထိတွေ့ပြီးတော့မှ အလုပ်တွေလည်း ပြီးအောင်လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အပေါ်ထိအောင် သိပ်တက်လာစရာ မလိုဘူး။ ဒါပေမယ့် တစ်ခုအားနည်းချက်ရှိတာက အောက်လက်ငယ်သားတွေကိုလည်း လေ့ကျင့်ပေးဖို့လိုမယ်။ အကျင့်စာရိတ္တကောင်းဖို့လည်းလိုပါမယ်။

**ဦးမြသိန်း**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်(အငြိမ်းစား)**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့အကြံပေးအရာရှိ**

နိုင်ငံ့ဝန်ထမ်းတွေ တိုးတက်အောင် ကျွန်တော့်အနေနဲ့ ဦးဆောင်ပြီး နိုင်ငံခြားသား ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေမှာ အထက်က ခိုင်းတဲ့အတိုင်း လုပ်တတ်တဲ့အကျင့်ကနေ မိမိကိုယ်တိုင် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုတဲ့ စနစ်ကို ပြောင်းလဲရမယ်။ အဲဒီလို ပြောင်းလဲမယ်ဆိုတော့ တချို့က အကျင့်ပါတုန်းရှိပါသေးတယ်။ ခိုင်းမှပဲ လုပ်တတ်တယ်။ အဲဒါမျိုးတွေ မဖြစ်အောင် ကမ္ဘာက နည်းပညာတွေကောင်းတဲ့၊ အတတ်ပညာတွေကောင်းတဲ့ ပညာရှင်တွေနဲ့ ပူးပေါင်းပြီး လုပ်ပါတယ်။ အခု ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ခေါင်းဆောင်ပြီးတော့ နယူးဇီလန်နိုင်ငံကို သွားရောက်လေ့လာပြီး ဆောင်ရွက်နေတာတွေလည်း တွေ့ပါလိမ့်မယ်။

နေ့ချင်းညချင်း ပြောင်းလဲလို့တော့ မရပါဘူး။ တဖြည်းဖြည်းတော့ ပြောင်းလဲလာမှာပါ။ ဒါ့ကြောင့် ဝန်ထမ်းတွေကို စိတ်ဓာတ်မကျဖို့ ၊ စိတ်ဓာတ်တွေ မြှင့်တင်ထားဖို့၊ ကျွန်တော်တို့ လူမျိုးတွေက ညီညွတ်ရင် အားလုံးလုပ်လို့ရပါတယ်။ တိုးတက်အောင် ဆောင်ကြဉ်းနိုင်တယ်။ ကမ္ဘာ့ထိပ်တန်းတွေကို ကြည့်ကြည့်ပါ။ ကျွန်တော်တို့ မြန်မာလူမျိုးတွေ ရှိကြပါတယ်။ တစ်ခုပဲလိုတယ်။ ကျွန်တော်တို့က အသိအမှတ်ပြုပေးဖို့သာ လိုအပ်တာပါ။ ဝန်ထမ်းတွေက ဘယ်လောက်ပဲ အလုပ်ကြိုးစားကြိုးစား အသိအမှတ်ပြုမခံရတဲ့အခါကျတော့ စိတ်ဓာတ်ကျဆင်းလာတယ်။ နေရာအပေးမခံရဘူး။ သူတို့တစ်တွေသည် နိုင်ငံတော်ရဲ့ဝန်ကိုထမ်းမှာဖြစ်လို့ နိုင်ငံ့ဝန်ထမ်းတွေဖြစ်တယ်။ ငွေကြေးပိုရပေမယ့် အပြင်လုပ်ငန်းတွေကို ထွက်မလုပ်ဘူး။ စွဲစွဲမြဲမြဲ လုပ်ပေးနေတဲ့ ဝန်ထမ်းတွေကို ကျွန်တော်တို့အားလုံးက ဂုဏ်ယူဝင့်ကြွားစွာနဲ့ တို့နိုင်ငံတော်အတွက် လုပ်နေတယ်ဆိုတဲ့ ခံယူချက်ကို ပီပြင်အောင်၊ ဂုဏ်ရှိအောင်၊ သူတို့ရဲ့စိတ်ဓာတ်တွေ တက်ကြွအောင် ငွေကြေးအတွက်ပဲ မဟုတ်ဘဲနဲ့ အခွင့်အလမ်းတွေ၊ အခွင့်အရေးတွေ အဲဒါတွေ ပူးပေါင်းပြီး အားလုံးလုပ်စရာတွေ အများကြီးပဲ။ အသိပညာတွေလည်း အများကြီးပေးရမယ်။ အဲဒီလိုနဲ့ ကျွန်တော်တို့ နောက်မျိုးဆက်သစ်တွေကို ကူးပြောင်းပေးပြီးရင် အချိန်တိုအတွင်းမှာ တိုးတက်လာမှာဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**Mr.Ryan Orange**
**(New Zealand)**

အရည်အချင်းကို အခြေခံပြီး လုပ်ဆောင်မှုနဲ့ယုံကြည်မှု၊ အားထားမှုကို ရဖို့ဆိုတာ အဂတိလိုက်စားမှုကို လျှော့ချဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူတွေအနေနဲ့ သူတို့အတူ လက်တွဲအလုပ်လုပ်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေဟာ ဘယ်လောက်အထိ ယုံကြည်ရမလဲဆိုတဲ့အပိုင်းက အဂတိလိုက်စားမှုကို လျှော့ချဖို့ အလွန်အရေးကြီးတဲ့အပိုင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အခုရေးဆွဲထားတဲ့ မဟာဗျူဟာစီမံချက်ကြီးထဲက အနှစ်သာရအရှိဆုံး အချက်နှစ်ချက်လည်း ဖြစ်ပါတယ်။

ဒီမဟာဗျူဟာစီမံချက်က ငါးနှစ်အချိန်ယူပါတယ်။ ဘာကြောင့်လဲ၊ ခက်ခဲနက်နဲ ရှုပ်ထွေးတဲ့ ပြောင်းလဲမှုတွေကို ပြောင်းလဲဖို့၊ တွန်းသွားနိုင်ဖို့ဆိုရင် ပုံမှန်အားဖြင့်တော့ ငါးနှစ်လောက်အချိန်လိုပါမယ်။ မြန်မာနိုင်ငံအနေနဲ့ဆိုရင် ငါးနှစ်အတွင်းမှာ အကုန် ပြောင်းသွားမယ်တော့ ကျွန်တော်မဆိုလိုဘူး။ သို့သော်လည်း ဒီငါးနှစ်အတွင်းမှာ စိန်ခေါ်မှုတွေနဲ့အတူ ပြောင်းလဲမှု တော်တော်များများကို လုပ်ဆောင်နိုင်လိမ့်မယ်ဆိုတာတော့ ကျွန်တော် ယုံကြည်ပါတယ်။

ပြောင်းလဲမှုဆိုတာ ခက်ခဲပါတယ်။အရေးကြီးတာက ဘာလဲဆိုရင် ပြောင်းလဲမှုကို ဘယ်လိုဖြစ်အောင်လုပ်မလဲ ဆိုတာကို သင်ယူဖို့ လိုအပ်ပါတယ်။ အဲ့ဒီလို သင်ယူတဲ့အခါမှာလည်း မလွှဲမရှောင်သာ အမှားတွေ လုပ်မိကြမှာပါ။ သို့သော်လည်း ဘယ်နိုင်ငံမှာမဆို နိုင်ငံ့ဝန်ထမ်းတွေ အမှားလုပ်မိတာကို ပြည်သူတွေက မကြိုက်ကြပါဘူး။ သို့သော် ဒီလိုလုပ်ဆောင်တဲ့အခါ လုံးဝမတူတော့တဲ့ အသစ်တစ်ခုကို လူတွေအနေနဲ့ လုပ်တဲ့အခါမှာ သင်ယူဖို့လိုတယ်။ သင်ယူဖို့အတွက်လည်း လိုအပ်တဲ့ စွမ်းဆောင်ရည်တွေ မြှင့်တင်ဖို့လည်း အချိန်ယူရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ပြည်ထောင်စုဝန်ကြီးတွေ ပြောသွားတဲ့အပိုင်းမှာ ပြောင်းလဲမှုဟာ ရွေးချယ်နိုင်တဲ့ဟာ မဟုတ်ဘူး။ လုပ်ကို လုပ်ရမယ့်ဟာ ဖြစ်တယ်ဆိုတာ ပြောသွားပါတယ်။

ဒီလိုမျိုးက မြန်မာနိုင်ငံမှာပဲ ဖြစ်တာမဟုတ်ပါဘူး။ အခြားနိုင်ငံတွေမှာ ဒီအတိုင်းပါပဲ။ ဒါပေမယ့် မြန်မာနိုင်ငံမှာက အချိန်ယူပြီးတော့ စွမ်းဆောင်ရည်တွေ မြှင့်တင်ဖို့က ပိုပြီးအရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုရင် မြန်မာနိုင်ငံက ဒီမိုကရေစီပြောင်းလဲမှုမရှိဘဲ အချိန်ကာလအကြာကြီး ဖြတ်သန်းခဲ့တဲ့နိုင်ငံဖြစ်လို့ မြန်မာနိုင်ငံအတွက်တော့ အပြောင်းအလဲတွေလုပ်ဖို့အတွက် အချိန်ယူပြီး စွမ်းဆောင်ရည်တွေ မြှင့်တင်ဖို့အတွက်က ပိုပြီးတော့အရေးကြီးပါတယ်။

တကယ်ရှိသင့်တဲ့ ဝန်ထမ်းအရေအတွက်နဲ့ ဝန်ထမ်းတွေကိုလည်း ပေးသင့်တဲ့ ပမာဏမပေးဘူးဆိုရင် ဒါအင်မတန်ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် ဒါနဲ့ပတ်သက်ပြီး ဘယ်သူမှ မေးခွန်းကို မမေးခဲ့ကြတာက ဘာကြောင့်လဲဆိုရင် ဒါကို မြန်မာနိုင်ငံ ကိုယ်တိုင်က ကိုယ့်ဟာကိုယ် ပြုပြင်ရမယ့်၊ ပြင်ဆင်ရမယ့် အချက်တစ်ချက်ဖြစ်နေလို့လည်း ဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ ဒီလိုမျိုးအခြေအနေတွေကို ပြုပြင်ဖို့အတွက် ငွေကြေး၊ အခွင့်အလမ်းတွေ ရပြီဆိုတာနဲ့ လုပ်ရတော့မှာပါပဲ။ ဒီနိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာစီမံချက်ကြီးဟာ မြန်မာနိုင်ငံရဲ့ Capacity ကို မြှင့်တင်ပေးပါလိမ့်မယ်။

**Mr.Dr.Nigel Goh**
**(စင်ကာပူအခြေစိုက် UNDP)**

အခု ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခြေအနေတွေဟာ လွန်ခဲ့တဲ့ အနှစ် ၂၀ တုန်းက ကြုံတွေ့နေရတဲ့ အခြေအနေတွေနဲ့ အများကြီးကွာခြားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာကြီးက လျင်မြန်စွာ ပြောင်းလဲနေတယ်။ ကမ္ဘာကြီးရဲ့ ပြောင်းလဲမှုတွေဟာ ကြိုတင်ခန့်မှန်းလို့မရနိုင်တဲ့ အခြေအနေမျိုးနဲ့ ပြောင်းလဲနေတာ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် လက်ရှိ နိုင်ငံ့ဝန်ထမ်းတွေ ရင်ဆိုင်နေရတဲ့ အခြေအနေတွေဟာ လွန်ခဲ့တဲ့ အနှစ် ၂၀ ကထက် အများကြီးပိုပြီးတော့ စိန်ခေါ်မှုတွေနဲ့ ပြည့်နှက်နေတာ ဖြစ်ပါတယ်။ အဲဒီလိုမျိုးခန့်မှန်းလို့ မရနိုင်လောက်တဲ့ အလွန်ခက်ခဲတဲ့ အခြေအနေတွေ၊ ပြောင်းလဲမှုတွေက အလွန်မြန်ဆန်နေတဲ့ အခြေအနေမှာ နိုင်ငံ့ဝန်ထမ်းတွေဟာ အရာရာကို ကြိုတင်ရေးဆွဲထားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

အဲ့ဒီအတွက်ကြောင့် နိုင်ငံ့ဝန်ထမ်းအားလုံးမှာ အကြီးတန်းအဆင့်တင်မကဘူး။ အလယ်အလတ်အဆင့်၊ အောက်ခြေအဆင့်တွေမှာပါ ပြောင်းလဲသွားတဲ့ ပြောင်းလဲမှုတွေနဲ့ လိုက်လျောညီထွေ တုံ့ပြန်ပြီးတော့ ပြောင်းလဲနိုင်ဖို့က ဒီအဆင့်တိုင်းအတွက် အလွန်ပဲ အရေးကြီးလှပါတယ်။ ဒီလို တုံ့ပြန်နိုင်ဖို့အတွက် နိုင်ငံ့ဝန်ထမ်းအဆင့်အားလုံးမှာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိဖို့ လိုပါတယ်။ ဆိုလိုတာက နိုင်ငံ့ဝန်ထမ်းတွေဟာ ဒီလိုမျိုးဆုံးဖြတ်ချက်တွေ ချမှတ်ဖို့အတွက် နိုင်ငံ့ဝန်ထမ်းတွေအပေါ် ယုံကြည်ချက်ထားဖို့ လိုအပ်လာပါတယ်။ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်ဖို့ဆိုတာ သူတို့ရဲ့မှန်ကန်တဲ့ လှုံ့ဆော်မှု (Motivation) ရှိဖို့ လိုပါတယ်။

ဒီလို စည်းမျဉ်း၊ စည်းကမ်းတွေအတိုင်း ဆုံးဖြတ်တာမျိုး မဟုတ်ဘဲနဲ့ သူတို့ရဲ့အတွင်းနှလုံးထဲကနေလာတဲ့ ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်တွေက အရေးပါတယ်။ အဲ့ဒါကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်တဲ့နေရာမှာ အတွင်းက လှုံ့ဆော်မှုဆိုတာ အလွန်ကို အရေးကြီးပါတယ်။ အလျင်အမြန်ပြောင်းလဲနေတဲ့ ပြောင်းလဲမှုတွေကြောင့်ရယ်၊ နောက်တစ်ခု အထက်ဆုံးအဆင့်ကနေ အောက်ခြေအဆင့်အထိ အားလုံးဟာ ဒီပြောင်းလဲမှုတွေကို မှန်မှန်ကန်ကန် တုံ့ပြန်နိုင်ဖို့ဆိုတာတွေအတွက် လှုံ့ဆော်ပေးခြင်းဆိုတာ လွန်စွာအရေးကြီးတာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း-တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွှေး**



ဦးစောဗယ်လင်တိုင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်



ဦးမြသိန်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် (အငြိမ်းစား) ပြည်ထောင်စုရာထူးဝန်အဖွဲ့ အကြံပေးအရာရှိ



Mr.Ryan Orange (New Zealand)



Mr.Dr.Nigel Goh (စင်ကာပူအခြေစိုက် UNDP)

## 7 Day နေ့စဉ်သတင်းစာပါ "ရွှေတိဂုံစေတီအလှူခံရငွေ ကျပ်ဘီလီယံ ၆၀ ကျော်နှင့် ကန်ဒေါ်လာသန်း ၂၀ ကျော်ရှိ၊ ဘဏ်ကအတိုးမပေးနိုင်၍ ငွေတိုက်စာချုပ်ဝယ်ထားရ" သတင်းဖော်ပြမှုအပေါ် ရှင်းလင်းတင်ပြခြင်း

မြန်မာ့စီးပွားရေးဘဏ်သည် အကြီးမားဆုံးကွန်ရက်ရှိသည့် နိုင်ငံပိုင်ဘဏ်ဖြစ်သည့်အားလျော်စွာ ပြည်သူတို့၏ ယုံကြည်မှုကို အပြည့်အဝရရှိထားပြီး ပြည်သူများ၏ စုဆောင်း အပ်နှံငွေများအပေါ် ပေးအပ်ရမည့် အတိုးငွေများကို ပုံမှန်ထည့်သွင်းပေးလျက်ရှိသည်။

၅-၇-၂၀၁၇ ရက်နေ့ထုတ် 7Day နေ့စဉ်သတင်းစာ စာမျက်နှာ(၂) ပါ "ရွှေတိဂုံစေတီ အလှူခံရငွေ ကျပ် ဘီလီယံ ၆၀ ကျော်နှင့် ကန်ဒေါ်လာ သန်း ၂၀ ကျော်ရှိ၊ ဘဏ်က အတိုးမပေးနိုင်၍ ငွေတိုက်စာချုပ်ဝယ်ထားရ" ခေါင်းစဉ်ဖြင့် သတင်းဖော်ပြထားမှုအပေါ် ရွှေတိဂုံစေတီတော် အလှူငွေများကို ရန်ကုန်မြို့ရှိ ငွေစုဘဏ်ခွဲနှစ်ခုတွင် ငွေစုဘဏ် အပ်ငွေ (Savings Deposit)အဖြစ် အများဆုံးအပ်နှံထားရှိကြောင်း၊ အတိုးပိုမိုရရှိသည့် သက်တမ်း(၁၂)နှစ်ရှိ ငွေစုလက်မှတ်အပ်ငွေ (Savings Certificate)နှင့် စာရင်းသေအပ်ငွေ (Fixed Deposit) များကိုလည်း ဂေါပကအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အပ်နှံထားရှိပါသည်။

အဆိုပါ အပ်နှံငွေအားလုံးအပေါ် ကျသင့်သော အတိုးများကို သတ်မှတ်ကာလစေ့ရောက်ချိန်တိုင်းတွင် အပြည့်အဝထည့်သွင်းပေးထားပြီးဖြစ်ကြောင်း၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ငွေစုဘဏ်အပ်ငွေစာရင်း အပေါ် ၃၀-၃-၂၀၁၇ ရက်နေ့အထိ မြန်မာ့စီးပွားရေးဘဏ်က အတိုးပေးခဲ့သည့်ငွေများမှာ ကျပ် ၁၇.၇ ဘီလီယံကျော်ဖြစ်ကြောင်း၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အနေဖြင့် အခြားသော အတိုးရရှိနိုင်သည့် နည်းလမ်းများဖြစ်သည့် ငွေတိုက်စာချုပ်ဝယ်ယူမှုများကိုလည်း ဆောင်ရွက်နိုင်ပြီး ငွေစုဘဏ်အပ်ငွေထက် အတိုးပိုမိုရရှိနိုင်ကြောင်း၊ ငွေတိုက်စာချုပ်များဝယ်ယူခြင်းမှာ ဂေါပကအဖွဲ့၏ ဆန္ဒအရသာဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်က အတိုးမပေးနိုင်၍ မဟုတ်ကြောင်း၊ သို့ဖြစ်၍ "ဘဏ်ကအတိုးမပေးနိုင်၍" ဟူသော စာသားအပေါ် မြန်မာ့စီးပွားရေးဘဏ်က ကန့်ကွက်ပါကြောင်းနှင့် တရားဝင် ပြန်လည်ပြင်ဆင်ပေးပါရန် သက်ဆိုင်ရာသို့ အကြောင်းကြားထားရှိပါကြောင်း မိဘပြည်သူများအား လေးစားစွာသိစေအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

## မောင်တောမြောက်ပိုင်း ကြိမ်ချောင်းဈေး ရောင်းဝယ်ဖောက်ကားစည်ကားလျက်ရှိ

**မောင်တော ဇူလိုင် ၁၁**

မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် မောင်တောမြောက်ပိုင်း ကြိမ်ချောင်းကျေးရွာဈေးသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါဈေးကြီးသည် မောင်တောမြောက်ပိုင်းတွင် အကြီးဆုံးဈေးကြီး ဖြစ်ပြီး ကြိမ်ချောင်းကျေးရွာနှင့် အနီးရှိ ကျေးရွာများမှ လာရောက်ရောင်းဝယ်ဖောက်ကားကြသည့် အစည်ကားဆုံးဈေးကြီးလည်းဖြစ်သည်။ အထူးသဖြင့် ဒေသထွက်အသီးအနှံများ၊ သားငါးများ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများ၊ ငါးပိငါးခြောက်များ၊ ဆေးဝါးများ စုံလင်စွာ ရောင်းဝယ်ဖောက်ကားလျက်ရှိသည်ကို တွေ့ရသည်။

မောင်တောမြောက်ပိုင်း ကြိမ်ချောင်းဈေးကြီးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်တောင်ပြိုလက်ဝဲနှင့် ဗန္ဓုလသို့ သွားရာလမ်းဆုံနေရာလည်းဖြစ်၍ လူစည်ကားရာ ဒေသတစ်ခုလည်း ဖြစ်သည်။ ကြိမ်ချောင်းတွင် အထက်တန်းကျောင်းနှင့် ကျန်းမာရေးဆေးပေးခန်းလည်း ရှိသည်။



မြို့နယ်တာဝန်ရှိသူများက ဈေးကြီးသန့်ရှင်းသပ်ရပ်ရေး၊ စည်းကမ်းတကျ ရောင်းဝယ် ဖောက်ကားရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားခဲ့ကြသည်။

ထို့ပြင် ဈေးအနောက်ဘက်ရှိ ပြူးမချောင်းရေတိုက်စားမှုကြောင့် နေအိမ်များ ပြိုကျလျက်ရှိသည်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ယခုအချိန်အထိ ရေတိုက်စားမှုကြောင့် နေအိမ် ၁၇ လုံး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရကြောင်း ကြိမ်ချောင်းအုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က ပြောသည်။

မြို့နယ် တာဝန်ရှိသူများသည် ရေတိုက်စားမှုကာကွယ်ရေး၊ နေအိမ်များ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းနိုင်ရေးတို့အတွက် ဒေသတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ-သက္က**

## ရေဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ယာယီရေရှောင်စခန်းဖွင့်လှစ်

**ပခုက္ကူ ဇူလိုင် ၁၁**

ပခုက္ကူမြို့နယ်ညောင်ပင်အုပ်စု ဥယျာဉ်ကျေးရွာတွင် ရေဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရွှေ့ပြောင်းလာသူများအတွက် ယာယီရေရှောင်စခန်းကို ဇူလိုင် ၁၁ ရက် နံနက် ၁၁ နာရီက ဖွင့်လှစ်သည်။

ပခုက္ကူမြို့နယ် ဥယျာဉ်ကျေးရွာတွင် ဖွင့်လှစ်သော ယာယီရေရှောင်စခန်းကို ရှားပင်၊ နှုံးပို့၊ သဖန်းပင်ကျေးရွာတို့မှ ယာယီရေရှောင် နေထိုင်ကြမည်ဖြစ်ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပခုက္ကူခရိုင်ရုံးနှင့် ဒေသခံ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ယာယီတဲ အလုံး ၂၀ တည်ဆောက်ပေးထားပြီး လူဦးရေ ၃၃၀ ခန့် နေထိုင်နိုင်ကြောင်း သိရသည်။

အဆိုပါ ယာယီရေရှောင်စခန်းသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဆောင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်မြတ်မိုး၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးနေဝင်းတို့က လိုအပ်ချက်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးသည်။

ပခုက္ကူမြို့၏ စိုးရိမ်ရေမှတ်သည် ၂၁၅၀ စင်တီမီတာ (၇၀ ဒသမ ၅ ပေ) ဖြစ်ပြီး ယနေ့ မွန်းလွဲ ၂ နာရီတိုင်းထွာချက်အရ ၂၀၀၇ စင်တီမီတာ (၆၉ ဒသမ ၁ ပေ )သို့ ရောက်ရှိနေကြောင်း သိရသည်။ မြစ်ရေဝင်ရောက်လျက်ရှိသော ကျေးရွာအချို့တွင် ကျောင်းများ ယာယီပိတ်ထားကြောင်း သိရသည်။

**တင်အောင်ဝင်း**

❊ ရှေ့ဖုံးမှ

ဘာအန္တရာယ်မှလည်း သူတို့မမြင်တော့ဘူး။ ဒါကြောင့် ကျွန်တော်လည်း ကားလာငှားတာတောင် မလိုက်ဖြစ်တော့ဘူး"ဟု တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ရပ်ကွက်မှ အငှားယာဉ်မောင်း ကိုမောင်လင်းက ပြောသည်။

ယခုနှစ် မိုးတွင်းကာလတွင် ရန်ကုန်မြို့ရေကြီးရေလျှံမှုကြောင့် ခရီးသွားပြည်သူများ၊ ရပ်ကွက်နေပြည်သူများ၊ ယာဉ်မောင်းများနှင့် ဝန်ထမ်း၊ အလုပ်သမားများ မကြာခဏဆိုသလို အခက်အခဲအချို့နှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။ သက်ဆိုင်ရာ မြို့တော်စည်ပင်နှင့်အတူ CSR လုပ်ငန်းရှင်များ၊ အလှူရှင်များ၊ အဖွဲ့အစည်းအချို့တို့ကလည်း တတ်အားသရွေ့လိုက်လံအဖြေရှာ ဖော်ထုတ်ဆောင်ရွက်လျက်ရှိသော်လည်း ယနေ့တိုင် ဖြစ်ပေါ်နေဆဲပင်ဖြစ်သည်။ ယနေ့ ဇူလိုင် ၁၁ ရက်တွင် ရန်ကုန်မြို့၌ ရေကြီးရေလျှံဖြစ်ပေါ်သည့်အချိန်မှာ ညနေပိုင်း ရုံးဆင်းချိန်၊ အလုပ်ဆင်းချိန် အများပြည်သူသွားလာလှုပ်ရှားမှုများပြားသောအချိန်ဖြစ်၍ တစ်မြို့လုံးနီးပါး ယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ် ခဲ့သည်။ မိုးရွာသွန်းမှုမှာလည်း မွန်းလွဲ ၁ နာရီဝန်းကျင်မှ ညနေ ၅ နာရီခွဲအထိ ရွာသွန်းချိန်ကြာမြင့်ခဲ့ခြင်းကြောင့် နေရာအနှံ့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

"အရင်နှစ်မိုးတွင်းကာလက အခုလောက်ရေကြီးရေလျှံမှု မဖြစ်သလိုဘဲ။ ဒီနှစ်တော့ ခဏခဏပဲ၊ ရေကြီးရေလျှံမှုက ရန်ကုန်မြို့နေရာအတော်များများမှာ ဖြစ်နေတာကိုတွေ့ရတယ်။ လူတွေက အမှိုက်တွေ ပစ်ချင်သလိုပစ်တယ်၊ လမ်းမှာလည်း စည်းကမ်းမရှိ၊ အိမ်မှာလည်း စည်းကမ်းမရှိကြဘူး။ တခြားနိုင်ငံတွေမှာက စည်ပင်ဝန်ထမ်းဆိုဒီရန်ကုန်မြို့လောက်တောင် သူတို့ဆီမှာ ခန့်ထားတာမတွေ့ရဘူး။ ဒါပေမယ့် အများပြည်သူပိုင်လမ်းတွေမှာ အမှိုက်တွေမြင်ချင်လို့တောင် မတွေ့ရဘူး။ ကျွန်တော်တို့နိုင်ငံမှာက တစ်ဦးချင်း တစ်ယောက်ချင်းစီက စည်းကမ်းမှုမရှိကြတာ။ လိုက်နာမှုလည်း တော်တော်လေး အားနည်းသေးတယ်" ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စင်ကာပူအခြေစိုက်ကုမ္ပဏီတစ်ခုတွင် တာဝန်ထမ်းဆောင်နေသာ ဦးမြတ်မင်းသန့်က ပြောသည်။

ရန်ကုန်မြို့၌ ယနေ့ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီဝန်းကျင်က ရွာသွန်းသောမိုးရေချိန်ကြောင့် မြို့တွင်းကားလမ်းအချို့နှင့် ရပ်ကွက်အချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး အထူးသဖြင့် မြို့တွင်းလမ်းများမှ အထွက်လမ်းမကြီးများဖြစ်သော သိမ်ဖြူလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ပြည်လမ်း စသည့် လမ်းမကြီးများအပြင် အရှေ့ရွှေဂုံတိုင်လမ်း၊ ဦးချစ်မောင်လမ်းနှင့် ဗဟိုလမ်းစသည့် နေရာအချို့လမ်းမကြီးများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။ ယနေ့ကဲ့သို့ ပြီးခဲ့သော ဇွန် ၄ ရက် ညနေပိုင်းကလည်း ရန်ကုန်မြို့နေရာအချို့၊ ရပ်ကွက်အချို့နှင့် အဓိကလမ်းမကြီးများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

## ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ ကျောက်ဖြူဒေသခံများနှင့်တွေ့ဆုံ




**ကျောက်ဖြူ ဇူလိုင် ၁၁**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိကြရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

မစ္စယန်ဟီလီနှင့်အဖွဲ့သည် ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေလှအောင်နှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသစီမံခန့်ခွဲရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများကို ရှင်းလင်းပြောကြားခဲ့ပြီး မစ္စယန်ဟီလီက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မစ္စယန်ဟီလီအဖွဲ့သည် ကျောက်ဖြူမြို့နယ် ပြင်ဖြူမော်ကျေးရွာသို့ ရောက်ရှိပြီး ရခိုင်ဒုက္ခသည် အိမ်ထောင်စု ၆၅ စု၊ လူဦးရေ ၃၁၈ ဦး နေထိုင်လျက်ရှိသော နေအိမ်များနေရာချထားမှုနှင့် ဒေသခံများ၏ အခက်အခဲများကို ဆွေးနွေးမေးမြန်းခဲ့သည်။

ညနေပိုင်းတွင် သိုင်းချောင်းလမ်းဆုံရှိ ကျောက်ဖြူစီးပွားရေးဇုန်ကိစ္စနှင့် ပတ်သက်၍ ဒေသခံတောင်သူ ၁၅ ဦးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး **(အပေါ်ပုံ)** ဆက်လက်ထွက်ခွာခဲ့ရာ PALACE HOTEL ၌ မလကျွန်း၊ ချောင်းဝ၊ ကုလားဘာကျေးရွာများရှိ အရပ်ဘက်အဖွဲ့အစည်းမှ လူပုဂ္ဂိုလ် ၁၂ ဦးနှင့် တွေ့ဆုံသည်။

ထို့နောက် ကျောက်တလုံးကယ်ဆယ်ရေးစခန်း(IDP) ကန့်စခန်းကြီးကြပ်ရေးကော်မတီ ရုံးခန်းသို့ရောက်ရှိကာ ဦးလဖြူချေ(ခ)မောင်ခင်လှ အပါအဝင် လူပုဂ္ဂိုလ် ၂၀နှင့် တွေ့ဆုံပြီး ဒုက္ခသည်များ နေထိုင်လျက်ရှိသော အဆောက်အအုံများအား လိုက်လံကြည့်ရှုသည်။

ညပိုင်းတွင် ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရိပ်သာ၌ ကျောက်ဖြူအထူးစီးပွားရေးဇုန် (SEZ) ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာဦးမောင်နှင့် အဖွဲ့ဝင်ငါးဦးတို့ကို တွေ့ဆုံပြီး စီးပွားရေးဇုန်ကိစ္စ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း (ခရိုင် ပြန်/ဆက်)**

## ချင်းတွင်းမြစ်ရေကြီးသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့မှ စာသင်ကျောင်းများ ပိတ်ထားရ

**မုံရွာ ဇူလိုင် ၁၁**

ချင်းတွင်းမြစ်ရေကြီးရေလျှံဖြစ်သည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရှစ်မြို့နယ်မှ စာသင်ကျောင်းပေါင်း ၁၈၆ ကျောင်း ပိတ်ထားရရာ အများဆုံးပိတ်ထားရသည်မှာ ၅၄ ကျောင်းပိတ်ထားရသည့် မင်းကင်းမြို့နယ်ဖြစ်ကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အတည်ပြုပြောကြားသည်။

"မိုးဆက်မကြီးဘူးဆိုရင်တော့ နောက် နှစ်ပတ်လောက်နေရင် ကျောင်းတွေဖွင့်လှစ်နိုင်မယ်လို့ မျှော်လင့်ရပါတယ်။ မြစ်နားကမ်းနားနီးတဲ့ ကျောင်းတွေ ပိတ်ထားရတာဖြစ်ပြီး အပျက်အစီးကတော့မရှိပါဘူး" ဟု တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ပြောသည်။

ချင်းတွင်းမြစ်တစ်လျှောက် ရေကြီးရေလျှံ၍ မြစ်ရေဝင်ရာဒေသများတွင် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့နှင့်အတူ ခရိုင်၊ မြို့နယ်အဖွဲ့ခွဲများက ကြိုတင်ကာကွယ်မှုများ၊ ကူညီကယ်ဆယ်ရေးများကို ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တစ်ခုလျှင် ကျပ်သိန်း ၁၀၀ စီ အရေးပေါ်သုံးစွဲနိုင်ရန် ထောက်ပံ့ပေးထားကြောင်း သိရသည်။

လက်ရှိတွင် ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ မင်းကင်း၊ ကလေးဝ၊ မုံရွာနှင့် ကနီမြို့နယ်တို့တွင် ငွေကျပ် ၂၅၆ သိန်းကျော်ရှိ ပစ္စည်းနှင့် ထောက်ပံ့ငွေများ ကူညီထားပြီး ရေကြီးမှုကြောင့် ခန္တီးမြို့နယ်တွင် ပစ္စည်းများရွှေ့ရင်း ချော်လဲရာ လေ့နံရုံဖြင့် တိုက်မိသူတစ်ဦး သေဆုံးခဲ့သလို မုံရွာမြို့နယ်နှင့် နန့်တောတွင် တစ်ဦးစီ သေဆုံးသည်ဟု ကြားသိရကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ဆိုသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ရေစကြိုမြို့ အမှတ် (၃)ရပ်ကွက်တွင် ချင်းတွင်းမြစ်ရေဝင်

**ရေစကြို ဇူလိုင် ၁၁**

ချင်းတွင်းမြစ်ရေသည် ရေစကြိုမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိနေသည့်အတွက် အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်းပေါ် ရေကျော်လျက်ရှိသည်။

ကမ်းနားလမ်းတစ်လျှောက် မြစ်ရေဝင်ရောက်မှုကြောင့် သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုများ ခေတ္တနှောင့်နှေးနေကြရကြောင်း ကမ်းနားလမ်းတစ်လျှောက်ရှိ ပွဲရုံများမှ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ငြိမ်းချမ်းရေးဂီတပွဲတော်တွင် ယှဉ်ပြိုင်သီဆိုမည့်သူများ လျှောက်လွှာထုတ်ယူနိုင်

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်မှုများကို ပြည်သူများ သိရှိပြီး တစ်ထောင့်တစ်နေရာမှ ပူးပေါင်း ပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်၍ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆို ပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ကျင်းပလျက်ရှိသည်။

ဒေသအလိုက် ပထမဦးဆုံးပွဲစဉ်များကို ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ရှိ မြို့တော်ခန်းမ၌ စတင်ကျင်းပခဲ့ပြီး ပထမအဆင့် နောက်ဆုံး ပြိုင်ပွဲအား ဇူလိုင် ၉ ရက် ည ၈ နာရီခွဲတွင် ကျင်းပရာ ဆန်ခါတင်ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် ၁၀ ဦး ယှဉ်ပြိုင်သီဆိုခဲ့သည့်အနက် သုံးဦးအား နောက်တစ်ဆင့်ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် ရွေးချယ်နိုင်ခဲ့သည်။

ပထမအဆင့် ငြိမ်းချမ်းရေးဂီတပွဲတော်ကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လားရှိုးမြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ကျင်းပရန်လျာထားခဲ့သော်လည်း ယခုအခါ ကရင်ပြည်နယ် ဘားအံမြို့၌ သီဆိုမည့်သူ များပြားလာသည့်အတွက် မူလ ၁၀ မြို့အပြင် ဘားအံမြို့တွင်လည်း တိုးချဲ့ကျင်းပသွားမည် ဖြစ်ကြောင်းနှင့် ၎င်းအတွက် လျှောက်လွှာများကို ဘားအံမြို့ ကော့ကရိတ်မြို့ လှိုင်းဘွဲ့မြို့နှင့် မြဝတီမြို့တို့ရှိ ပြန်/ဆက်ရုံးများ၌ ဇူလိုင်လ ၁၃ ရက်မှစပြီး ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရတနာပုံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်

**မန္တလေး ဇူလိုင် ၁၁**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ရတနာပုံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ နံနက်ပိုင်းက ရတနာပုံတက္ကသိုလ် အားကစားကွင်း၌ ကျင်းပရာ အားကစားပညာအသင်းက ကုန်ထုတ် ဓာတုဗေဒအသင်းကို ခြောက်ဂိုးပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရ ဗိုလ်စွဲသွားပြီး ပြိုင်ပွဲသို့ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက် အားပေးကြသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ တတိယဆုရ ရုက္ခဗေဒအသင်း၊ ဒုတိယဆုရ ကုန်ထုတ် ဓာတုဗေဒအသင်းနှင့် ပထမဆုရ အားကစားပညာအသင်းတို့မှ အားကစားသမားများအား တစ်ဦးချင်းဆုများကို ပါမောက္ခ၊ ဌာနမှူးများက ပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရ အားကစားပညာအသင်းအား ဒုတိယ ပါမောက္ခချုပ် ဒေါက်တာ ခင်မမတင်က ပထမတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မြန်မာ ယူ-၁၅ အသင်း လာအိုအသင်းကို အနိုင်ရ

**ဗန်ကောက် ဇူလိုင် ၁၁**

ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၅ အသင်းသည် လာအို ယူ-၁၅ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ပထမပွဲတွင် သရေကျထားသောကြောင့် ယခုပွဲ အနိုင်ရရန် ကြိုးစားကစားခဲ့ပြီး အနိုင်ဂိုးများကို ၆၅ မိနစ်တွင် ရန်နိုင်လင်း၊ မိနစ် ၈၀ တွင် လမင်းထက်တို့က သွင်းယူပေးခဲ့သည်။

မြန်မာ ယူ-၁၅ အသင်းသည် ပထမပွဲတွင် အင်ဒိုနီးရှားအသင်းနှင့် သရေကျထားသောကြောင့် နှစ်ပွဲကစားအပြီးတွင် လေးမှတ်ရရှိထားသည်။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် ဇူလိုင် ၁၃ ရက်တွင် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

## ရိုးရာလက်ဝှေ့ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်များယှဉ်ပြိုင် ရာအူးဖလုံအလဲထိုးဖြင့် ဇမ္ဗူထွန်းကိုအနိုင်ယူ

**ရန်ကုန် ဇူလိုင် ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးမှူးပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ကာ ဂျပန်နိုင်ငံ Manda အားဖြည့်အစားအစာကုမ္ပဏီ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပလျက်ရှိသော (၁၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲများကို ရန်ကုန်မြို့ သိမ်ဖြူရိုးရာ လက်ဝှေ့အားကစားရုံ၌ ယနေ့ မွန်းလွဲ ၂နာရီက ကျင်းပရာ (ခ) အဆင့် ၆၃ ဒသမ ၅ ကီလိုတန်းနောက်ဆုံးဗိုလ်လုပွဲတွင် ရာအူးဖလုံ(ခ) ငွေးတင်(ကရင်)က ဇမ္ဗူထွန်း(ကချင်)ကို ပထမအချီ ၃၆ စက္ကန့်မှာပင် အလဲထိုးဖြင့်အနိုင်ယူ ဗိုလ်စွဲကာ ရွှေတံဆိပ်ကို ဆွတ်ခူးသွားသည်။

ယနေ့ ဖိုင်နယ်ပွဲစဉ်အဖြစ် (ခ) အဆင့် ၆၃ ဒသမ ၅ ကီလို လေးချီ နောက်ဆုံးဗိုလ်လုပွဲ၌ ကရင်ပြည်နယ်ကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်သော ရာအူးဖလုံနှင့် ဇမ္ဗူထွန်း (ကချင်) တို့ပွဲတွင် ပွဲစသည်နှင့် တစ်ဦးနှင့်တစ်ဦးအကဲမစမ်းဘဲ သူဝင်ကိုယ်ဝင် အသည်းမာမာ ဇွဲပါပါဖြင့် ဝုန်းဒိုင်းကြဲ ယှဉ်ပြိုင်ထိုးသတ်တော့သည်။ လျှပ်တစ်ပြက် စက္ကန့်အနည်းငယ် အတွင်းမှာပင် တစ်ဖက်နှင့်တစ်ဖက် အထိနာခဲ့ကြပြီး ဇမ္ဗူထွန်း(ကချင်) ပထမအချီ ၃၆ စက္ကန့်အရောက်တွင် ရာအူးဖလုံ ကပ်တံတောင်ရိုက်ချက်မိကာ ကြိုးဝိုင်းစင်ပေါ်၌ ခဏတာအိပ်ခဲ့သောကြောင့် ကြိုးဝိုင်းဒိုင်က အမှတ်စဉ် ၁၀ အထိ ရေတွက်သော်လည်း လူပ်ရှားမှုဟန်မပြခဲ့၍ နောက်ဆုံး ရာအူးဖလုံကို အလဲထိုးဖြင့် အရှုံးပေး လိုက်ရသည်။




**ကီလိုတန်းဗိုလ်လုပွဲတွင် နော်လာ(ကချင်)နှင့် ထူးနေသူ(ကရင်)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်**

(၁၅) ကြိမ်မြောက် ကျင်းပသော တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲ ယနေ့ ဗိုလ်လုပွဲစဉ်များကို ဝိတ်တန်းအလိုက် သုံးချီပွဲခြောက်ပွဲ၊ လေးချီပွဲခြောက်ပွဲ စုစုပေါင်း တွဲဆိုင်း ၁၂ ဆိုင်း ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ (ဂ) အဆင့် ၅၇ ကီလိုတန်းသုံးချီဗိုလ်လုပွဲတွင် နန်းဦး (ကချင်)နှင့် သက်ပန်ငြိမ်း(ရှေ့ဝတီ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ နန်းဦးက အမှတ်ဖြင့်အနိုင်ရခဲ့ပြီး ၆၀ ကီလိုတန်း၌ ရဲသွေးအောင်(ခ) ရှမ်းမောင်မောင်(ကရင်)နှင့် စောညို(ရှမ်း)တို့ပွဲတွင် ရဲသွေးအောင်က အမှတ်ဖြင့်ပင် အနိုင်ရခဲ့သည်။ တစ်ဖန် ၆၃ ဒသမ ၅ ကီလိုတန်း၌ မင်းထက်လွင် (ရှေ့ဝတီ)က အောင်ပြည့်ဦး (ခ) ကျားဆိုး(ကရင်)ကိုပထမအချီ ၁ မိနစ် ၃၂ စက္ကန့်တွင် ထောက်လက်သီးတစ်လုံး ပစ်ကျွေးကာ အလဲထိုးအနိုင်ယူခဲ့ပြီး ၆၇ ကီလိုတန်းဗိုလ်လုပွဲတွင် လေးလွင် (မွန်) နှင့် သန့်စင်ဦး(ခ) တဖို့ညော် (ကရင်) တို့ ယှဉ်ပြိုင်ထိုးသတ်ရာ၌ တတိယအချီအရောက်တွင် သန့်စင်ဦး ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့သဖြင့် လေးလွင် ရွှေတံဆိပ်ဆွတ်ခူး ရရှိသွားသည်။

ယင်းနောက် ၇၁ ကီလိုတန်း ဗိုလ်လုပွဲတွင် ဖြိုးသီဟ (ကချင်)နှင့် ဇင်ဖြိုးထွေး (ရန်ကုန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ၌ ဖြိုးသီဟက တတိယအချီ ၂မိနစ် ၄၉ စက္ကန့်တွင် အလဲထိုးဖြင့်အနိုင်ရ ခဲ့ပြီး၇၅ ကီလိုတန်း၌ စအုံးဒီ(ခ)တိမ်ပျံ (ကရင်) နှင့် ရဲတင့်ဇော်(ရန်ကုန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအချီ ၁မိနစ် ၀၁ စက္ကန့်တွင် လက်ရည်မမျှ ဒိုင်ပွဲရပ်ဖြင့် ရဲတင့်ဇော်ကို အနိုင်ပေးခဲ့ရသည်။

ဆက်လက်ပြီး ဝိတ်တန်းအလိုက် (ခ) အဆင့် ဗိုလ်လုပွဲများ ယှဉ်ပြိုင်ထိုးသတ်ရာ ၄၈ ကီလိုတန်း၌ မိုးလေး (မန္တလေး)က ထွန်းထွန်းမြိုင်(ကရင်)ကို ပထမအချီ ၃၀ စက္ကန့်မှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး ၅၄ ကီလိုတန်းဗိုလ်လုပွဲတွင် အောက်ချင်းလေး(မန္တလေး)နှင့်အောင်ရဲထွဋ်(ကရင်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအချီ ၁ မိနစ် ၄၈ စက္ကန့်မှာပင် အောက်ချင်းလေးက အလဲထိုးဖြင့် အနိုင်ရကာ ရွှေတံဆိပ်ကို ဆွတ်ခူးသွားခဲ့သည်။ အလားတူ (ခ)အဆင့် ၅၇ကီလိုတန်း၌ ထူးနေသူ(ခ) တင်စိုး(ကရင်)နှင့် နော်လာ(ချင်း)တို့ပွဲ တွင် အမှတ်ဖြင့် ထူးနေသူကအနိုင်ရခဲ့ပြီး ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ရဲဝင်း(ကရင်)က စိုးမိုးနိုင်(စစ်ကိုင်း)ကို အမှတ်ဖြင့် အနိုင်ယူကာဗိုလ်စွဲခဲ့ပြန်သည်။ ယနေ့ (ခ) အဆင့် ၅၁ ကီလိုတန်း၌ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ရမည့် ဘိုင်ရထားသော ဇလပ်သွေး (မန္တလေး)နှင့် စိုးမိုးအောင် (ခ) သိုးထိန်း(ပဲခူး)တို့ပွဲတွင် စိုးမိုးအောင် မှာ ဒဏ်ရာအနာတရ ရရှိထားသဖြင့် ယင်းပွဲ ယှဉ်ပြိုင်ထိုးသတ်နိုင်ခြင်း မရှိတော့၍ ဘိုင်ရထားသော ဇလပ်သွေး(မန္တလေး)ကိုအဖွဲ့ချုပ်က အထူးဆုချီးမြှင့်ပေးခဲ့ပြီး စိုးမိုးအောင်ကို ဒုတိယဆုချီးမြှင့်ခဲ့သည်။

**သတင်းမြင်ကွင်း**

**မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**


## ကျောက်ပန်းတောင်းစွန်းလွန်း ဝါဆိုသင်္ကန်းကပ်ပွဲ

(၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၈ ရက်) ၁၆-၇-၂၀၁၇ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကမ္ဘာအေးစွန်းလွန်းဆရာတော် ဦးဝရအမှူးရှိသော ဝါဆိုသံဃာတော်တို့အား ယောဂီများစုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပါမည်။

**ကျောက်ပန်းတောင်းစွန်းလွန်း**

**ပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကယားပြည်နယ်ကုသရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါပြင်ဆင်ပြောင်းလဲခေါ်ယူခြင်း

မြန်မာ့အလင်းသတင်းစာ ၃-၇-၂၀၁၇ ရက်နှင့် ၇-၇-၂၀၁၇ရက်တွင်ကြော်ငြာပါဝင်သည့် ကယားပြည်နယ်ကုသရေးဦးစီးဌာန လက်အောက်ရှိ မြို့နယ်/တိုက်နယ်ဆေးရုံများတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမအကြိမ် ဆေးဝါးတင်ဒါဝယ်ယူခွင့်ကြော်ငြာထည့်သွင်းခြင်းတွင်ပါဝင်သည့် တင်ဒါပုံစံစတင်ရောင်းချမည့်ရက် ၁-၇-၂၀၁၇ရက် အစား ၁၂-၇-၂၀၁၇ရက်ဟု လည်းကောင်း၊ တင်ဒါပိတ်မည့်ရက်နှင့် အချိန်အား ၂၀-၇-၂၀၁၇ ရက်အစား ၁၁-၈-၂၀၁၇ရက်ဟု ပြောင်းလဲကြောင်း အသိပေး ကြေညာအပ်ပါသည်။

**တင်ဒါကော်မတီ**

**ကယားပြည်နယ်ကုသရေးဦးစီးဌာန**

**ဖုန်း-၀၈၃-၂၁၃၆၅၊ ၂၁၅၁၁**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့ အိတ်ဖွင့်တင်ဒါပြင်ဆင်ပြောင်းလဲခေါ်ယူခြင်း

မြန်မာ့အလင်းသတင်းစာ ၃-၇-၂၀၁၇ ရက်နှင့် ၇-၇-၂၀၁၇ရက်တွင် ကြော်ငြာပါဝင်သည့် ကယားပြည်နယ်ကုသရေးဦးစီးဌာန လက်အောက်ရှိ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက်(၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ် ပထမအကြိမ် ဆေးဝါးတင်ဒါဝယ်ယူခွင့်ကြော်ငြာထည့်သွင်းခြင်းတွင် ပါဝင်သည့် တင်ဒါပုံစံစတင် ရောင်းချမည့်ရက် ၁-၇-၂၀၁၇ ရက်အစား ၁၂-၇-၂၀၁၇ရက်ဟုလည်းကောင်း၊ တင်ဒါပိတ်မည့်ရက်နှင့်အချိန်အား ၂၀-၇-၂၀၁၇ ရက်အစား ၁၁-၈-၂၀၁၇ရက်ဟု ပြောင်းလဲကြောင်း အသိပေး ကြေညာအပ်ပါသည်။

**တင်ဒါကော်မတီ**

**ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့**

**ဖုန်း-၀၈၃-၂၁၃၆၅၊ ၂၁၅၁၁**

## အမည်ပြောင်း

သဲကုန်းမြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ ဦးလှိုင်မြင့်အောင်၏ သမီး မလဲ့လဲ့အောင်အား မလဲ့လဲ့ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မလဲ့လဲ့ထွန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၇-၂၀၁၇ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၄)ပါ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန တမူးခရိုင်၏ အိတ်ဖွင့်တင်ဒါကြော်ငြာတွင် လျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်အား ၁၀-၇-၂၀၁၇၊ တင်သွင်းမည့်နောက်ဆုံးရက်အား ၁၁-၈-၂၀၁၇ရက်၊ တင်ဒါရွေးချယ်မည့်ရက်အား ၁၁-၈-၂၀၁၇ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## လူပျောက်ကြော်ငြာ




ပြင်ဦးလွင်မြို့၊ ရကက(၂)၊ (၂၈)သုမင်္ဂလာ၊ အမှတ် ၃၆နေ ဒေါ်ဒုမေရီ၏သမီး မချစ်ပီသည် ၃-၇-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီခန့်က ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခ၊ အိမ်အမှတ် ၁၂၈၃ နေအိမ်မှ ပျောက်ဆုံးသွားပြီး မိခင်၏မှတ်ပုံတင်မူရင်းကိုပါ ယူဆောင်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်းခေါ်ဆောင်ထားသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်ဒုမေရီ ၉/ပဥလ(နိုင်)၀၁၆၃၄၅**

**အမှတ် ၃၆၊ ရကက(၂)၊ (၂၈)သုမင်္ဂလာ၊ ပြင်ဦးလွင်မြို့**

**ဖုန်း-၀၉-၂၀၄၅၈၇၅**

## ပုံစံ(၈)ဝင်ကျွန်းခွဲသား၊ ပိတောက်ခွဲသား၊ ပိတောက်ခွဲခြမ်း၊ ပျဉ်းကတိုးခွဲသား၊ စုစုပေါင်း ၇၀၇ချောင်း (၈၁ဒသမ၅၃၃၂တန်)အား ရောင်းချရန်လေလံကြော်ငြာ ၁/၂၀၁၇-၁၈

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့မှပုံစံ(၈)ဝင် ကျွန်းခွဲသား၊ ပိတောက်ခွဲသား၊ ပိတောက်ခွဲခြမ်း၊ ပျဉ်းကတိုးခွဲသား စုစုပေါင်း ၇၀၇ချောင်း (၈၁ဒသမ ၅၃၃၂ တန်)အားဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ညောင်ဦးမြို့၌ ၁-၈-၂၀၁၇ရက် နံနက် ၁၀နာရီတွင် လက်ရှိမျက်မြင် အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ညောင်ဦးမြို့နယ်၊ ဦးစီးအရာရှိရုံး၌ ကြော်ငြာပါသည့်ရက်မှစ၍ ၃၁-၇-၂၀၁၇ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ညောင်ဦးမြို့ (ဖုန်း-၀၆၁-၂၄၆၀၂၈၂၊ ၀၆၁-၂၄၆၀၇၆၀)တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**

**လေလံတင်ရောင်းချရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် FF/9893, Toyota Corolla Fielder NZE 21, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးစန္ဒာ ၁၂/တကန(နိုင်)၁၈၈၈၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အထက(၁) အဋ္ဌမတန်း(A)မှ မောင်ရဲရင့်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင်မြင့် ၁/ရကန(နိုင်) ၀၄၇၆၄၈ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက(၃) သတ္တမတန်းမှ မောင်အောင်နိုင်သူ၏ဖခင် ဦးခင်နိုင်(ခ)ဦးခင်မောင်နိုင် ၅/စကန(နိုင်)၂၂၃၇၃၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးခင်နိုင်(ခ)ဦးခင်မောင်နိုင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၅ယ/၁၁၉၂၈ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးငွေတိုး ၁၄/ဇလန(နိုင်)၁၇၂၉၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၁၅ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၆ယ/၆၅၂၄၈ Honda Blade 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ပိုင်ဖြိုး ၁၄/လမန(နိုင်)၀၉၂၉၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၁၅အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ကြယ်စင်ကိုယ်ပိုင် အထက်တန်းကျောင်း၊ ပထမတန်းမှ မောင်ကျော်ဘုန်းသန့်၏ မိခင်အမည်မှန်မှာ ဒေါ်ကျန်ဒီ(ခ)ဒေါ်သီသီထွေး ၁/မကန(ဧည့်)၀၀၁၁၁၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဒေါ်ကျန်ဒီ(ခ)ဒေါ်သီသီထွေး**

## ဖခင်အမည်မှန်

ပုသိမ်ကြီးမြို့နယ်၊ အထက(ကျောက်မီး)၊ တက္ကသိုလ်ဝင်တန်း(A)မှ မမြမြကြည်၏ ဖခင် အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဝင်းမြင့် ၉/ပသက(နိုင်)၀၆၄၁၈၅ ဖြစ်ပါကြောင်း။ **ဦးဝင်းမြင့်**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(စ)မှ ဦးအံ့လင်း၏သား မောင်တင်ဌေး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၃-၁၉၉၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ တောချောင်းဦးကျေးရွာ အထက နဝမတန်း(က)မှ မလှိုင်ဇင်ထက်၏ ဖခင်အမည်မှန်မှာ ဦးသန်းနွယ် ၅/မမတ(နိုင်)၀၅၁၅၂၃ ဖြစ်ပါကြောင်း။ **ဦးသန်းနွယ်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(C)မှ မနီလာလွင် ၅/စကန(နိုင်)၂၇၂၁၈၉၈၏ ဖခင်အမည်မှန်မှာ ဦးကျော်(ခ)ဦးကျော်ကြီး ဖြစ်ပါကြောင်း။ **ဦးကျော်(ခ)ဦးကျော်ကြီး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ တောချောင်းဦးကျေးရွာ၊ အထက၊ နဝမတန်း(က)မှ မမျိုးသန္တာကျော်၏ ဖခင်အမည်မှန်မှာ ဦးမင်းဝေ ၅/မမတ(နိုင်)၀၉၅၁၆၄ ဖြစ်ပါကြောင်း။

**ဦးမင်းဝေ**

# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်

**ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်**
**ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ )**
**၁၃၇၉ခုနှစ်၊ လ ရက်**
**( ၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

**“၈။ နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊မူလတန်းကြိုကျောင်းကိုဖြစ်စေ-**

**(က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ်အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေတည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။**

**(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ်အလို့ငှာတည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။**

**(ဂ) စီးပွားရေးအကျိုးအမြတ်အလို့ငှာမဟုတ်သော ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန်သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနသို့မဟုတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့်တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။”**

၃။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်းအစားထိုးရမည်-

**“၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည်-**

**(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားချက်ကို စိစစ်ပြီးသဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။**

**(ခ) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခြင်းသို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရမည်။”**

၄။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၁၀တွင်-

(က) ခြေဆင်းတွင်ပါရှိသော**“ပုဒ်မ၉”** ဆိုသည့်စကားရပ်ကို **“ပုဒ်မ ၉၊ ပုဒ်မခွဲ(က)”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

**“(ခ) စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းကတင်ပြသော လျှောက်ထားချက်ဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါကသက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။”**

၅။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၃ကို အောက်ပါအတိုင်း အစားထိုးရမည်-

**“၁၃။ (က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)တို့အရတည်ထောင်ခွင့်ပြုမိန့်ရရှိထားသည့် ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။**

**(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီအနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနသို့မဟုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။”**

၆။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄ကို အောက်ပါအတိုင်း အစားထိုးရမည်-

**“၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် -**

**(က) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။**

**(ခ) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။”**

၇။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၁၅ ခြေဆင်းတွင် ပါရှိသော **“ ပုဒ်မ ၁၄”** ဆိုသည့် စကားရပ်ကို**“ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“၁၉။ ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ-**

**(က) ပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ်အလို့ငှာဟုတ်သည်ဖြစ်စေ၊မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။**

**(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။**

**(ဂ) စီးပွားရေးအကျိုးအမြတ်အလို့ငှာမဟုတ်သော ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည်တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန်သက်ဆိုင်ရာမြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနသို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။”**

၉။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် -**

**(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။**

**(ခ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုချက် ထုတ်ပေးခြင်းသို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါကသက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးရမည်။”**

၁၀။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၂၁ တွင်-

(က) ပုဒ်မခွဲ(က)တွင်ပါရှိသော**“ပုဒ်မ ၂၀”**ဆိုသည့်စကားရပ်ကို **“ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)”** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(က)၊ပုဒ်မခွဲငယ် (၂)တွင်ပါရှိသော **“ပြည်တွင်းမှ ပုဂ္ဂလိက”** ဆိုသည့်စကားရပ်၏ရှေ့တွင် **“စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုသည့်”** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၁။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၂၂ ၊ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

**“၂၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-**

**(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းကတင်ပြသော လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုချက်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။”**

**၁၂။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၃ ကို ပယ်ဖျက်ရမည်။**

၁၃။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**“၂၄။ (က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၂၂ ၊ ပုဒ်မခွဲ (က) တို့အရ ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ခွင့်ပြုချက် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီအနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။**

**(ခ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ခွင့်ပြုချက် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တစ်ဆင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။”**

၁၄။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် -**

**(က) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထား မှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။**

**(ခ) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုချက်ကို သက်တမ်းတိုးမြှင့်ရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။”**

၁၅။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၆ ခြေဆင်းတွင်ပါရှိသော **“ပုဒ်မ ၂၅ အရ ခွင့်ပြုချက်ရရှိထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး၏ လျှောက်ထားချက်ကို”** ဆိုသည့် စကားရပ်ကို **“ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၃၃ တွင်-

(က)ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်း အစားထိုးရမည်-

**“(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားရန် လိုအပ်သောနေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ တည်ထောင်ဖွင့်လှစ်ခြင်း၊”**

(ခ ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော **“တည်ထောင်ခွင့်ပြုမိန့်”** ဆိုသည့်စကားရပ်၏ရှေ့တွင် **“ပုဒ်မ၁၀၊ ပုဒ်မခွဲ (ခ) နှင့်ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တို့အရ ထုတ်ပေးထားသည့်”**ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၇။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၃ - က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**“၃၃ - က။မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်ဆယ်သိန်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည် -**

**(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) အရ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားရန် လိုအပ်သော နေ့ကလေးထိန်းဌာနသို့မဟုတ် မူလတန်းကြိုကျောင်းကိုတည်ထောင်ခွင့်ပြုမိန့်မရှိဘဲ တည်ထောင်ဖွင့်လှစ်ခြင်း၊**

**(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးထားသည့် တည်ထောင်ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းထားသည့် ကာလအတွင်းတွင် သော့လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင် သော့လည်းကောင်းနေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို တည်ထောင်ဖွင့်လှစ်ခြင်း။”**

၁၈။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၃၄ တွင်-

(က) ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်း အစားထိုးရမည်-

**“(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် (ခ)တို့အရ ခွင့်ပြုချက် လျှောက်ထားရန် လိုအပ်သောရပ်ရွာအခြေပြုလုပ်ငန်းသို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခြင်း၊”**

(ခ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော **“ခွင့်ပြုချက်”** ဆိုသည့်စကားရပ်၏ ရှေ့တွင် **“ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) တို့အရ ထုတ်ပေးထားသည့်”**ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၉။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၄ ၏ နောက်တွင်ပုဒ်မ ၃၄ - က အဖြစ်အောက်ပါအတိုင်းဖြည့်စွက်ရမည် -

**“၃၄ - က။မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်-**

**(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ ခွင့်ပြုချက် လျှောက်ထားရန် လိုအပ်သော ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခြင်း၊**

**(ခ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးထားသည့် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းထားသည့် ကာလအတွင်းတွင် သော့လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင် သော့လည်းကောင်းရပ်ရွာအခြေပြုလုပ်ငန်းသို့မဟုတ်အိမ်အခြေပြု လုပ်ငန်းကိုဆောင်ရွက်ခြင်း။”**

# နမ့်ခမ်းမြို့နယ်မိုင်းဝီးဒေသ နမ့်တီးချောင်းနှစ်စဉ်မိုးရာသီကာလတောင်ကျရေကြောင့် ရေလျှံမြင့်တက်၊ သွားလာရေးခက်ခဲ

**ညဏ်မင်း(နမ့်ခမ်း)၊ဓာတ်ပုံ- မိုင်းနေအောင်(ပညာရေး)**



ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်နှင့် မိုင်၃၀ခန့်ကွာဝေးသော မိုင်းဝီးကျေးရွာသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ ဈေးသွားဈေးလာရောင်းဝယ်ဖောက်ကားသူများ၊ ကျောင်းသား ကျောင်းသူများဖြတ်သန်းသွားလာဝင် ထွက်နေသော ကျေးရွာကြီးတစ်ရွာဖြစ်သည်။ နှစ်စဉ်မိုးရာသီကာလတွင် နမ့်တီးချောင်းမှ တောင်ကျရေကြောင့် ရေမြင့်တက်လာပြီး ရေစီးအားသန်မှုကြောင့် နေ့စဉ်ဖြတ်သန်းသွားလာသူများအပြင် ကျွဲ၊ နွားတိရစ္ဆာန်များပင် အခက်အခဲကြုံတွေ့ကြရသည်။ ယခုနှစ် ၂၀၁၇ ခုနှစ် ဇွန်လမှ ယနေ့အထိ သုံး၊ လေးကြိမ်တိုင်ကြုံခဲ့ရကြောင်း၊ တောင်ပေါ်တောင်ထိပ်တွင် မိုးသည်းထန်လျှင် ချောင်းရေမြင့်တက်လာမည်ကို စိုးရိမ်ရကြောင်း နေ့စဉ်သွားလာနေသော ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများထံမှ သိရသည်။

မိုင်းဝီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းကို ဇွန် ၂၈ ရက်က မြို့နယ်ပညာရေးမှူး ဦးသန်းမြင့်၊ မြို့နယ်ဒုတိယ ပညာရေးမှူးဦးမိုင်းနေဝင်းအောင်နှင့် အလက မန်ပူးကျောင်းအုပ်ကြီး ဦးဆောင်ကာပညာရေးဆိုင်ရာလုပ်ငန်း တာဝန်တစ်ရပ်ဖြင့် သွားရောက်ခဲ့ကြသည်။ စစ်ဆေးမှုလုပ်ငန်းများ၊ ပညာရေးကိစ္စ၊ ကျောင်းကိစ္စများ ဆောင်ရွက်ပြီး၍ မိုင်းဝီးမှ နမ့်ခမ်းမြို့သို့ ပြန်လည်ထွက်ခွာလာခဲ့ကြရာ မိုင်းဝီးနှင့် နှစ်မိုင်ခန့်အကွာနမ့်တီးချောင်းမှာ အသွားတုန်းကနှင့်မတူဘဲ တောင်ကျရေကြောင့် ရုတ်တရက်ရေများသုံးပေခန့်မြင့်တက်လာသည်။ ရေစီးအားကလည်း ပိုသန်လာပြီး ချောင်းရေစီးဆင်းမှုဧရိယာကလည်း နှစ်ဆခန့်ပိုကျယ်လာသည်။

ယခင်ရက်များက တောင်ပေါ်အမြင့်ပိုင်းမှ မိုးရွာသွန်းခဲ့သဖြင့် ယင်းတောင်ကျရေများနေရာအနှံ့အပြား စီးဆင်းလာပြီး မြေပြန့်ချိုင့်ဝှမ်း မိုင်းဝီးအနီးရှိ နမ့်တီးချောင်းအတွင်း စုပြုံစီးဆင်းလာမှုကြောင့် ကြောက်ခမန်းလိလိရေစီးအားနှင့်အတူ ရေမြင့်တက်မှုများဖြစ်လာတော့သည်။

သဘာဝခေတ်ငွေ့ရေနံပိုက်လိုင်းမှ တာဝန်ရှိသူများက လုပ်ငန်းတည်ဆောက်ရေးကာလအတွင်း သွားလာရေးအဆင်ပြေစေရန် အလျား ပေ ၅၀၊ အနံ ၁၅ ပေ၊ အမြင့်လေးပေရှိ ကွန်ကရစ်တံတားကို တည်ဆောက်ပြီး အချင်းနှစ်ပေခန့်ရှိ ရေထွက်ပေါက်ခုနစ်ပေါက်ထားရှိသော်လည်း တောင်ကျရေများနှင့်တူ အမှိုက်၊ သရိုက်များနှင့် သစ်တိုသစ်စများ မျောပါလာပြီး ပိတ်ဆို့မှုဖြစ်ကာ ရေလမ်းကြောင်းပြောင်းလဲစီးဆင်းမှုဖြစ်လာသည်။

ထို့ကြောင့် မြေသားလမ်း ရေတိုက်စားမှုဖြစ်လာရာမှ ယခုဆိုလျှင် ၁၀ပေကျော်ခန့် ရေလမ်းကြောင်းဖြစ်သွားရသည်။ တံတားပေါ်တွင်လည်း နှစ်ပေကျော်ခန့် ရေလျှံတက်မှုကြောင့် ဖြတ်ကူး၍ အဆင်မပြေနိုင်ဘဲ ဖြတ်သန်းသွားလာသူ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ အခက်ကြုံရသည်။

တောင်ကျရေကြောင့် ရေမြင့်တက်လာသည့်အခါ ရေလျော့နည်းသွားမည့်အချိန်အတိုင်းအတာကိုခန့်မှန်း၍မရဘဲ ချောင်းရေ တဖြည်းဖြည်းနှင့် မြင့်တက်လာတတ်သဖြင့် အရဲစွန့်၍ ဖြတ်ကူးကြသည်။

နမ့်ခမ်း- မိုင်းဝီး နေ့စဉ် ဈေးသွားဈေးပြန်သွားလာသူများ၊ စားဝတ်နေရေးအတွက် သွားလာလှုပ်ရှားရောင်းဝယ်ဖောက်ကားသူများ၊မိုင်းဝီး အထကနှင့် သုံးမိုင်ခန့်ကွာဝေးသည့် တွန့်ယုန်းရွာမှ နေ့စဉ်ခြေကျင်လျှောက်၍ ကျောင်းတက်ပညာသင်ကြရသော ကျောင်းသားကျောင်းသူများမှာ ချောင်းရေမြင့်တက်မှုနှင့် ကြုံရသောအခါ အဆင်မပြေမှုဖြစ်ရသည့်အပြင် အန္တရာယ်လည်းအလွန်ကြီးမားလှသည်။ ချောင်းရေမြင့်တက်သည့်အချိန်နှင့်ကြုံတွေ့ရသည့်အခါ ဖြတ်သန်းသွားလာကြသော ဈေးသွားဈေးလာခရီးသွားပြည်သူများက ကျောင်းသား၊ ကျောင်း သူများချောင်းဖြတ်ကူးရာတွင် အန္တရာယ်မဖြစ်စေရန် ကူညီဖေးမပေးကြရသည်။

တချို့သော မိဘများက နာမကျန်းဖြစ်နေသော ကလေးကို ကျောတွင်ပိုးလျက် တုတ်တစ်ချောင်းဖြင့် ရေအတိမ်အနက်၊ ရေစီးအားကို စမ်းသပ်ထိုးကြည့်ပြီး တဖြည်းဖြည်းကူးကြရသည်။ ဤကဲ့သို့ ဖြတ်ကူးချိန် ရုတ်တရက်ရေမြင့်တက်လာလျှင် မစဉ်းစားရဲစရာပင်။ တချို့ဆိုလျှင် သုံးလေးယောက်အားနှင့်ဝိုင်းပြီး ဆိုင်ကယ်ကို ရေထဲဖြတ်တွန်းရင်း ရေထဲမျောပါ တိုက်စားခြင်းခံရသည်များလည်း ရှိခဲ့ဖူးသည်။

ဤကဲ့သို့ အခက်အခဲကိုသက်ဆိုင်ရာတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးမည်ဆိုပါက မိုင်းဝီးကျေးရွာသို့ သွားလမ်းသာ၍ လာလမ်းဖြောင့်ပြီးတောင်ပေါ်နေပြည်သူများသွားလာရေးအဆင်ပြေကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ လူမှုဘဝမြင့်မားလာမည်ဖြစ်သည်။

# မုံရွာရောင်ခြည်သစ်မျက်မမြင်ကျောင်း၌ တိုင်းရင်းမြန်မာလက်နှိပ်အကြောပြင်သင်တန်းဖွင့်

**မုံရွာ ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မန္တလေးတိုင်းနှင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ မျက်မမြင် ၂၀ ကို ဇွန်လ၆ရက်မှစတင်၍ မုံရွာမြို့ ရောင်ခြည်သစ်မျက်မမြင် ပရဟိတ ပညာသင်ကျောင်း၌ တိုင်းရင်းမြန်မာ လက်နှိပ် အကြောပြင်သင်တန်းကို အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန် ရည်ရွယ်၍ စက်တင်ဘာ ၆ရက်အထိ သုံးလသင်ကြားပေးလျက်ရှိကြောင်း ရောင်ခြည်သစ်မျက်မမြင်ကျောင်း အတွင်းရေးမှူးဦးချိုထံမှ သိရသည်။

"သင်တန်းသားတွေက ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနဲ့ မန္တလေးတိုင်းဒေသကြီးက အသက်၁၈နှစ်နဲ့ ၅၀နှစ် ကြားက မျက်မမြင်အမျိုးသား ၁၆ ဦးအမျိုးသမီးလေးဦးလာရောက်သင်ကြား နေကြပါတယ်" ဟုအတွင်းရေးမှူးက ပြောပြသည်။

သင်တန်းဖွင့်လှစ်နိုင်ရန်အတွက် ပြင်ဦးလွင်မြို့ မျက်မမြင်ပရဟိတ ပညာသင်ကျောင်းနှင့် မုံရွာမြို့ရောင်ခြည်သစ်မျက်မမြင်ပရဟိတကျောင်းတို့က ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ပြီးသင်တန်းသား ၂၀ ကို မော်လူးမြို့မှ မြန်မာတိုင်းရင်းဆေးဆရာဦးဆောင်၍သုံးဦးက အကြောပြင်နှင့် ဆေးပညာအပြင် တိုင်းရင်းဆေးပညာဖြစ်သည့် ဆေးဖော်နည်းနှင့် ဆေးကုထုံးတို့ကိုသင်ကြားပေးကြောင်း သိရသည်။



သင်တန်းအခြေခံသင်ရိုးများကို သုံးလကြာ သင်ကြားပြီးလျှင် သင်ယူနေဆဲကာလတစ်လတစ်ခါစစ်ဆေးထားသောစာမေးပွဲများကိုပေါင်း၍အရည်အချင်းပေါ်မူတည်၍သင်တန်းဆင်းလက်မှတ်များကို အဆင့်အလိုက်ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

စရိတ်အစစကိုပြင်ဦးလွင်နှင့်မုံရွာ မျက်မမြင်ကျောင်းများမှမျှကာ ကျခံဆောင်ရွက်နေခြင်းဖြစ်ရာမြန်မာနိုင်ငံတစ်ဝန်းမှ အလှူရှင်များအနေဖြင့် သင်တန်းတက်နေသူများ၏ တစ်ရက်ကုန်ကျစရိတ်ငွေကျပ် ၄၀၀၀၀ ကိုမုံရွာနှင့်ပြင်ဦးလွင် မျက်မမြင်ကျောင်းများ၌ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း မုံရွာရောင်ခြည်သစ်မျက်မမြင်ကျောင်း ဆရာဦးစိုးဝင်းနိုင်ထံမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ရွှေသင်္ကန်းအတွက် အလှူငွေပေးအပ်

**ရန်ကုန် ဇူလိုင် ၁၁**

ကြည့်မြင်တိုင်မြို့နယ် ပန်းတည်းတန်းအရဏ်တော်ဝတ်အသင်းမှ ကြီးမှူး၍ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ကြီးသို့ (၇၆)ကြိမ်မြောက်အဖြစ် ရွှေစင်ရွှေသား၊ ရွှေပြားသင်္ကန်းတော်များ လှူဒါန်းနိုင်ရေးအတွက် ကြည့်မြင်တိုင်မြို့ဘောဂရပ်ကွက်နေ အလှူရှင် ဦးဝင်း-ဒေါ်သိန်း-သား-သရုပ်ဆောင်နေမင်းခမိသားစုက(၁၂)ကြိမ်မြောက်အဖြစ် ရွှေစင်သုံးကျပ်သားတစ်ပြားအတွက် ဇူလိုင် ၈ ရက်က အလှူငွေကျပ် ၂၄၃၀၀၀၀ ပေးအပ်လှူဒါန်းရာ အသင်းမှတာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# အချက်ပြမီးမှန်ကန်စွာအသုံးပြုရန် ယာဉ်မောင်းအားလုံးတာဝန်ရှိ

**နေပြည်တော် ဇူလိုင် ၁၁**

ပျဉ်းမနားမြို့ ဘောဂသီရိကားဝင်းအတွင်းရှိ ရွှေပြည်တော်အဆင့်မြင့် ယာဉ်မောင်းသင်တန်းမှ သင်တန်းသား သင်တန်းသူများအား နေပြည်တော် ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ဌေးနှင့်အဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဇူလိုင် ၅ ရက်က အသိပညာပေး ဟောပြောခဲ့သည်။ ဟောပြောရာတွင် သတ်မှတ်မြန်နှုန်းအတိုင်း မောင်းနှင်ရေးနှင့် အချက်ပြမီးစနစ်မှန်ကန်စွာ အသုံးပြုရေး၊ ယာဉ်မတော်တဆဖြစ်စဉ်များ အကြောင်း စသည်တို့ကို ဗီဒီယိုများပြသ၍ အသေးစိတ် ရှင်းလင်း ဟောပြောခဲ့ကြောင်း သိရသည်။

**အချက်ပြမီး မှန်ကန်စွာအသုံးပြုရေး**

အချက်ပြမီးစနစ် မှန်ကန်စွာအသုံးပြုရေးနှင့် ပတ်သက်၍ ဟောပြောရာတွင် လမ်းကြောရှင်းလျှင် နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း ရှေ့ယာဉ်က လက်ယာဘက်မီးဖြင့် အချက်ပြခြင်းသည် မှန်ကန်သောအချက်ပြစနစ်ဖြစ်သော်လည်း ယာဉ်မောင်းများ၊ အထူးသဖြင့် ကားကြီးယာဉ်မောင်း အများစုသည် အဝေးပြေးလမ်းမကြီးပေါ်၌ လက်ဝဲဘက်မီးဖြင့်လွဲမှားစွာ အချက်ပြစနစ် ကျင့်သုံးနေကြောင်း၊ ထိုသို့လွဲမှားစွာအချက်ပြနေမှုကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ ယာဉ်မောင်းများအနေဖြင့် ယာဉ်ကျော်တက်နိုင်ကြောင်းကို လက်ယာဘက်အချက်ပြမီး သုံးစွဲ၍ အချက်ပြရမည်ဖြစ်ကြောင်း၊ လက်ယာဘက်သို့ကွေ့ရန် (သို့မဟုတ်) လက်ယာဘက်ယာဉ်ကြောသို့ပြောင်းရန် (သို့မဟုတ်) လက်ယာနံဘေးသို့ကပ်ရန် မိမိယာဉ်၏ လက်ယာဘက်အချက်ပြမီးဖြင့် အချက်ပြရမည်ဖြစ်ပြီး လက်ဝဲဘက်သို့ကွေ့ရန် (သို့မဟုတ်) လက်ဝဲဘက်ယာဉ်ကြောသို့ပြောင်းရန်(သို့မဟုတ်) လက်ဝဲနံဘေးသို့ ကပ်ရန် မိမိယာဉ်၏ လက်ဝဲဘက်အချက်ပြမီးဖြင့် အချက်ပြရမည်ဖြစ်ကြောင်း၊ လိုက်နာမှုမရှိသောယာဉ်မောင်းများအား မော်တော်ယာဉ်ဥပဒေအရ ထိရောက် စွာ အရေးယူသွားမည်ဖြစ်ပြီး အချက်ပြမီး မှန်ကန်စွာအသုံးပြုနိုင်ရေးတွင်ယာဉ်မောင်းများအားလုံး၌ တာဝန်ရှိကြောင်း ရှင်းလင်းဟောပြောခဲ့သည်။

**မော်တော်ယာဉ်ဥပဒေ**

၁၉၈၉ မော်တော်ယာဉ်နည်းဥပဒေအရ ယာဉ်ကြော ရှင်းလျှင် နောက်မှယာဉ်အနေဖြင့် ကျော်တက်နိုင်ကြောင်းကို ရှေ့ယာဉ်ကလက်ယာဘက်မီးဖြင့် အချက်ပြရန် သတ်မှတ်ထားကြောင်း၊ ကမ္ဘာ့နိုင်ငံ ၁၉၃ နိုင်ငံတွင် လက်ယာကပ်မောင်းစနစ်ကို ၁၃၉ နိုင်ငံ၌ ကျင့်သုံးလျက်ရှိပြီး လက်ဝဲကပ်မောင်းစနစ်ကို ၅၄ နိုင်ငံ၌ ကျင့်သုံးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံ(၁၀)နိုင်ငံတွင် လက်ယာကပ်မောင်းစနစ်ကို ငါးနိုင်ငံကျင့်သုံးပြီး လက်ဝဲကပ်မောင်းစနစ်ကို ငါးနိုင်ငံကျင့်သုံးလျက်ရှိကြောင်း စသည်တို့ကိုလည်း ရှင်းလင်းဟောပြောကာယာဉ်မောင်းလိုင်စင်ဖြေဆိုမည့် သင်တန်းသား သင်တန်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

**ရဲရဲ(ပျဉ်းမနား)**

# နှလုံးသားမြို့တော်...ဥယျာဉ်မြို့တော်...နိုင်ငံ့မြို့တော်...နေပြည်တော်

**မိုးကျော်စွာ**

လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကာလ နေပြည်တော်သို့ရောက်ခါစအချိန်တွင် နေရ၊ ထိုင်ရ၊ သွားရ၊ လာရအဆင်မပြေမှုကြောင့် မည်သို့မျှမပျော်ပိုက်ခဲ့ပါ။ ပတ်ဝန်းကျင် မည်သည့်နေရာကိုပဲကြည့်ကြည့် ဖုန်တွေတထောင်းထောင်းနဲ့ စိတ်ညစ်စရာကောင်းနေခဲ့သည်။ တောင်ကုန်းတောင်တန်းလေးများသည်လည်း သစ်ပင်များမကျန်တော့ဘဲ တောင်ကတုံးဖြစ်လုနီးပါးအခြေအနေရောက်နေပါသည်။ ဤကဲ့သို့ အခြေအနေများကြောင့်လည်း ပိုပြီးပူလောင်အိုက်စပ်နေသကဲ့သို့ ခံစားရပါသည်။ ဘယ်တော့များမှ စိမ်းလန်းစိုပြည်လာလိမ့်မလဲလို့ ပူပန်တွေးတောရင်း ရင်မောနေခဲ့မိပါသည်။ သို့သော် နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းပေါင်းစုံကို ကျရာအခန်းကဏ္ဍအသီးသီးမှ ပါဝင်ခဲ့ကြသူများသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အပင်ပန်းအဆင်းရဲခံပြီး အားကြိုးမာန်တက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါသည်။

နေပြည်တော်ကို တည်ဆောက်ရာတွင် အခြားမြို့ရွာများနှင့်မတူဘဲ ထူးခြားသည့်အချက်လေးများရှိပါသည်။ နောက်လာမည့် နှစ်လေးငါးဆယ်ကိုမျှော်မှန်းကာ လမ်းမကြီးများကို ကျယ်ဝန်းစွာ ဖောက်လုပ်ထားပါသည်။ ယင်းလမ်းမကြီးများ၏ တစ်ဖက်တစ်ချက်တွင်လည်း Green Area အဖြစ် မြေသားချန်လှပ်ကာ သစ်ပင်ပန်းပင်များ၊ မြက်ခင်းများ စိုက်ပျိုးထားရှိပါသည်။ ယင်းနေရာများသည် နောင်တစ်ချိန် အလွန်ဖွံ့ဖြိုးတိုးတက်လာပါက လိုအပ်လျှင် အသုံးပြုနိုင်ရန်အတွက် အရန်ထားရှိသည့် မြေနေရာများဖြစ်ပါသည်။ ထိုသစ်ပင်၊ ပန်းပင်နှင့် မြက်ခင်းများကို အထောက်အကူပြုနိုင်ရန်အတွက် တောင်ကုန်းတောင်စွယ်များကြားတွင် လျှိုပိတ်တမံငယ်များ အစီအရီ ထည့်သွင်းတည်ဆောက်ထားပါသည်။ မိုးရာသီတွင် ထိုတမံငယ်လေးများထဲ၌ ရေအပြည့် သိုလှောင်ထားစေပြီး နွေရာသီတွင် ရေလိုအပ်ပါက သယ်ယူသုံးစွဲနိုင်မည်ဖြစ် သကဲ့သို့ အနီးဝန်းကျင်ကိုလည်း အမြဲစိမ်းလန်းနေစေမည့် အကျိုးကျေးဇူးများ ရရှိစေပါသည်။

ဌာနဆိုင်ရာ ရုံးကြီးပေါင်းများစွာကိုလည်း မြေအကျယ်အဝန်း လုံလောက်စွာနှင့် နေရာဖြန့်ခွဲတည်ဆောက်ထားပါသည်။ ၎င်းရုံးကြီးများ တစ်ခုနှင့်တစ်ခုကြားတွင် ယခင်က ရှိခဲ့ဖူးသည့် သဘာဝပေါက်ပင် သစ်တောကလေးများကို တစ်ဖန်ပြန်လည်ကြီးထွားလာအောင် ပြုစုထိန်းသိမ်းစောင့်ရှောက်ထားပါသည်။ ရုံးကြီးများ၏ အနီးအနားတွင်လည်း လျှိုပိတ်တမံများ ထည့်သွင်းတည်ဆောက်ပေးခဲ့ပြီး ရေကိုသိုလှောင်ထိန်းသိမ်းစေကာ အထဲတွင်ငါးမျိုးများ စိုက်ထည့်ထားရှိပါသည်။ ဂေဟစနစ်ကို တတ်နိုင်သမျှ ထိန်းသိမ်းထားခြင်းဖြစ်ပါသည်။

ထို့အပြင် နေပြည်တော်၌ အများပြည်သူ အနားယူအပန်းဖြေနိုင်ရန်အပြင် ဗဟုသုတတိုးပွားစေနိုင်သည့် ဥယျာဉ်ကြီးများလည်း တည်ဆောက်ပေးထားပါသည်။ ရေပန်းဥယျာဉ်၊ ပရဆေးဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ဆာဖာရီဥယျာဉ် အစရှိသဖြင့် ဥယျာဉ်ပေါင်းများစွာကို တည်ဆောက်ပြီး မျက်စိပသာဒဖြစ်မှု၊ စိမ်းလန်းစိုပြည်မှုတို့ကို ဦးစားပေး စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။ ဤမျှမက နေပြည်တော်တွင် ရေလှောင်တမံကြီးပေါင်းများစွာ တည်ဆောက်ထားပြီး တချို့ရေလှောင်တမံကြီးများတွင် အပန်းဖြေစခန်းပါ တွဲဖက်ဖွင့်လှစ်ပေးထားသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။ အများပြည်သူ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်သကဲ့သို့ နေပြည်တော်အတွက်လိုအပ်သည့် သောက်သုံးရေဖူလုံမှုရှိအောင် စီစဉ်ထားခြင်းပင်ဖြစ်ပါသည်။

လူဆိုသည့် သက်ရှိသတ္တဝါသည် အောက်ဆီဂျင်ကို ရှူရှိုက်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို စွန့်ထုတ်ပါသည်။ သို့သော် သစ်တောသစ်ပင်များက လူနှင့်မတူဘဲ လူသားတို့အတွက်အဆိပ်အတောက်ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ကို ရှူရှိုက်စားသုံးကာ အောက်ဆီဂျင်ကိုပြန်လည်စွန့်ထုတ်ပါသည်။ ထို့ကြောင့် ကမ္ဘာလောကတွင်လူနှင့်သစ်ပင်တို့ မျှခြေသဘောရှိနေစေရန် အလွန်အရေးကြီးပါသည်။ လူသားတို့အတွက် သန့်ရှင်းလတ်ဆတ်သော လေကိုရရှိစေရန်၊ ရာသီဥတုကို ထိန်းညှိနိုင်စေရန်၊ မိုးလေဝသမှန်ကန်စေရန် တို့အတွက် သစ်ပင်သစ်တောများသည် မရှိမဖြစ်လိုအပ်သည့် အရာများဖြစ်ပါသည်။ ထို့ကြောင့်လည်း နေပြည်တော်မှ လမ်းမကြီးတိုင်း၏ ဝဲယာတွင် အရိပ်ရပင်၊ နှစ်ရှည်ပင်ကြီးများကို စနစ်တကျ စိုက်ပျိုးထားရှိခဲ့ခြင်း ဖြစ်သည်။

ယခုဆိုလျှင် နေပြည်တော်တွင် စိုက်ပျိုးထားရှိသော သစ်ပင်ပန်းပင်များ အရွယ်ရောက်လာကြပြီး ယင်းတို့ကပေးသည့် အကျိုးကျေးဇူးများကို နေပြည်တော်နေ အများပြည်သူတို့စတင်ခံစားနေရပြီဖြစ်ပါသည်။ ယခင်က တောင်ကတုံးများနေရာတွင် သစ်တောအုပ်ကလေးများ အစားထိုးဖြစ်တည်လာသကဲ့သို့ လမ်းဘေးဝဲယာရှိ ကွင်းပြောင်ပြောင်များသည်လည်း အရိပ်ရနှစ်ရှည်ပင်ကြီးများဖြင့် စိမ်းညို့အုပ်ဆိုင်းနေပြီဖြစ်ပါသည်။ ရာသီဥတုအနေဖြင့်လည်း ရောက်ခါစကကဲ့သို့ ပူလောင်အိုက်စပ်လွန်းခြင်းမရှိတော့ဘဲ သင့်တင့်မျှတသည့်အခြေအနေကို ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ မိုးရွာသွန်းမှုမှန်ကန်လာပြီး လူတို့၏ကျန်းမာရေးကို ထိခိုက်စေသည့် ဖုန်မှုန့်များလည်း သိသာစွာလျော့နည်းခဲ့ပြီ ဖြစ်ပါသည်။ သစ်တောအုပ်ကလေးများ၊ လျှိုပိတ်တမံများတွင် ပျော်မြူးကျက်စားလျက်ရှိသည့် ယုန်ကလေးများမှအစ ရေဘဲ၊ ရေကြက်ကလေးများကိုလည်း သဘာဝအလျောက် မြင်တွေ့လာရပြီဖြစ်ပါသည်။ အချို့သောရုံးကြီးများ၏ အနီးတစ်ဝိုက်ရှိ သစ်တောအုပ်ကလေးများတွင် ချေသတ္တဝါငယ်များ၏ ဟောက်သံကိုပင် ရံဖန်ရံခါကြားနေရပြီဖြစ်ပါသည်။

ဤကဲ့သို့ သန့်ရှင်းသပ်ရပ်သာယာလှပ စိမ်းလန်းစိုပြည်သည့် ဝန်းကျင်တစ်ခုဖြစ်ရန်အတွက် အထက်ဖော်ပြပါအတိုင်း တည်ဆောက်ထားရုံနှင့် မပြီးသေးပါ။ တည်ဆောက်ခဲ့သည့် အခြေခံအဆောက်အအုံများနှင့် စိုက်ပျိုးခဲ့သည့် သစ်ပင်ပန်းမန်များကို စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုး၊ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ပါသည်။ မိမိ၏ လုပ်ငန်းတာဝန်များအရ ထိန်းသိမ်းစောင့်ရှောက်ရန် မဖြစ်နိုင်လျှင်သော်မှ မိမိကြောင့်မပျက်စီးစေဖို့ လိုက်နာစောင့်ထိန်းကြရမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် ကိုယ်နေထိုင်ရာ အိမ်ခန်းများအနီးဝန်းကျင်ကို ရက်သတ္တပတ်တစ်ပတ်လျှင်တစ်ကြိမ် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အမှိုက်ကို စနစ်တကျ စွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။ အများပြည်သူအတွက် စိုက်ပျိုးထားသော သစ်ပင်ပန်းမန်များကိုလည်းခူးယူခြင်း၊ ချိုးဖဲ့ခြင်း၊ ခုတ်လှဲခြင်း စသည့် လုပ်ရပ်များကို ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။ မိမိကိုယ်တိုင်ကိုယ့်အသိစိတ်ဓာတ်ဖြင့် လိုက်နာကျင့်ကြံသကဲ့သို့ မိမိတို့၏ နောင်လာနောက်သားကလေးသူငယ်များကိုလည်း ယင်းအသိစိတ်ဓာတ်များ ခံယူနိုင်အောင် ဆုံးမသွန်သင်ခြင်း၊ နည်းပေးလမ်းပြလုပ်ခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ဤသည်ကား မြို့တော်သူမြို့တော်သားတိုင်း မလွဲမသွေ လိုက်နာအပ်သည့် နီတိ သို့မဟုတ် ဝတ္တရားပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အစိုးရရုံးများ ရုံးစိုက်ရာ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်ကြီးကို ပိုပြီးလှပသာယာအောင်၊ စည်ကားသိုက်မြိုက်အောင်၊ တိုးတက်ဖွံ့ဖြိုးအောင် အားလုံးက တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုပါသည်။

ထိုမှတစ်ဆင့် အရပ်ရှစ်မျက်နှာရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ သွေးကြောများသဖွယ် ယှက်နွယ်ဖောက်လုပ်ထားသည့် လမ်းများဆုံရာ နှလုံးသားမြို့တော်ကြီးတစ်ခုအဖြစ်လည်းကောင်း၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ်၊ ပရဆေး ဥယျာဉ်၊ ပန်းမြိုင်လယ်ဥယျာဉ် စသည့် ဥယျာဉ်ပေါင်းများစွာ တန်ဆာဆင်ထားသည့် ဥယျာဉ်မြို့တော်ကြီး တစ်ခုအဖြစ်လည်းကောင်း ပိုမိုကြွားဝင့်စွာ ဖြစ်ပေါ်လာအောင် အားလုံးက ပေါင်းရုံးဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။



နေပြည်တော်ဘူတာကြီးနှင့် ပန်းဥယျာဉ်အား ပန်းသင့်စွာ တွေ့မြင်ရစဉ် (ဓာတ်ပုံ-မြန်/ဆက်)



နေပြည်တော်ရှိ ရေပန်းဥယျာဉ်နှင့် လမ်းမကြီးကလည်း မြို့တော်၏အလှကို ဖော်ကျူးလျက်ရှိစဉ် (ဓာတ်ပုံ-မြန်/ဆက်)

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက်အထိ ထွက်ရှိသောစာအုပ်များစာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ချိန်းတဲ့ညမဂ္ဂဇင်း ဟာသဝတ္ထုရှည်များ(၃) | ကြပ်ကလေး | ၃၅၀၀ | စိတ်ကူးချိုချို |
| ၂ | သစ္စာတည်ရာ | မီမိုး | ၂၅၀၀ | မိုးစာပေ |
| ၃ | ဥက္ကဋ္ဌရွေးပွဲ | နတ်ရဲ(ရူပဗေဒ) | ၄၀၀၀ | မျိုးဆက်သစ် |
| ၄ | အတ္တလန်တစ်ရှာပုံတော် | သင့်လူ | ၅၅၀၀ | ငါတို့စာပေ |
| ၅ | လှုပရုပ်စုံ ကာတွန်းများ(၂) | ပန်းချီ ဦးဘကြည် | ၇၅၀၀ | စိတ်ကူးချိုချို |
| ၆ | မြန်မာသမိုင်းမှ ထင်ပေါ်ကျော်ကြားအနုပညာရှင်များ | ကောင်းပြည့်စုံ | ၂၅၀၀ | စာပေနန်းတော် |
| ၇ | ကျွန်တော်ရယ် ထောက်လှမ်းရေးရယ် နဝတနှင့် နအဖရယ် | ဦးခင်ညွန့် | ၃၀၀၀ | ပန်းမျိုးတစ်ရာ |
| ၈ | ငါးရာ့ငါးဆယ်ဇာတ်ပင်လယ်(ပ)တွဲ | မင်းသုဝဏ် | ၂၅၀၀ | မုံရွေး |
| ၉ | ငါးရာ့ငါးဆယ်ဇာတ်ပင်လယ်(ဒု)တွဲ | မင်းသုဝဏ် | ၃၀၀၀ | မုံရွေး |
| ၁၀ | မြန်မာတွေ မည့်ပါဘူး | ဟန်စိုး | ၂၀၀၀ | ပဥ္စင်္ဂ |
| ၁၁ | ပဲပုပ်၊ ပဲပိစပ်၊ ပင်စိမ်းနှင့်နွယ်ချို | မောင်ယဉ်နွယ်နှင့် မဝေဝေနွယ် | ၁၅၀၀ | ရန်အောင် |
| ၁၂ | မျှဝေလိုသော အတွေးများ(၂) | ဗန်းမော်သိန်းဖေ | ၃၀၀၀ | ပဥ္စင်္ဂ |
| ၁၃ | တော်လှန်ရေးသမား | တင်ထွေး | ၃၅၀၀ | အိပ်မက်သစ် |
| ၁၄ | ဂြိုဟ်ဝင်များကို ပြန်လည်ဖတ်ရှုခြင်း | မင်းခက်ရဲ | ၃၀၀၀ | MKS publishing |
| ၁၅ | ခေါင်မိုးမလုံတဲ့အိမ်နှင့်အခြားဆောင်းပါးများ | အရှင်ပညိန္ဒ | ၁၀၀၀ | ယဉ်မျိုး |
| ၁၆ | ၁၆နှစ်...ကန္တာရ...နှင်းဆီ | နဒီမင်း ၇ | ၂၅၀၀ | ငါတို့စာပေ |
| ၁၇ | ထမင်း၊ ဟင်းချက်ပြုတ်ပြိုင်ပွဲကြီး | ငွေကြည်ကာတွန်းများ | ၂၂၀၀ | စိတ်ကူးချိုချို |
| ၁၈ | ရှုးတိုးတိုးစာမဲ့ကာတွန်းများ | ငွေကြည်ကာတွန်းများ | ၃၀၀၀ | ခူဝံ |
| ၁၉ | မြန်မာသမိုင်း၌မမေ့သင့်သော နေ့တစ်နေ့(သို့) အာဇာနည်နေ့ | သန်းဝင်းလှိုင် | ၂၅၀၀ | လဝန်းသစ် |
| ၂၀ | နိရှေး | မင်းခက်ရဲ | ၄၀၀၀ | MKS publishing |
| ၂၁ | ဒေါင်းကကွက်ကဗျာများ | ကိုရွှေကေဇာ | ၁၅၀၀ | ငါတို့စာပေ |
| ၂၂ | သံစဉ်ချိုချိုဂီတတေးဥယျာဉ် | မောင်ဟံသာ | ၂၀၀၀ | လင်းလွန်းခင် |
| ၂၃ | ဂြိုဟ်ဝင်ဒစ္စနေးပုံပြင်များ | စိုးညွန့်ဇော် | ၇၀၀၀ | Synergy |
| ၂၄ | ကမ္ဘာနံပါတ်တစ်သက်ရှိဒီမိုကရေစီအိုင်ကွန် ဒေါ်အောင်ဆန်းစုကြည် | ဆရာမြ | ၁၅၀၀ | မျိုးဆက်သစ် |
| ၂၅ | ဘဝ...ရသ...ပစ္စုပ္ပန်စာမျက်နှာများ | သန်းမြင့်အောင် | ၁၈၀၀ | - |
| ၂၆ | ရက်ကန်းစင်တောင်ခြေတွင် ရှင်မွေးလွန်းနေသည် | ဈာန်လင်းထက် | ၁၅၀၀ | ချမ်းမြေ့ရတနာ |
| ၂၇ | မိုက်ခရိုဝေ့ဖ် | အောင်ခင်မြင့် | ၂၀၀၀ | နှစ်ကာလ |
| ၂၈ | ကင်ဂျုံအွန် | Quality အယ်ဒီတာအဖွဲ့ | ၄၀၀၀ | Quality |
| ၂၉ | ချောကလက်ဗိုလ်ကြီး | ဗန်းမော်တင်အောင် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၃၀ | အနိုင်ပိုင်းသူကြီး | မွန်းဇူး | ၂၅၀၀ | လင်းလွန်းခင် |
| ၃၁ | နေဝင်းမြင့်၊ ခင်ခင်ထူးနှင့်လင်းလွန်းခင်(ဝတ္ထုတို/ရှည်) | - | ၆၀၀၀ | လင်းလွန်းခင် |
| ၃၂ | ပိတာရုံပူဇေမိ(ဖခင်ကိုပူဇော်ခြင်း) | အောင်ဆင့် | ၁၅၀၀ | နေမင်းရာဇာစာပေ |



၂၀၁၄ ခုနှစ် Miss World ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးနောက် ယခုအခါ အဆိုဘက်ပိုင်းတွင် Professional တစ်ယောက်အဖြစ် ရပ်တည်နေသည့် ဝိုင်းလေးသည် ၎င်း၏ ဒုတိယမြောက် တေးစီးရီးအတွက် ပြင်ဆင်မှုများပြုလုပ်နေသည်။ ဝိုင်းလေးနှင့် ဆက်သွယ်မေးမြန်းထားမှုများအကြောင်း တင်ပြလိုက်ပါသည် -

# လမ်းခွဲရင်ကောင်းမယ်ဟု ဆိုလာသူ ဝိုင်းလေး

● NZA

**ဝိုင်းလေးရဲ့လက်ရှိအကြောင်း**

လတ်တလောအနေနဲ့ကတော့ အွန်လိုင်းကနေ Single Song ထွက်ထားပါတယ်။ ကိုယ်ပိုင် Facebook စာမျက်နှာနဲ့ နောက် Myanmar Music Network ကနေ **"လမ်းခွဲရင်ကောင်းမယ်"**ဆိုတဲ့ Single Song ကို ဖြန့်ထားပါတယ်။ ဝိုင်းလေးရဲ့ဒုတိယမြောက်တေးစီးရီးအတွက် လုပ်နေတဲ့အထဲက ပထမဆုံးအနေနဲ့ပါ။ ဒုတိယအခွေက အချိန်လေး ထပ်ယူထားတယ်၊ သေချာလည်းလုပ်ချင်တယ်။ သီချင်းတွေကလည်း ကိုယ်တိုင်ရေးတာလည်းပါတယ်။ အခွေကတော့ နည်းနည်းကြာဦးမယ်၊ ပရိသတ်တွေနဲ့ အဆက်မပြတ်ချင်တာကြောင့် ဒီသီချင်းကို ပထမဆုံးထုတ်လိုက်တာပါ။ သီချင်းက ဝိုင်းလေးကိုယ်တိုင် ရေးထားတာပါ။ ကိုမိုးထက်က သူ့အပိုင်းကို သူရေးထားတယ်။ သီချင်းကတော့ မယ်လိုဒီအရင်ရေးတယ်ပေါ့နော်။ ပြီးမှ စာသားလိုက်တယ်။ သံစဉ်နဲ့လိုက်ဖက်တဲ့ စာသားတွေ ထည့်တာပါ။

**ဒုတိယမြောက်အခွေ**

ဒုတိယမြောက်အခွေက သီချင်းပိုင်းဆိုရင်တော့ ၅၀ ရာခိုင်နှုန်းလောက် ပြီးသွားပြီ။ ဒါပေမယ့် သီချင်းက မတီးရသေးဘူး၊ ရွေးချယ်မှုကတော့ တစ်ဝက်လောက်ပြီးသွားပြီ။ အဓိက ကတော့ သီချင်းဘယ်လောက်ကောင်းကောင်း အတီးသမားနဲ့ ဆိုတဲ့သူ့အပေါ်မှာလည်း အများကြီး မူတည်နေပါတယ်။ လောလောဆယ်သီချင်းက ရွေးချယ်ပြီးဖြစ်တဲ့အတွက် အတီးပိုင်းက Music Producer တစ်ယောက်နဲ့ အတီးပိုင်းအတွက် ပြင်ဆင်ဖို့ တိုင်ပင်နေပါတယ်။

**သီချင်းအသစ်တွေ**

ဒုတိယခွေမှာ သီချင်းအများကြီးတော့ မပါဘူး၊ ၁၀ ပုဒ်လောက်ပဲပါမယ်။ လောလောဆယ် ကျွန်မရေးထားတာ လေးပုဒ်လောက်ပါမယ်။ တေးရေးတွေက ကိုဝေလင်းနဲ့ ကိုဆလိုင်းတို့ ပါပါမယ်။ သီချင်းအမျိုးအစားက အသည်းကွဲသီချင်းလည်းပါမယ်၊ ယောကျ်ားလေး ပရိသတ်တွေအတွက်ပါ၊ အဓိကက လူငယ်ပရိသတ်အတွက် အသက် ၁၃၊ ၁၄ နှစ်ကနေ ၂၅ နှစ်လောက်အထိ ရည်ရွယ်ထားပါတယ်။

**မိုးတွင်းပြီးရင် နယ်ရှိုးတွေလည်းဆိုမယ်**

နယ်တွေမှာ ရှိုးပွဲတွေ သွားဆိုဖြစ်ပါတယ်။ မိုးတွင်းဘက် နယ်တွေမှာသွားဆိုရတာ အခက်အခဲရှိပါတယ်။ Grand Royal အတွက် မြို့ ၁၀ မြို့မှာ သွားရောက်ဖျော်ဖြေဖို့ရှိတယ်။ ဒါပေမယ့် မိုးတွင်းဆိုတော့ နားထားပါတယ်။ ပထမဆုံးတော့ ပုသိမ်မြို့မှာ သွားရောက်ဖျော်ဖြေ ပြီးသွားပါပြီ။

**အဆိုဘက်ကို မော်ဒယ်လောကထက် ပိုဦးစားပေးနေ**

ရှိုးလျှောက်တာက နောက်ပိုင်း မလျှောက်ဖြစ်တော့ဘူး၊ ဒိုင်တော့လုပ်ဖြစ်တယ်၊ တချို့ပွဲတွေမှာပါ။ ပြီးခဲ့တဲ့ Man of The Year ပွဲမှာလည်း ဒိုင်လုပ်ဖြစ်တယ်။ ပွဲတွေကတစ်ပွဲနဲ့ တစ်ပွဲ တိုက်နေရင် Professional သွားမယ့် အဆိုဘက်ကိုပဲ ဦးစားပေးဖြစ်တယ်။ Miss တစ်ယောက်အနေနဲ့ကတော့ ပရဟိတ အလုပ်တွေပဲ ဆက်လုပ်သွားမယ်။

**လှူရဖို့ ရန်ပုံငွေက လိုနေသေးတယ်**

ဝိုင်းလေးတို့အဖွဲ့က အခုထိလှူပ်ရှားမှုတော့ ရှိပါတယ်။ အဓိကက ရန်ပုံငွေပေါ်မူတည်ပြီးတော့ လှူရမယ့်နေရာ ရွေးချယ်တယ်။ အခုလောလောဆယ်တော့ ထပ်ပြီးလှူရမယ့်နေရာကို ရွေးချယ်နေဆဲပါပဲ။ အလှူရှင်တွေလည်း လက်ခံပါတယ်။ ရန်ပုံငွေ အရရော၊ လှူဒါန်းမှုအရပါ မူတည်ပြီး ရွေးချယ်ရတဲ့အတွက် အခက်အခဲလည်းရှိပါတယ်။ တတ်နိုင်သလောက်တော့ ကြိုးစားနေပါတယ်။

**ပြိုင်ပွဲတွေအတွက် လေ့ကျင့်မှုက လိုအပ်တယ်**

ပြိုင်ပွဲက တစ်နှစ်နဲ့တစ်နှစ်တော့ မတူဘူး။ ဝိုင်းလေးတို့နှစ်က UK မှာ ကျင်းပတယ်။ နောက်တစ်နှစ်ကျတော့ တရုတ်၊ မနှစ်ကတော့ အမေရိကန်မှာ၊ ကိုယ်သွားပြိုင်ရမယ့်နိုင်ငံအပေါ်မူတည်ပြီး အပြောင်းအလဲတွေ ရှိနေမယ်လို့ ထင်ပါတယ်။ နေရာဒေသအလိုက်ပေါ့၊ ဝိုင်းလေးသွားပြိုင်တာက ကြာသွားပြီဆိုတော့ ကွာခြားသွားပြီ၊ အတွေ့အကြုံကိုတော့ Sharing လုပ်ပေးမှာပါ။ သွားပြိုင်မယ့်သူက ဒီကနေ Training ကောင်းကောင်း လုပ်သွားတယ်ဆိုရင် အဆင်ပြေမှာပါ။

**ဝိုင်းလေးရဲ့အပန်းဖြေချိန်**

အားလပ်ချိန်တွေမှာ သူငယ်ချင်းတွေနဲ့ မုန့်သွားစားကြတယ်။ သူတို့လည်း Shooting အားတဲ့အချိန် ဝိုင်းလေးလည်း အလုပ်အားတဲ့အချိန်မှာ မုန့်သွားစားတယ်၊ စကားပြောကြတယ်။ မိသားစုနဲ့လည်း တစ်ခါတလေသွားဖြစ်တယ်။ ပုံမှန်တော့ အိမ်မှာနေဖြစ်တာ များပါတယ်။

**လမ်းခွဲရင်ကောင်းမယ့် ဝိုင်းလေး**

ဝိုင်းလေးရဲ့ Single Song တစ်ပုဒ် ထွက်ထားပါတယ်။ ပရိသတ်တွေလည်း နားထောင်နေရပါပြီ။ နောက် ဇူလိုင်လ ဒုတိယပတ်မှာ နောက်တစ်ပုဒ်ဖြစ်တဲ့ တာဝန်အရဆိုတဲ့ သီချင်းလေးကို V 7 Music Entertainment ကနေ ဖြန့်ချိဖို့ ရှိပါတယ်။ အဲဒါက Music Video တစ်ခါတည်း ထွက်ပါမယ်။ အဲဒါပြီးရင် အခု ထွက်ထားတဲ့ "လမ်းခွဲရင်ကောင်းမယ်" ဆိုတဲ့ သီချင်းကို Music Video ထပ်ပေးဖို့ ရှိပါမယ်။ သီချင်းအသစ်အသစ်တွေလည်း ထပ်ထွက်ဖို့ရှိပါတယ်။



# "သူနဲ့တွေ့မှ ကျွန်တော် အလုပ်တွေပိုလုပ်ရတယ်" ဆိုသည့် အောင်လ

ကိုလင်း

**တေးသံရှင် အောင်လနှင့် ဝိုင်းစုခိုင်သိန်းတို့ နှစ်ဦး၏ ဂီတဖန်တီးမှုများကို ပရိသတ်နှင့်မီဒီယာများသို့ချပြရန် အသင့်ဖြစ်နေကြောင်း သိရသည်။**

**မေး ။ အောင်လအနေနဲ့ ဂီတအလုပ်တွေ လုပ်ကိုင်နေတဲ့ အခြေအနေလေးကိုလည်း ပြောပြပေးပါ။**

ဖြေ ။ ကျွန်တော်က ဂီတသမားဆိုတော့ ဂီတနဲ့ပတ်သက်လာရင်အမြဲတမ်းအဆင်သင့်ပါပဲ။ ဇူလိုင်လထဲမှာပဲ ကျွန်တော်တို့အဖွဲ့ဖန်တီးထားတဲ့အခွေ ထွက်ဖို့ရှိပါတယ်။ ကျွန်တော့်ရဲ့တစ်ကိုယ်တော်အခွေက နည်းနည်းကြာမှာမို့ ဒီကြားထဲမှာ ပရိသတ်နဲ့ အဆက်ပြတ်မှာစိုးလို့ ကျွန်တော် ဒီအခွေလေးလုပ်ဖြစ်တာပါ။ တစ်ကိုယ်တော်အခွေကို ကျွန်တော့် မွေးနေ့ ၉ လပိုင်း ၁၇ ရက်လောက် ထွက်ဖို့ရည်ရွယ်ထားပါတယ်။ ဒီကြားထဲထွက်လာမယ့် အခွေလေးက Group ဆိုပေမယ့် သီချင်းကတော့ သုံးပုဒ်လောက်ပဲ ထည့်ထားပါတယ်။ သီချင်းပုံစံလေးတွေကတော့ လတ်တလောဖြစ်ပေါ်နေတဲ့ အကြောင်းအရာလေးတွေကို အခြေခံပြီး ရေးထားတာပါ။ ကိုယ်တိုင်ကြုံတွေ့ရတဲ့ ဘဝအရေးနဲ့ပတ်သက်တာလေးတွေ ပါပါတယ်၊ ဒီနေ့ခေတ်အကြောင်းကို ရေးထားတာ။

**မေး ။ တစ်ကိုယ်တော်ခွေကို မွေးနေ့မှာ ထွက်ဖို့ကြိုးစားနေတော့ ထူးခြားတာတွေရော ပါသေးလား။**

ဖြေ ။ ကျွန်တော် အဲဒီအခွေလုပ်နေတာ သုံးနှစ်လောက်ရှိသွားပြီ။ ပထမတုန်းကတော့ ဇွန်လမှာထွက်မယ်လို့ ရည်ရွယ်ထားတာပါ။ ဒါပေမယ့် လူမှုရေးပြဿနာလေးတွေကြောင့် စက်တင်ဘာလအထိ ပြောင်းရွှေ့လိုက်ရတာပါ။ ကျွန်တော့်အခွေထဲမှာ ဂီတပုံစံလေးတွေကိုလည်း ပြောင်းလဲထားပါတယ်။ နည်းနည်းရင့်ကျက်လာပြီလို့ဆိုနိုင်တဲ့ သီချင်းတွေကို တွေ့ရမှာပါ။ ပြောရမယ်ဆိုရင် သီချင်းတွေက အတည်အခန့် လေးတွေများတယ်။ အချစ်သီချင်းနည်းနည်းပဲ ပါလာတော့မယ်။ သီချင်းအားလုံး ၁၃ ပုဒ်မှာ သုံးပုဒ်လောက်ပဲ အချစ်သီချင်းဖြစ်ပြီး ကျန်တာဘဝနဲ့ သက်ဆိုင်တဲ့ သီချင်းလေးတွေပါတယ်။ အခု တတိယအခွေက ကျွန်တော် တစ်ယောက်တည်းရေးတာမဟုတ်ပါဘူး။ တေးရေးဆရာတွေ အများကြီးပါဝင်ပါတယ်။ ပြီးတော့ သီချင်းသံစဉ်လေးတွေလည်း ပြောင်းသွားတယ်။ အဓိက ကတော့ သီချင်းပုံစံလေးတွေ မထပ်ချင်တာလည်း ပါပါတယ်။ တစ်ခါလာလည်း ဒီသံစဉ်၊ ဒီစာသားဆိုတာမျိုး မဖြစ်ချင်လို့ပါ။ ပြီးတော့ ဂီတကိုလည်း ဂျက်စ်နဲ့ ရော့ခ် နှစ်မျိုးပေါင်းစပ်တဲ့ပုံလေးတွေ လုပ်ချင်လို့ပါ။

**မေး ။ ရော့ခ်ဂီတက ပရိသတ်လက်ခံမှုထင်သလောက်အားမရဘူးလေ။ ကိုလေးဖြူတို့လောက်ပဲ ပရိသတ်က အဓိကထားလက်ခံတာဆိုတော့ နောက်ထပ် မျိုးဆက်သစ်တွေအတွက် ရော့ခ်ဂီတကိုဘယ်လို အသက်သွင်းစေချင်လဲ။**

ဖြေ ။ ရော့ခ်ဂီတက ကန့်သတ်ထားသလို ပုံစံဖြစ်နေတော့ ကမ္ဘာမှာလည်း သူ့လိုင်းနဲ့သူ ကြိုက်တဲ့သူပဲရှိတော့ နည်းပါတယ်၊ တကယ်ရော့ခ်ဂီတကို ကြိုက်တဲ့သူကတော့ နားထောင်ကြည့်တာနဲ့ ပေါ့ပေါ့တန်တန် လုပ်ထားတဲ့ ဂီတမဟုတ်ဘူးဆိုတာတော့ သိကြပါတယ်။ ကျွန်တော်ကတော့ ရော့ခ်ကို ငြီးငွေ့သွားတာမျိုး မရှိသလို၊ စိတ်ပျက်သွားတာမျိုးလည်း မရှိပါဘူး။ အကြိုက်နည်းကြတာဆိုတော့ ဒီဂီတနဲ့ပတ်သက်ပြီး ဘာတွေလုပ်သင့်တယ်ဆိုတာတော့ မပြောပြတတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ကိုယ့်ယုံကြည်ချက်နဲ့ကိုယ်ပဲ ရှေ့ဆက်နေတာမို့ပါ။

**မေး ။ ဝိုင်းစုအတွက် သီချင်းတွေရေးထားတယ်ဆိုတော့ သူနဲ့ကိုယ်က ဂီတအမျိုးအစားချင်းက တစ်လမ်းဆီဖြစ်နေတယ်လို့ မထင်ဘူးလား။**

ဖြေ ။ သူကအလွန် အလုပ်လုပ်နိုင်သူပါ။ သူ့ကိုမီဖို့ ကျွန်တော် နောက်ကနေ မနည်းလိုက်နိုင်အောင် ကြိုးစားနေရတယ်။ ကျွန်တော် "မယ်သီတာ"အခွေမှာ သူနဲ့တွဲပြီး သီချင်းနှစ်ပုဒ်ဆိုထားတယ်။ "အနားမှာရှိရင်"နဲ့ နောက်တစ်ပုဒ်က သီချင်းဟောင်းလေးပါပဲ "အသည်းကွဲမိုး"ဆိုတဲ့သီချင်းလေးပါ။ အဲ့ဒီသီချင်းကို ဗားရှင်းပြောင်းပြီးဆိုထားတာပါ။ သူက အလုပ်လည်း များတယ်။ ပွဲတွေလည်း ဆက်တိုက်ဆိုတယ်။ အလုပ်များတဲ့ကြားက အခွေကိုလည်း အဆက်မပြတ်လုပ်နေသေးတယ်။ အရင်က ဆို ကျွန်တော်က အေးအေးဆေးဆေး နေတာများတယ်။ အခုသူနဲ့တွေ့မှ မရတော့ဘူး။ သူက အသံသွင်းတာကအစ မကြိုက်မချင်း အကြိမ်ကြိမ် ပြန်ဆိုတယ်။ သူဆိုရင် ကျွန်တော်က အသံဖမ်းပေးတယ်။ ကျွန်တော်ဆိုရင် သူက အသံဖမ်းတယ်။ အဲဒီမှာပဲ သူဘယ်လောက် အလုပ်လုပ်တယ်ဆိုတာ ကျွန်တော်သိလိုက်ရတယ်။

**အရင်ကဆို ကျွန်တော်က အေးအေးဆေးဆေး နေတာများတယ်။ အခုသူနဲ့တွေ့မှ မရတော့ဘူး။ သူက အသံသွင်းတာကအစ မကြိုက်မချင်း အကြိမ်ကြိမ် ပြန်ဆိုတယ်။ သူဆိုရင် ကျွန်တော်က အသံဖမ်းပေးတယ်။ ကျွန်တော်ဆိုရင် သူက အသံဖမ်းတယ်။**

**မေး ။ ဝိုင်းစုခိုင်သိန်းနဲ့ အောင်လ နှစ်ယောက် ဖန်တီးတဲ့ဂီတကို ဘယ်တော့လောက်မြင်ရမလဲ၊ ဥပမာအချစ်သီချင်းလေးတွေကြီး သီးသန့်ပေါ့။**

ဖြေ ။ သူက ပေါပ်ပ့်၊ ကျွန်တော်က ရော့ခ်ဂီတဆိုတော့ လိုင်းကမတူဘူး။ သူ့အခွေရယ် ကျွန်တော့်အခွေရယ် ပြီးသွားရင်တော့ စဉ်းစားထားတယ်။ ဒါပေမယ့် မသေချာသေးပါဘူး။ အခုဒီအခွေဆို နှစ်ယောက်သားတိုင်ပင်ပြီး လုပ်ကြတာတော့ ရှိတယ်။ ဘယ်နားလေးကို ဘယ်လိုပုံစံထည့်မယ် ။ဘယ်လို စာသားလေး သုံးမယ်ဆိုတာမျိုးပေါ့။ အဲဒီလောက်တော့ ရတယ်။ တစ်ခွေလုံး ဆိုဖို့ဆိုရင်တော့ သေချာအချိန်ယူပြီး လုပ်ရမယ်လို့ထင်ပါတယ်။ ။

# စင်ကာပူဆေးရုံတွင် လေဆာဖြင့် မျက်စိကုသခဲ့သည့် စိုင်းစိုင်းခမ်းလှိုင်

ဇူလိုင်လ ပထမပတ်အတွင်း စင်ကာပူနိုင်ငံရှိ Mount Elizabeth Novena ဆေးရုံတွင် လေဆာကုထုံးဖြင့် မျက်စိကုသမှုခံယူခဲ့ပြီး ယခုအခါ သက်သာလာခဲ့ပြီဖြစ်ကြောင်း စိုင်းစိုင်းခမ်းလှိုင်က ပြောသည်။

"ဆယ်တန်းအောင်ပြီးကတည်းက မျက်မှန်စတပ်ရတယ်။ မျိုးရိုးကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ မောင်နှမလေးယောက်လုံး မျက်မှန်တပ်ရတယ်။ ကျွန်တော်ကတော့ တပ်လိုက် မတပ်လိုက်နဲ့ ဒီအတိုင်းလည်း နေတာပဲ။ UFL ရောက်တော့ မျက်မှန်မပါရင် စာမမြင်ရတော့ဘူး။ တချို့မိတ်ဆွေတွေက ကျွန်တော့်ကို စိတ်ဆိုးကြတယ်။ ကြီးကျယ်တယ်၊ မမြင်ချင်ယောင်ဆောင်တယ်ဆိုပြီးပြောကြတယ်။ အမှန်က ကျွန်တော်အဝေးကို သိပ်မမြင်ရဘူး။ နောက်ပိုင်းကျတော့ တစ်နေကုန် မျက်ကပ်မှန်နဲ့နေတာပါ။ အဲဒီလိုနဲ့ Short-Sightedness ပါဝါတက်လာလိုက်တာ ဘယ်ဘက်က ၅၀၀၊ ညာဘက်က ၄၅၀ အထိဖြစ်လာခဲ့တယ်။ လွန်ခဲ့တဲ့ ငါးနှစ်အတွင်း တစ်နေ့ကို နာရီပေါင်းများစွာ ဖုန်း screen ကို ကြည့်ခဲ့တာလည်း ပါမှာပေါ့။ မနက် မျက်မှန်ရှာရတဲ့ ဒုက္ခကလည်း ရှိတယ်။ ရေချိုးပြီးရင် မျက်မှန်ပျောက်နေတဲ့ ကိစ္စတွေကို ကျွန်တော်တို့ လေးလုံးအချင်းချင်းပဲ နားလည်မယ်။ တစ်ခါတလေ အဝေးပြေးကားပေါ်မှာ မျက်ကပ်မှန်မချွတ်ဘဲ အိပ်ပျော်သွားတာတို့ တစ်ညလုံးလေယာဉ်စီးရတဲ့အခါ မျက်ကပ်မှန်ချွတ်နေရတာတို့ ရှိသေးတယ် (မျက်ကပ်မှန်ကလည်း ဒီတိုင်းချွတ်လို့မရဘူး Infection ဝင်တတ်တော့ လက်ကိုအရင်ဆေး)၊ မျက်ကပ်မှန်နဲ့ သရုပ်ဆောင်ရတာလည်းတော်တော်ဝွကျပါတယ်။ သူက Dry Eye အလွန်ဖြစ်တယ်၊ တော်တန်ရုံ မျက်ရည်ကျဖို့ တော်တော်ခက်တယ်။ သူများတွေတော့မသိဘူး၊ ကျွန်တော့်မှာတော့ ကသီလင်တဖြစ်တယ်။ တစ်ခါတလေ ရှူက်ကြီးတငင်ငိုဖို့ ကြိုးစားရင်း မျက်ရည်လည်းထွက် မျက်ကပ်မှန်က ခေါက်ပြီးထွက်ကျ ဟိုး .. ကပ်.. ကပ်.. ဆိုပြီး အစကပြန်ငို မျက်မှန်နဲ့ရိုက်ဖို့ကျတော့လည်း ပုလင်းဖင်ဖြစ်နေတော့ အဆင်မပြေပြန်ဘူးလေ။ အခုတော့ Parkway ရဲ့အစီအစဉ်နဲ့ Medical Checkup လုပ်ရင်း မျက်စိပါ တစ်ခါတည်း လေဆာကုသမှုလုပ်လိုက်ပါပြီ။ တကယ်တမ်း မျက်စိတစ်ဖက်ကို ငါးမိနစ်ပဲ ကြာတယ်ဗျို့။ မနက်အိပ်ရာနိုးတော့ လေယာဉ်မှူး တစ်ယောက်လို လုံးဝမျက်စိမြင်တဲ့သူ ဖြစ်သွားပြီ။ တစ်ခုပဲရှိတယ် တစ်ပတ်လောက်မျက်နှာ သစ်လို့မရဘူး၊ ပြီးတော့ နှစ်ပတ် သုံးပတ်လောက်နေကာမျက်မှန်တပ်ရမယ်။ ဒီတော့ ဒီလအတွင်း ကျွန်တော့်ကို ဂလဲကြီး တကားကားနဲ့မြင်ရင် ခွင့်လွှတ်ပေးကြပါဦး"ဟု စိုင်းစိုင်းခမ်းလှိုင်က ပြောသည်။

**ကိုလင်း**

# ကွယ်လွန်သူ အကယ်ဒမီဒွေး အောက်မေ့ဖွယ် အမှတ်တရ (၁၀) နှစ်ပြည့်ပွဲ ပြုလုပ်မည်

ဇူလိုင် ၁၁ ရက်တွင် ပြုလုပ်မည့် သရုပ်ဆောင် အကယ်ဒမီဒွေး ကွယ်လွန်ခြင်း (၁၀) နှစ်ပြည့်အခမ်းအနားကို ယခုလ ဇူလိုင် ၁၇ ရက် ညနေ ၄ နာရီမှ ၇ နာရီအထိ ရန်ကုန်မြို့ပြည်လမ်းရှိ လှည်းတန်းစင်တာတွင် ပြုလုပ်မည်ဟု သိရသည်။ သရုပ်ဆောင် ဒွေးသည် ၁၉၆၆ ခုနှစ်တွင် မွေးဖွားပြီး ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် အနုပညာအလုပ်များလုပ်ဆောင်ရင်း ကွယ်လွန်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် "အမေ့ခြေရာ"ဇာတ်ကားနှင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရရှိခဲ့ပြီး ဗီဒီယိုဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့သည့် ယနေ့တိုင်ရှင်သန်နေဆဲ အနုပညာရှင်တစ်ဦးဖြစ်သည် ။အဆိုပါအမှတ်တရပွဲကို ဒွေး၊ အိန္ဒြာကျော်ဇင်၊ သန္တာလှိုင်တို့ ပါဝင်သရုပ်ဆောင်ကြော်ငြာခဲ့ဖူးသည့်၊ ဗိုက်တာကပ် အားဆေးမှုဦးစီးကာ ဒွေး၏ ဇနီးဖြစ်သူ ဒေါ်မို့မို့နှင့် တိုင်ပင်ပြီး ဒွေး၏ အသုံးအဆောင်ပစ္စည်းများကို အမှတ်တရရောင်းချပွဲပြုလုပ်မည်ဖြစ်၍ ရရှိသည့်ငွေများအား ဒွေးလှူဒါန်းခဲ့သည့်နေရာများကို ပြန်လည်လှူဒါန်းသွားမည်ဟု သိရသည်။

**ကိုလင်း**

# ဝေဖန်မှုတွေကြားက ထွက်ရှိလာသည့် ဘုန်းကညာနှစ်ပါး

သရုပ်ဆောင် အကယ်ဒမီဖွေးဖွေးကို လူမှုကွန်ရက် စာမျက်နှာများတွင် ဇာတ်ကား၌ ဝတ်စားဆင်ယင်မှု၊ အရက်သေစာသောက်စားသည့် ရိုက်ကွင်း ရိုက်ကွက်များ၊ လူမိုက်ဆန်ဆန် သရုပ်ဆောင်မှုများကြောင့် ဝေဖန်မှုကြုံခဲ့ရသည့် ဘုန်းကညာနှစ်ပါး ရုပ်ရှင်ဇာတ်ကားကို ယခုလ ဇူလိုင် ၂၁ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှရိုက်ကူးပြီး ဒါရိုက်တာကိုဇော် (အရုဏ်ဦး) က ဖန်တီးတင်ဆက်ကာ သရုပ်ဆောင် မြင့်မြတ်နှင့် ဖွေးဖွေးတို့က အဓိကပါဝင် သရုပ်ဆောင်ထားသည်။

"ဒီဇာတ်ကားရဲ့ရည်ရွယ်ချက်က ပရိသတ်ကြီးကို အပျော်တွေ ပေးချင်တာပါ။ ဘဝအမောတွေ ပြေစေချင်တဲ့စိတ်နဲ့ ပုံဖော်ရိုက်ကူးခဲ့ပါတယ်။ ကျွန်တော်က ဒီဇာတ်ကားမှာ ပစ်တိုင်းထောင်အဖြစ် သရုပ်ဆောင်ရတယ်။ သစ်ရွက်စိမ်းဆိုတဲ့ ရွာသား၊ မိဘတွေက ရွာမှာသူဌေးတွေဆိုတော့ ရွာမှာ ကျွန်တော်က အားလုံးရဲ့ အော့ကြောလန်ဖြစ်နေတယ်။ သိပ်ဆိုးတဲ့ ကောင်လေးဖြစ်တယ်။ ရွာမှာ ကြိတ်ကြိုက်နေရတဲ့ ဟသံာဆိုတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်။ သူက ကျွန်တော့်ကို လုံးဝစိတ်မဝင်စားဘူး။ တစ်နေ့ ကျွန်တော်က ပြင်ဦးလွင်ကို အလုပ်ကိစ္စနဲ့သွားတုန်း မထင်မှတ်ဘဲ ဝတ်ရည်မွှေးဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ ဆုံတယ်။ သူက ဖွေးဖွေးပါ။ ဒါနဲ့ ကျွန်တော်နဲ့သူက မိတ္ထီလာကနေ ပြင်ဦးလွင်သွားတဲ့လမ်းမှာ ဘေးချင်းကပ်ထိုင်ရတယ်။ မထင်မှတ်ဘဲ ဝတ်ရည်မွှေးကို ကြိုက်သွားခဲ့ပြီး တစ်လမ်းလုံး သူနဲ့ရည်းစားဖြစ်ရင် ဘယ်လို ဘယ်ညာစဉ်းစားနေရာကနေ သူနဲ့ကျွန်တော် စိတ်ချင်းပြောင်းလဲပြီး ဝတ်ရည်မွှေး နေရာကနေ ကျွန်တော် ရောက်သွားတယ်။ ကျွန်တော့်နေရာမှာ သူ့ကို အစားထိုးလိုက်တယ်။




နောက်ပိုင်း ဟာသအလွဲလေးတွေနဲ့ ကိုယ့်ဘဝအမှန် ကိုယ်ပြန်ရောက်အောင်လုပ်ကြတဲ့ ပုံစံ ရိုက်ကူးထားတာပါ"ဟု မြင့်မြတ်က ပြောသည်။

အဆိုပါဇာတ်ကားသည် အနုပညာသက်သက်သာ ဖန်တီးထားခြင်းဖြစ်ပြီး မည်သည့်ရည်ရွယ်ချက်နှင့်မျှ ပတ်ဝန်းကျင်၊ အသိုင်းအဝိုင်း၊ အဖွဲ့အစည်းများကို ပုတ်ခတ်ထားခြင်းမရှိကြောင်း၊ ထိုကဲ့သို့ ထင်မြင်ယူဆချက်များရှိခြင်းအပေါ် အနူးအညွတ် တောင်းပန်ကြောင်း၊ အနုပညာဖန်တီးမှုသာဖြစ်၍ ခွင့်လွှတ်စေလိုကြောင်း ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) က ပြောသည်။

"ဝေဖန်နေကြတာကို တွေ့ရပါတယ်။ ဖွေးတို့က အနုပညာသမားဆိုတော့ ကျရာဇာတ်ရုပ်ကို အကောင်းဆုံး၊ အပီပြင်ဆုံး သရုပ်ဆောင်ရတာပါ။ ဝတ်တဲ့ အဝတ်အစားနဲ့ပတ်သက်ပြီး ပြောကြတာရှိပါတယ်။ ဝေဖန်ကြလို့ အများကြီးလည်း ကျေးဇူးတင်ပါတယ်။ ထိခိုက်စေလိုတဲ့ ရည်ရွယ်ချက်မရှိပါဘူး။ တမင်လုပ်တာလည်း လုံးဝမဟုတ်ပါဘူး။ နောက်ပိုင်းဆိုရင် အားလုံးကိုသတိထားပြီး အမှားမရှိအောင် ပိုဂရုစိုက်မှာပါ"ဟု ဖွေးဖွေးက ပြောသည်။ အဆိုပါဇာတ်ကားတွင် ခင်ဇာခြည်ကျော်၊ တက္ကသိုလ်ဂွမ်းပုံ၊ ကစ်ကစ်၊ ခင်လှိုင်၊ ကိုပေါက်နှင့် ဟာသသရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**ကိုလင်း**




လူငယ်အဆိုတော် အောင်လနှင့် အတူသွား အတူလာ အတူတူ သီချင်းများသီဆိုရင်း ရှေ့ဆက်လျှောက်ရမည့်ဘဝကို သီချင်းများဖန်တီးရင်း ကုန်လွန်သွားရန် စဉ်းစားလျက်ရှိသည့် တေးသံရှင် ဝိုင်းစုခိုင်သိန်းက မီနီအယ်လ်ဘမ် "မယ်သီတာ"ကို ဇူလိုင် ၁၆ ရက်တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။

"အခွေလေးလုပ်ဖြစ်တာက ဝိုင်းစုရဲ့ နောက်ဆုံးထွက်ထားတဲ့ "ဂါ"စီးရီး သီချင်းသစ်တွေနဲ့ ဒီ"မယ်သီတာ" ဆိုတဲ့ အခွေထဲက သီချင်းတွေကိုပေါင်းပြီး သီချင်းအသစ်လေးတွေ ရချင်တာမို့ပါ။ ဒီနှစ်ထဲမှာလည်း တစ်ကိုယ်တော် "One Lady Show" လုပ်ဖို့ရှိပါတယ်။ အောက်တိုဘာလလောက် ဖြစ်ဖို့များတယ်။ ဒီအခွေမှာ ဆိုနေကျပုံစံလေးတွေ မဟုတ်တဲ့အခါကျတော့ သေသေချာချာလေး ပြင်ဆင်ဖြစ်တယ်။ ဒီအခွေရဲ့ အစအဆုံးကိုလည်း ကိုအောင်လက စိတ်ရှည်လက်ရှည်နဲ့ လိုက်လုပ်ပေးပါတယ်။ ဂီတာတီးတာကလည်း စသင်နေတုန်းပါပဲ။ ဝိုင်းစုရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲအတွက်ကတော့ ဘယ်သီချင်းလေးတွေ ဆိုမလဲ၊ ဘယ်သီချင်းမှာတော့ ဘယ်လိုလေး ပြောင်းမယ်ဆိုတာကို အခုမှ ရွေးနေတုန်းပါ။ကျန်တာကတော့ မယ်သီတာ အခွေထွက်ပြီးတော့မှ တိုင်ပင်ရမှာပါ။ ကိုအောင်လနဲ့အတူတူ သီချင်းတွေဖန်တီးဖို့ဆိုတာကလည်း သူသွားတဲ့ Music ပုံစံနဲ့ အစ်မသွားတဲ့ Music ပုံစံက မတူတဲ့အတွက် သူ့အခွေမှာ ကိုယ်ဝင်ဆို၊ ကိုယ့်အခွေမှာ သူဝင်ဆိုတာလောက်ပဲ လုပ်ဖြစ်မှာပါ။ ဒါပေမယ့် အတူတူတော့ ဂီတတွေဖန်တီးဖြစ်မှာပါ" ဟု ပြောသည်။

သူ့အနေဖြင့် နောက်ဆုံးထွက်ရှိထားသည့် "ဂါ" စီးရီးကိုလည်း MTV အဖြစ် ဖန်တီးသွားရန်ရှိပြီး ယခုထွက်ရှိသော တေးစီးရီးကို တေးရေး ရွှေဂျော်ဂျော်၊ ဝေကြီး၊ ဝေယံမင်းသိန်းနှင့် အောင်လတို့ ပါဝင်ရေးသားထားကြောင်း သိရသည်။

"သူကိုယ်တိုင်ရေးပေးထားတဲ့ အချစ်သီချင်းလေး နှစ်ပုဒ်ပါတယ်။ သီချင်းပုံစံလေးကတော့ ရိုးရိုးလေးပါပဲ။ "အနားမှာရှိရင်" ဆိုတဲ့သီချင်းလေးပါ။ ဝိုင်းစုတို့နှစ်ယောက် ပြန်ပြီးတော့ ပထမဆုံးတွဲဆိုဖြစ်တဲ့ သီချင်းလေးဆိုလည်း မမှားပါဘူး။ နောက်ပြီး ဦးရွှေဂျော်ဂျော် ရေးပေးတဲ့ "No Money No Love " ဆိုတဲ့ သီချင်းလေးဆိုလည်း ဝိုင်းစုအလွန်ကြိုက်တယ်။ ဘဝမှာ ငွေမရှိလည်း အချစ်ရှိရင် ကျေနပ်နေတယ်။ မင်းနဲ့ငါ့ကြားမှာ ငွေက အဓိက မကျဘူး။ အချစ်ကသာ အဓိကကျတာပါဆိုတဲ့ ပုံစံလေးလုပ်ထားတယ်။ ဝိုင်းစုဆိုနေကျပုံစံထဲက ခွဲထွက်ပြီး ဆိုထားတဲ့ သီချင်းလေးဆိုလည်း မမှားပါဘူး"ဟု ပြောသည်။

**ဝေလင်း**

# စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း (SITE) ဖွင့်လှစ်ရန် သဘောတူစာချုပ်လက်မှတ်ရေးထိုး




**ရန်ကုန် ဇူလိုင် ၁၁**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်သင်ကြားရေးဦးစီးဌာန လက်အောက်ရှိ ရန်ကုန်မြို့နတ်မောက်လမ်း အမှတ် (၁၂၃) တွင် ဖွင့်လှစ်မည့် စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း (School of Industrial Training and Education-SITE) အတွက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို ဇူလိုင် ၉ ရက်က ယင်းသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဦးညီလှုငယ်နှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ စက်မှုလက်မှု သိပ္ပံကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ Sea Lion Group နှင့် ၎င်း၏ မိတ်ဖက်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ သံတမန်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်အား နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်နှင့် Sea Lion Group မှ Managing Director ဒေါက်တာဇော်ဝင်းအောင်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါကျောင်းတွင် အလိုအလျောက်စက်မှုကုန်ထုတ်စနစ်နှင့် သက်ဆိုင်သော နည်းပညာများ၊ ကွန်ပျူတာစနစ်သုံး သတ္တုခုတ်ဖြတ်ပုံဖော်ပုံသွင်း နည်းပညာများ၊ ရေနှင့် မိလ္လာစနစ်စီမံခန့်ခွဲခြင်း နည်းပညာများ၊ နေရောင်ခြည်နှင့် လေအားသုံးပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာများ၊ သစ်အခြေခံ အချောထည်နှင့် ပရိဘောဂထုတ်လုပ်ရေး စက်မှုနည်းပညာများအတွက် လုပ်ငန်းကျွမ်းကျင်မှုကို အခြေခံသည့် လေ့ကျင့်သင်ကြားရေးသင်တန်းများကို ဂျာမနီနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့တွင် လေ့ကျင့်သင်ကြားပို့ချသည့် နည်းစနစ်များနှင့် စက်ပစ္စည်းများအသုံးပြုကာ သင်တန်းသား သင်တန်းသူများအား လက်တွေ့ကျွမ်းကျင်တတ်မြောက်ပြီး လုပ်ငန်းခွင်အတွက် အဆင်သင့်ဖြစ်စေရန် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ် သည်။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုသူများ အဓိကကြုံတွေ့ရသော အခက်အခဲများထဲမှတစ်ခုမှာ ကျွမ်းကျင်လုပ်သားနှင့် ကျွမ်းကျင်ပညာရှင်များ ရှားပါးမှုဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုရရှိရန်နှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍတွင် ကျွမ်းကျင်လုပ်သားများနှင့် ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးရန်မှာ အရေးပါလှပါသည်။ ယခုဖွင့်လှစ်ရန် စီစဉ်ထားသည့် စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေး သင်တန်းကျောင်းသည် အဆင့်မြင့်စက်မှုကုန်ထုတ်ကဏ္ဍအတွက် ကျွမ်းကျင်လုပ်သားများနှင့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက် လာမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သတင်းရယူမှုနှင့်သတင်းရယူခွင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**ဟားခါး ဇူလိုင် ၁၁**

သတင်းရယူမှုနှင့် သတင်းရယူခွင့် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၉ ရက်က ဟားခါးမြို့ HBA အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က သတင်းရေးသားထုတ်ပြန်ရာတွင် မြန်မှန်၊ မျှတဖို့လိုအပ်သလို သတင်းမီဒီယာ လွတ်လပ်မှုများ ရှိလာသည်နှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုများလည်း အရေးကြီးလာကြောင်း၊ ပြည်သူ့အကျိုးကို ရှေးရှုပြီး အပြုသဘောဆောင်သည့် ရည်ရွယ်ချက်နှင့် မိမိတို့၏ ပတ်ဝန်းကျင်၊ မိမိတို့မြို့ရွာ၊ ပြည်နယ်၊ လူမျိုး၊ နိုင်ငံ့အကျိုးကို မီဒီယာဖြင့် မြှင့်တင်ကြရန် တိုက်တွန်းပါကြောင်း၊ သတင်းမီဒီယာသမားများအနေဖြင့် သတင်းမီဒီယာ ဥပဒေပါရပိုင်ခွင့်များနှင့် ကျင့်ဝတ်၊ စည်းကမ်းများကိုသိရှိလိုက်နာရင်းအခြား




သောသက်ဆိုင်ရာတည်ဆဲ ဥပဒေများကိုပါ သိရှိလေ့လာလိုက်နာကာ မီဒီယာလုပ်ငန်းဖြင့် ပြည်နယ်အကျိုး၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော သတင်းမီဒီယာများမှ တာဝန်ရှိသူများက သတင်းရယူမှု၊ သတင်းရယူခွင့်နှင့် ပတ်သက်၍ မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ပုဂံမြို့ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

စက်ဘီးအားကစားနည်းကို ပြည်သူလူထု တစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ACE ဆောက်လုပ်ရေး ကုမ္ပဏီတို့ ပူးပေါင်း၍ ပုဂံမြို့ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲကို ဩဂုတ် ၁၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဝင်ရောက် ယှဉ်ပြိုင်လိုသူများ အနေဖြင့် ဩဂုတ် ၁၀ ရက် နောက်ဆုံးထား၍ ဖုန်း၊ ၀၉-၂၅၀၂၀-၅၆၅၂၊ ၀၉-၄၄၄၄၇၇၄၈၁၊ ၀၉-၄၄၄၄-၇၇၄၈၂၊ ၀၉-၄၄၄၄၇၇၄၈၃ နှင့် ၀၉-၄၂၀၀၀၃၈၁၁ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# မှူခင်းပညာပေးပြခန်းယာဉ်အသိပညာပေး

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ်သည် မှုခင်းပညာပေးလှည့်လည်ပြသမှုများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လပထမပတ်က တောင်ဥက္ကလာပမြို့နယ် ၄ ရပ်ကွက်သုမင်္ဂလာလမ်း နန္ဒဝန်ဈေးသို့ရောက်ရှိလာပြီး ဈေးသူဈေးသားများနှင့် အနေးယာဉ် လုပ်သား ၁၅၀ ခန့် မှုခင်းပညာပေးပြခန်းယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။

ထို့နောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကာ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ ၁၂၀၀ ခန့် မှုခင်းပညာပေးပြခန်း ယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှု လေ့လာကြရာ တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင်နှင့် တာဝန်ရှိသူများမှချပြရှင်းလင်းပေးခြင်း၊ မှုခင်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ဖြူဟ္မစိုက်ရုံလူမှုရေးအသင်းစည်းဝေး

**တောင်ငူ ဇူလိုင် ၁၁**

တောင်ငူမြို့ဖြူဟ္မစိုက်ရုံမေတ္တာနှင့် စေတနာ လူမှုရေးကူညီမှုအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လပထမပတ်က မေတ္တာနှင့် စေတနာသွေးလှူ ရှင်အသင်းရုံးခန်းမ၌ကျင်းပရာ အသင်း နာယက ဦးကျော်လှ(သမာဓိ)က အမှာစကားပြောကြား၍ အသင်းဥက္ကဋ္ဌ ဦးမြင့်ညို (အမေ့အိမ်)က အသင်း၏ လုပ်ငန်းလည်ပတ်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းဘဏ္ဍာရေးမှူး ဦးရဲမြင့်(ပွဲရုံလုပ်ငန်း)က ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြပြီး ရှေ့လုပ်ငန်းစဉ်များအဖြစ် သုသာန်မီးသင်္ဂြိုဟ်စက်အတွင်း လျှပ်စစ်မီးအမြန်ရရှိရေး၊ သုသာန်သန့်ရှင်းသာယာလှပရေး၊ နိဗ္ဗာန်ယာဉ်တစ်စီး ထပ်မံဝယ်ယူရေးနှင့် အသင်းရုံးအတွက် မြေနေရာရရှိရေးစသည့်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

(၀၄၈)

နိုင်ငံတစ်ဝန်း
စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး
ထိန်းသိမ်းစို့။

# မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်ကြီးပေါ်မှ အတွေးစများ

မြင့်စိုး (နတလ)

အဆိုတော် ဖိုးကာ၏ သီချင်းထဲကလို တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့်နေမိသော အရာတစ်ခု ရှိခဲ့ဖူးပါသည်။ ကျွန်တော် ကြည့်နေသောအရာသည် အလွန်လှ၍၊ အလွန်ချော၍ တစိမ့်စိမ့်ကြည့်နေမိခြင်းမျိုးတော့ မဟုတ်ပါ။ ဘာကို စလုပ်၍ ဘာကိုင်ရမှန်းမသိသောကြောင့် တစ်နည်းပြောရလျှင် ဘာလုပ်ရမည်ကို ဂဃနဏ မသိသောကြောင့် အူတူတူနှင့် တစ်နေကုန်ထိုင်ပြီး ကြည့်နေမိခြင်းဖြစ်ပါသည်။ သုံးလေးရက်လောက် ငုတ်တုတ်ကြီး လာထိုင်ကြည့်သော်ငြားလည်း ခေါင်းထဲက ဘာအကြံဉာဏ်မျှမထွက်၊ တကယ်တော့ ကျွန်တော်လာ၍လာ၍ ကြည့်နေမိသောအရာသည် ပေ ၆၀ ပတ်လည်လောက် ရှိမည်ထင်ရသော အခန်းကျယ်ကြီးတစ်ခုပဲဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီးကို ၁၉၉၈ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် အုတ်မြစ်ချ စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ ခုနှစ် ဧပြီလတွင် ပြီးစီးခဲ့ပါသည်။ ထိုအဆောက်အအုံကြီး ပြီးစီးသွားသောအခါ အထပ်ပေါင်း လေးထပ်ရှိသည့်အနက် ဒုတိယထပ်တွင် ပြခန်းပြကွက်များ ခင်းကျင်းပြသရန် မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များနှင့် အသင်းအဖွဲ့များအား နေရာသတ်မှတ်ပေးခဲ့သည်။

ယင်းလုပ်ငန်းအဖွဲ့များမှာ ဘိန်းအစားထိုးသီးနှံများ အစားထိုးစိုက်ပျိုးရေးလုပ်ငန်းအဖွဲ့၊ ဘိန်းအစားထိုး မွေးမြူရေးလုပ်ငန်းအဖွဲ့၊ မူးယစ်ဆေးစွဲလူနာများ ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ မူးယစ်ဆေးစွဲလူနာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၊ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့၊ ပြည်သူများအား မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့များဖြစ်ကြပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း(BDA)၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA) တို့လည်း ပါဝင် ပါသည်။ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပါဝင်ပြသရမည်ဖြစ်သောကြောင့် အဆိုပါ ပေ ၆၀ ပတ်လည် အခန်းကျယ်ကြီး၏ နံရံကိုမှီထိုင်ရင်း တစိမ့်စိမ့်ကြည့်နေမိခြင်းရယ်ပါ။

တိုက်တိုက်ဆိုင်ဆိုင်လို့ပဲ ပြောရမလား။ ထိုအချိန်တွင် တပ်မတော်စစ်သမိုင်းပြတိုက်ကြီး၌ အချို့ပြခန်းပြကွက်များကို အသစ် ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိရာ အသုံးမလိုတော့သည့် သစ်သား Board ကြီးသုံးခုကို ကျွန်တော့်မိတ်ဆွေ ဗိုလ်မှူးကျော်ကျော်မြင့် (နောင်တွင် ဘဏ္ဍာ/အခွန် ဝန်ကြီးဌာန)၏ အကူအညီဖြင့် ရရှိခဲ့သည်။ ထိုသစ်သား Board ကြီးသုံးခုကို မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီးရှိ မိမိတို့ပြခန်းနေရာသို့ သယ်ယူချထားလိုက်ပြီးနောက်တွင်လည်း နှစ်ရက်လောက်ကြာသည်အထိ ဘာမျှ အကောင်အထည်မပေါ်။ ကျွန်တော့် အထက်အရာရှိ ဗိုလ်မှူးသန်းထူး (နောင်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ပြောင်းရွှေ့)နှင့် ထိုပြတိုက်ကြီး၏ မြေညီထပ်နှင့် ပထမထပ် ပြခန်းပြကွက်များဆိုင်ရာ အကြံပေးအဖြစ် တာဝန်ယူဆောင်ရွက်နေသော အစ်မကြီး ဒေါ်နုမြဇံ(ညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)တို့က ခင်မင်ရင်းနှီးစွဲရှိနေသည့်အလျောက် သူ့ထံသို့ အကြံဉာဏ်များ တောင်းခံရတော့သည်။ အစ်မကြီးဒေါ်နုမြဇံ၏ အကြံပေးချက်အရ ကျွန်တော်ယူလာသော သစ်သား Board ကြီး တစ်ခု၏ မျက်နှာစာတစ်ဖက်တွင် “ဝ”ဒေသ၊ နမ့်တစ်မြို့ကလေးပုံ ပန်းချီကားကိုလည်းကောင်း၊ အခြားသစ်သား Board ကြီး တစ်ခု၏ မျက်နှာစာတစ်ဖက်တွင် ကိုးကန့်ဒေသ၊ ချင်းရွှေဟော်မြို့ကလေးပုံ ပန်းချီကားကိုလည်းကောင်း ရေးဆွဲခဲ့ပြီး ညီနောင်တံတား ပုံစံငယ်တစ်ခုတည်ဆောက်၍ ထိုပန်းချီကားနှစ်ချပ်နှင့် ဆက်စပ်ပေးလိုက်သည်။

တကယ့်မြေပြင်တွင်လည်း ကိုးကန့်ဒေသ ချင်းရွှေဟော်မြို့နှင့် “ဝ”ဒေသ နမ့်တစ်မြို့ ဆက်သွယ်ထားသော ညီနောင်တံတားကို ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်က ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ထိုတံတားပုံစံငယ်ကို အလျား ၂၄ ပေ၊ အမြင့် သုံးပေခွဲဖြင့် ခပ်စောင်းစောင်းလေး တည်ဆောက်ခဲ့ခြင်းဖြစ်၏။ အလျား ပေ ၂၀၊ အမြင့် ၈ ပေစီရှိ ချင်းရွှေဟော်မြို့ပန်းချီကားနှင့် နမ့်တစ်မြို့ပန်းချီကားများကလည်း ပန်းချီဆရာကိုကျော်ဝေ လက်စွမ်းပြထားသော ပန်းချီကားကြီးများဖြစ်ကြသည်။ စင်စစ် ကိုကျော်ဝေသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပင်တိုင်အသုံးပြုနေသော ပန်းချီဆရာတစ်ဦးဖြစ်၏။ ဘိန်းအစားထိုးသီးနှံများ အစားထိုးစိုက်ပျိုးရေး လုပ်ငန်းအဖွဲ့အတွက် သူရေးဆွဲထားသော ပန်းချီကားနှစ်ချပ်ထဲက တီးမစ်ချိုင့်ဝှမ်းပုံ ပန်းချီကားဆိုလျှင် ကြည့်မိသူ နှစ်ခါပြန်၍ငေးရလောက်အောင် လက်ရာမြောက်လှသည်။ ပြတိုက်ကြီးသို့ တက်ရောက်ကြည့်ရှုသူ တော်တော်များများက သူ၏ပန်းချီကားရှေ့မှာ အချိန်တော်တော်ကြာကြာရပ်၍ ကြည့်နေတတ်ကြသည်။ ထိုက်သင့်သော ဉာဏ်ပူဇော်ခဖြင့် ထိုဆရာ၏ လက်ရာမွန်ပန်းချီကားနှစ်ချပ်ကို ကျွန်တော်တို့ပြခန်းတွင် ရေးဆွဲပြသနိုင်ခဲ့သည်။

> **ယနေ့အချိန်တွင် နိုင်ငံတော်အတွင်း၌ ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးပြဿနာကိုလည်း ပေါ့ပေါ့တန်တန် သဘောထား၍မရတော့ပါ။ တစ်ချိန်က နယ်စပ်ဒေသများတွင် စစ်ဆင်ရေးကြီးများပြုလုပ်၍ ရှင်းလင်းနှိမ်နင်းခဲ့ကြသလို ယခုအခါတွင်လည်း မြို့ရွာအနှံ့အပြား၌ စစ်ဆင်ရေးတစ်ရပ်သဖွယ် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်း တိုက်ဖျက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ နောင်လာမည့် မျိုးဆက်သစ်များအတွက် မူးယစ်ကင်းစင်သော နိုင်ငံတော်သစ်ကို လက်ဆင့်ကမ်း အမွေပေးအပ်နိုင်လိမ့်မည်**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီပြကွက်ကိုမူ စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီးဦးချို၏ တပည့်မနှစ်ဦး(နာမည်မမှတ်မိတော့၍ ခွင့်လွှတ်ပါရန်)တို့က ဒီဇိုင်းထုတ် တည်ဆောက်ပေးထားခြင်းဖြစ်ပါသည်။ ယခုအခါ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယသမ္မတဦးမြင့်ဆွေ၊ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဦးကျော်တင့်ဆွေ၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ထင်မော်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်သန်းထွဋ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ် ၁၄ ဦးတို့၏ ဓာတ်ပုံများကို ဗဟိုကော်မတီပြကွက်တွင် ပြသနိုင်ရန် သွားရောက်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။




အမှန်တကယ်တော့ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီး၏ မြေညီထပ်နှင့် ပထမထပ်တို့တွင် လေ့လာကြည့်ရှုသင့်သည့် ပြခန်းပြကွက်၊ ပန်းချီပန်းပု ရုပ်လုံးရုပ်ကြွ၊ မှတ်တမ်းမှတ်ရာ ကိန်းဂဏန်းအချက်အလက်များ၊ မှတ်တမ်းဓာတ်ပုံ များစွာရှိနေပါသည်။ ဥပမာအားဖြင့် မြေညီထပ်တွင် မြန်မာနိုင်ငံသို့ ဘိန်းစတင်ဝင်ရောက်လာပုံ၊ ဘိန်းဖြူနှင့် ဆေးခြောက် သယ်ဆောင်ရာလမ်းကြောင်းများ၊ မြန်မာဘုရင်များလက်ထက် မူးယစ်ဆေးဝါးထိန်းချုပ်မှု အမိန့်ပြန်တမ်းများနှင့် ရုပ်လုံးရုပ်ကြွများ၊ တရုတ်ဖြူ ကူမင်တန်များကျူးကျော်ဝင်ရောက်မှုနှင့် စစ်ရေးလှုပ်ရှားမှုဓာတ်ပုံများ၊ လွတ်လပ်ရေးရပြီး ၁၉၄၈ မှ ၁၉၆၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုများ၊ ၁၉၆၂ မှ ၁၉၇၄ ခု၊ ၁၉၇၄ မှ ၁၉၈၈ ခုနှစ်များအတွင်း မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုများ၊ ဘိန်းခင်းဖျက်စစ်ဆင်ရေးများဖြစ်သည့် ငရဲပန်းစစ်ဆင်ရေး အဆင့်(၁) မှ (၈)၊ တောင်ရန်ရှင်းစစ်ဆင်ရေး အဆင့်(၁) မှ (၄)၊ မိုးဟိန်းစစ်ဆင်ရေး အဆင့်(၁)မှ (၁၂)အတွင်း အသက်စွန့်လွှတ်ခဲ့ရသော တပ်မတော်သားစစ်သည်များနှင့် ဒဏ်ရာရစစ်သည်များစာရင်း၊ ဖျက်ဆီးနိုင်သော ဘိန်းစိုက်ကေများ၊ မုန်းကျွတ်နှင့် ဘာကျန်ဒေသ စစ်ဆင်ရေးများ၊ စီစီဝန်တာပန်တိုက်ပွဲကြီး၏ မှတ်တမ်းဓာတ်ပုံများကို လေ့လာတွေ့ရှိနိုင်သည်။

ပထမထပ်တွင်လည်း မူးယစ်ဗဟိုအဖွဲ့ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ပြစ်မှုပြစ်ဒဏ် ဥပဒေစာအုပ်များ၊ အမိန့်ကြော်ငြာစာများ၊ စိတ်ကြွရူးသွပ်ဆေးဝါးအကြောင်း သိကောင်းစရာများ စသည်တို့အပါအဝင် သိမှတ်ဖွယ်ရာများစွာကို တွေ့ရှိနိုင်ပါသည်။

ရန်ကုန်မြို့ရှိ အဆိုပါ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီးကို မြေအကျယ် ၁၅ ဒသမ ၁၁ ဧကပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ပြတိုက်၏ အဓိကရည်ရွယ်ချက်မှာ လာရောက်လေ့လာသူ လူငယ်လူရွယ်များအပါအဝင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက မူးယစ်ဆေးဝါး၏ ကြောက်မက်ဖွယ် အန္တရာယ်ကြီးမားပုံနှင့် ဆက်နွယ်ပေါ်ပေါက်လာသော ဆိုးကျိုးများ ခံစားရပုံတို့ကို သင်ခန်းစာယူရှောင်ရှားနိုင်စေရန်၊ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်စေရမည်ဟူသော သန္နိဋ္ဌာန်ချမှတ်ချက်ကို ဖော်ညွှန်းပြသနိုင်ရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ထိုခေတ် ထိုကာလက ငွေကျပ် ၈၆၁ ဒသမ ၅၇၇ သန်း သုံးစွဲဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ထိုခေတ် ထိုကာလဟု ကျွန်တော်သုံးစွဲရည်ညွှန်းခဲ့သည့်အတိုင်း ပြတိုက်ကြီး၏ မြေညီထပ်နှင့် ပထမထပ်တို့တွင် သမိုင်းဆိုင်ရာ အထောက်အထားများအရ တပ်မတော်ခေါင်းဆောင်များ၏ မှတ်တမ်းဓာတ်ပုံများ၊ ပန်းချီကားများလည်း ရှိနေပါသည်။ ဆိုလိုရင်းမှာ ထိုပြတိုက်ကြီးကို သူဆောက်ခဲ့သည်၊ ငါဆောက်ခဲ့သည် ဆိုသည့်ကိစ္စက မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးအတွက် အရေးပါသည့် အနေအထားတစ်ရပ်ဟု ကျွန်တော် မထင်မြင်မိပါ။ လူငယ်လူရွယ်များ လာရောက်ကြည့်ရှုလေ့လာနိုင်စေဖို့အတွက် အခြေအနေအချိန်အခါနှင့်ကိုက်ညီစွာ ဆက်လက်ပြင်ဆင်မွမ်းမံ ထားရှိသင့်ပါသည်။

ယနေ့အချိန်တွင် နိုင်ငံတော်အတွင်း၌ ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးပြဿနာကိုလည်း ပေါ့ပေါ့တန်တန် သဘောထား၍မရတော့ပါ။ တစ်ချိန်က နယ်စပ်ဒေသများတွင်စစ်ဆင်ရေးကြီးများပြုလုပ်၍ ရှင်းလင်းနှိမ်နင်းခဲ့ကြသလို ယခုအခါတွင်လည်း မြို့ရွာအနှံ့အပြား၌ စစ်ဆင်ရေးတစ်ရပ်သဖွယ် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်း တိုက်ဖျက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကိုလိုနီနယ်ချဲ့များက မူးယစ်ဆေးဝါးကို အစွမ်းထက်လက်နက်အဖြစ် အသုံးပြုခဲ့သည်ဆိုတာတို့၊ ခရစ်နှစ်(၁၆)ရာစုခန့်တွင် ဒတ်ချ်နှင့် ရောမကုန်သည်များက အိန္ဒိယနယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဘိန်းများ စတင်သယ်ဆောင်ခဲ့ခြင်းဖြစ်သည်ဆိုတာတို့ကို အချိန်ကုန်ခံပြီး ပြန်ပြောင်း ပြောဆိုနေရမည့်အချိန် မဟုတ်တော့ဘဲ ဥစ္စာရင်လို ဥစ္စာရင်ခဲ မိမိကိုယ်သာမိမိ အားကိုးရာဟုမှတ်ယူ၍ မူးယစ်ဆေးဝါးအန္တရာယ်ကို ထိထိရောက်ရောက် တိုက်ဖျက်သွားကြရမည်ဖြစ်သည်။ သို့မှသာ နောင်လာမည့် မျိုးဆက်သစ်များအတွက် မူးယစ်ကင်းစင်သော နိုင်ငံတော်သစ်ကို လက်ဆင့်ကမ်း အမွေပေးအပ်နိုင်လိမ့်မည်ဟု အလေးအနက်ယုံကြည်မိပါကြောင်း။ ။




## ဖော်ထုတ်ထားသည့် လယ်ယာမြေသစ်တွင် ပဲစင်းငုံများ စမ်းသပ်စိုက်ပျိုးမည်

**ဂန့်ဂေါ ဇူလိုင် ၁၁**

ဂန့်ဂေါမြို့နယ်တွင် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းကို တည်ဆောက်လျက်ရှိရာ ပြောင်းရွှေ့ရသည့် ကျေးရွာများအတွက် လယ်ယာမြေသစ်များ ဖော်ထုတ်ပေးထားပြီး အဆိုပါနေရာတွင် ပဲစင်းငုံမျိုးသစ်များ စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လယ်ယာမြေသစ်များတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သော သီးနှံများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးပြသလျက်ရှိရာ ယခင်နှစ်က မကွေး (၁၆) မြေပဲမျိုးကို စိုက်ပျိုးပြသခဲ့ပြီး ယခုနှစ်တွင် ရေဆင်း(၉) ပဲစင်းငုံမျိုးသစ်များကို စိုက်ပျိုးပြသမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့စိုက်ပျိုးပြသနိုင်ရန် ပနန်းကျေးရွာနှင့် စပယ်ကျေးရွာများအတွက် သီးနှံမျိုးစေ့များကို ဇူလိုင် ၉ ရက်က ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် ယခင်နှစ်ကပြသခဲ့သော မကွေး (၁၆) မြေပဲမှာ အောင်မြင်ဖြစ်ထွန်းခဲ့သည့်အတွက် တောင်သူများ ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(၁၀၁)



## မိတ္ထီလာ တက္ကသိုလ်၊ ကောလိပ်များဘောလုံးပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဇူလိုင် ၁၁**

မိတ္ထီလာဒေသအတွင်းရှိ တက္ကသိုလ်နှင့် ကောလိပ်များ ဘောလုံးပြိုင်ပွဲကို မိတ္ထီလာမြို့ရှိ ခရိုင်အားကစားကွင်း၌ ဇူလိုင် ၁၀ ရက်က စတင်ကျင်းပကြောင်းသိရသည်။

မိတ္ထီလာဒေသ တက္ကသိုလ်၊ ကောလိပ်များဘောလုံးပြိုင်ပွဲတွင် အုပ်စု(က)၌ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မိတ္ထီလာပညာရေးကောလိပ်၊ နည်းပညာတက္ကသိုလ်( ရမည်းသင်း )တို့ပါဝင်ပြီး အုပ်စု(ခ)တွင် နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)နှင့် မိတ္ထီလာတက္ကသိုလ်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် နည်းပညာတက္ကသိုလ်(မိတ္ထီလာ)က မိတ္ထီလာစီးပွားရေး တက္ကသိုလ်အား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားပြီး ညနေပိုင်းတွင် မိတ္ထီလာကွန်ပျူတာတက္ကသိုလ်နှင့် မိတ္ထီလာတက္ကသိုလ်တို့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။ ပြိုင်ပွဲကိုဇူလိုင် ၁၀ ရက်မှ ၂၁ ရက်အထိ တစ်နေ့ ပွဲစဉ်နှစ်ခုကျင်းပမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားသည့် ဘောလုံးအသင်း ခုနစ်သင်းမှ လက်ရွေးစင် အားကစားသမားများကို ရွေးချယ်ပြီး မိတ္ထီလာဒေသကိုယ်စားပြု အမျိုးသားအသင်းအဖြစ် ဖွဲ့စည်းကာ မန္တလေးတိုင်းဒေသကြီးအဆင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မိတ္ထီလာဒေသကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အမျိုးသမီး အသင်းအတွက် လက်ရွေးစင်အားကစားသမားများကိုလည်း နည်းပညာတက္ကသိုလ်(ရမည်းသင်း)၊ မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာပညာရေးကောလိပ်နှင့် မိတ္ထီလာစီးပွားရေး တက္ကသိုလ်စသည့် အသင်းလေးသင်းတို့ထဲမှ ရွေးချယ်ဖွဲ့စည်းခြင်းကို ဇူလိုင် ၁၄ ရက်တွင် ခရိုင်အားကစားကွင်း၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ရေစကြို၌ ကျောက်ရိုးစီရေကာကို မြစ်ရေများစိမ့်၍ ရပ်ကွက်များသို့ရေဝင်

**ရေစကြို ဇူလိုင် ၁၁**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၁၀ ရက် နံနက်က စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိလျက်ရှိပြီး မြစ်ရေမြင့်တက်ချိန်တွင် ရပ်ကွက်များအတွင်း ရေမဝင်ရောက်စေရန် မြို့ရေကာတာအထက်၌ ထပ်မံတည်ဆောက်ထားသော ကျောက်ရိုးစီရေကာကို မြစ်ရေများစိမ့်ဝင်၍ ကမ်းနားရပ်ကွက်များအတွင်း မြစ်ရေဝင်ရောက်လာလျက်ရှိသည်ဟု သိရသည်။

"နှစ်တိုင်းတော့ စိုးရိမ်ရေမှတ်ရောက်ရင် မြစ်ကမ်းဝန်းကျင်မှာရှိတဲ့ လူနေအိမ်တွေထဲကို မြစ်ရေက လူတစ်ရပ်နီးပါးအထိ ဝင်လာတာပါ။ ရေဝင်တာလည်း အတော်မြန်ပါတယ်။ ဒီနှစ်တော့ ရေကာတာအထက်မှာ ကျောက်ရိုးစီရေကာ တည်ဆောက်ပေးထားတော့ နှစ်တိုင်းလောက်တော့ ရေဝင်မမြန်ဘူး။ ရေလည်းနှစ်တိုင်းလောက်ထိ မရောက်လာသေးဘူး။ ကျောက်ရိုးစီရေကာက ရေမလုံတော့ ရေတွေစိမ့်ထွက်နေပါတယ်။ ကျောက်ရိုးစီရေကာသာ ရေလုံခဲ့ရင်တော့ ကျွန်တော်တို့ရပ်ကွက်တွေမှာ မြစ်ရေမဝင်လောက်ဘူး။ အဲဒါကြောင့် ကျွန်တော်တို့ရပ်ကွက်တွေဘက် ရေမရောက်အောင် ကျောက်ရိုးစီရေကာကို ရေစိမ့်မထွက်အောင်ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ရေစကြိုမြို့ ကမ်းနားလမ်းတွင် နေထိုင်သူတစ်ဦးက ပြောသည်။

အဆိုပါ ကျောက်ရိုးစီရေကာသည် တည်ဆောက် ထားခြင်းဖြစ်ကြောင်း သိရသည်။





ကျောက်ရိုးစီရေကာကိုဖြတ်၍ မြစ်ရေများစိမ့်ဝင်လာစဉ်

ရေစကြိုမြို့၌ မြစ်ရေမြင့်တက်ချိန်တွင် ရပ်ကွက်များအတွင်းသို့လည်းကောင်း၊ ပွဲရုံများနှင့် မြို့မဈေးကြီးအတွင်းသို့လည်းကောင်း ချင်းတွင်းမြစ်ရေဝင်ရောက်ခြင်းကို ကာကွယ်တားဆီးနိုင်ရန် ရည်ရွယ်လျက် မူလရှိသောရေကာတာ၏ အထက်ဘက်တွင် အဆိုပါ ကျောက်ရိုးစီရေကာကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မကြာသေးမီကမှ အရှည်ပေ ၃၄၀၀၊ အနံ ၁ ပေ ၃ လက်မ၊ အမြင့် ၁ပေ ၉လက်မ ရှိပြီး ကျောက်ရိုးစီရေကာ တာပေါင်မြှင့်တင်ခြင်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပိုလျှံရန်ပုံငွေဖြင့် ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြီးခဲ့သော မေလနှင့် ဇွန်လအတွင်းက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရေစကြိုမြို့၏စိုးရိမ်ရေမှတ်မှာ ၂၈ ဒသမ ၇ ပေဖြစ်ကာ လက်ရှိအချိန် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် ချင်းတွင်းမြစ်ရေသည် ရေစကြိုမြို့၌ ၂၉ ပေအထိ မြင့်တက်လျက်ရှိ၍ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေပြီး မြစ်ရေများမှာလည်း ကျောက်ရိုးစီရေကာကို စိမ့်၍ ရပ်ကွက်များအတွင်းသို့ အနည်းငယ် ဝင်ရောက်လျက်ရှိသည်။

**အိမ့်နှင်းဆွေ(ရေစကြို)**

## တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့ကြသော ကျောင်းသားများအား ဂုဏ်ပြု

**ဖျာပုံ ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ ဒေါ်ညိမ်းကျေးရွာမှ ၂၀၁၆- ၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဇူလိုင် ၉ ရက်က ဂုဏ်ထူးရကျောင်းသားများ နေအိမ်အရောက် ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

"ကျွန်တော်တို့ဒေသရဲ့ အဓိက စီးပွားရေးလုပ်ငန်းက ရေလုပ်ငန်းပါ။ အခုမျိုးဆက်သစ်တွေကို ပညာတတ်တွေ ဖြစ်စေချင်တယ်၊ သူတို့ရေလုပ်ငန်းပဲ ဆက်လုပ်ခဲ့မယ်ဆိုရင်လည်း ပညာတတ်တော့ ပိုပြီးတိုးတက်မယ်၊ ဒေသအတွက် အကျိုးပြုမယ်၊ ဒေသလည်း ဖွံ့ဖြိုးနိုင်တယ်။ ဒါ့ကြောင့် ကျွန်တော်တို့ရွာက ထူးချွန်တဲ့ ကျောင်းသားတွေကို ဂုဏ်ပြု ချီးမြှင့်ရခြင်းဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ် ပင်လယ်ကျားပိုက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသံချောင်းကပြောသည်။

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဒေါ်ညိမ်းကျေးရွာ စာစစ်ဌာန၌ ဖြေဆိုခဲ့ သူများနှင့် တခြားစာစစ်ဌာနများတွင်ပါ ဖြေဆို ဂုဏ်ထူးရရှိခဲ့ကြသော ဒေါ်ညိမ်းကျေးရွာမှ ဘာသာစုံ ဂုဏ်ထူးရှင် တစ်ဦးကို ရွှေတစ်ကျပ်သား ဆုချီးမြှင့်ပေးခဲ့ပြီး နှစ်ဘာသာ ဂုဏ်ထူးရှင်နှစ်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၂၁ ဦးတို့ကို တစ်ဘာသာလျှင် ငွေကျပ် သုံးသောင်းစီ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တာဝန်ရှိသူများ ဇူလိုင် ၈ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးမြို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ မန်းသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွင် စက်ရုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားပေးစက်များအခြေအနေ၊ ဓာတ်အားစနစ် ချိတ်ဆက်ထားရှိမှု၊ ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုအခြေအနေနှင့် စက်ရုံတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအင်အား အခြေအနေများနှင့်ပတ်သက်၍ လိုအပ်ချက်များကိုမှာကြားပြီး စက်ရုံမှူးအား လျှပ်စစ်နှင့်သက်ဆိုင်သော စာအုပ်များ ဖတ်ရှုလေ့လာရန် ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကြီးအုံးကြီးဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး ပင်မရေပိုလွှဲမှ ရေထုတ်လွှတ်မှုအခြေအနေ၊ စက်ရုံအတွင်းရှိ (Unit-2)စက် လည်ပတ်နေမှုနှင့် (Unit-1)စက် ကြံ့ခိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းနေမှု၊ Central Control Room မှ ကွန်ပျူတာစနစ်ဖြင့် ဓာတ်အားထုတ်လွှတ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စက်များကြံ့ခိုင်ရေးနှင့် စက်ရုံအတွင်း အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် Green Earth Power (Myanmar) ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သည့် Minbu Solar Power Project သို့လည်းကောင်း၊ မင်းဘူးမြို့ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) ရေနံဓာတ်ငွေ့ရည်စက်ရုံသို့လည်းကောင်း၊ မန်းရေနံမြေသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **(သတင်းစဉ်)**

## သက်တမ်း နှစ် ၁၀၀ ကျော် ကုက္ကိုပင်တစ်ပင်လဲကျ၍ လမ်းပိတ်ဆို့မှုဖြစ်

**ဗန်းမော် ဇူလိုင် ၁၁**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာ ဗန်းမော်-မိုးမောက်-လွယ်ဂျယ်လမ်းဘေးဝဲဘက်ရှိ သက်တမ်းနှစ် ၁၀၀ ကျော် ကုက္ကိုပင်ကြီးတစ်ပင် ဇူလိုင် ၉ ရက် နံနက် ၃ နာရီခန့်က လဲကျခဲ့သဖြင့် လမ်းပိတ်ဆို့မှုဖြစ်ခဲ့ကြောင်း သိရသည်။

ကုက္ကိုပင်ကြီးသည် လုံးပတ် ၂၂ ပေခန့်ရှိကာ သက်တမ်းရင့်လာသဖြင့် အမြစ်များဆွေးမြည့်ပြီး ပင်စည်အောက်ခြေတွင် အခေါင်းပေါက်ဖြစ်ကာ ကားလမ်းမပေါ်သို့ ကန့်လန့်ဖြတ်လဲကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကုက္ကိုပင်လဲကျမှုကြောင့် ဓာတ်တိုင် နှစ်တိုင်ကျိုးကျကာ သုံးတိုင် ယိုင်သွားခဲ့ပြီး ကားလမ်းဘေးယာဘက်ရှိ နေအိမ်နှစ်အိမ်၏ အမိုးစွန်းများ အနည်းငယ် ထိခိုက်ပျက်စီးသွားခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။



ကုက္ကိုပင်ကြီးလဲကျမှုကြောင့် ဗန်းမော်မှ လွယ်ဂျယ်သို့ သွားလာနေကြသည့် ကုန်တင်ယာဉ်အချို့ဖြတ်သန်းသွားလာ၍မရဘဲရှိကြောင်း သိရသည်။ အဆိုပါ လဲကျနေသော ကုက္ကိုပင်ကို ဖယ်ရှားရှင်းလင်းရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ဖျာပုံငါးဈေးကွက်တွင် မွေးမြူရေးငါးများသာ ရောင်းအားကောင်း

**ဖျာပုံ ဇူလိုင် ၁၁**



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် ရေချိုရေငန်ငါးများ ပေါကြွယ်ဝသည့်ဒေသတစ်ခု ဖြစ်သော်လည်း ယခုအခါ နိုင်ငံတကာငါးဈေးကွက် ကျယ်ပြန့်လာခြင်းနှင့် တိုးပွားလာသည့် လူဦးရေကြောင့် ငါးစားသုံးမှု ပိုမိုများပြားလာခြင်းတို့ကြောင့် ငါးလိုအပ်ချက် မြင့်မားလျက်ရှိသည်။ လက်ရှိအချိန်မှာ ဈေးကွက်ဝင် ရေချိုရေငန်ငါးများ ထုတ်လုပ်မှုကျဆင်းနေသည့် အချိန်အခါဖြစ်နေသဖြင့် ဖျာပုံငါးဈေးကွက်မှာ ချဉ်သီးပင်အောက် ချဉ်သီးရှားဆိုသကဲ့သို့ မိုးတွင်းကာလဖြစ်သော်လည်း ရေချိုရေငန်ငါးများ ရှားပါးလျက်ရှိနေကြောင်း သိရသည်။

ဇူလိုင် ၉ ရက် နံနက်က ဖျာပုံမြို့ဈေးတွင် အမဲသား၊ ကြက်သားနှင့် ဝက်သားများက တစ်ပိဿာလျှင် ကျပ်ကိုးထောင်နှင့်အထက်၊ ရေချိုရေငန်ငါးများက တစ်ပိဿာလျှင် ကျပ်ရှစ်ထောင်မှ ကျပ်တစ်သောင်းခန့်နှင့် ပြည်ပဈေးကွက်ဝင်ငါးများက ကျပ်တစ်သောင်းနှင့်အထက် ဈေးနှုန်းများဖြင့် ရောင်းချနေကြောင်း သိရသည်။ ရေချိုရေငန်ငါးများနှင့် ပြည်ပဈေးကွက်ဝင်ငါးများ ဈေးနှုန်းမြင့်နေပြီး မွေးမြူရေးငါးများသာ လူများစု ဝယ်ယူစားသုံးနိုင်သည့် ဈေးနှုန်းရှိနေသည်ကို တွေ့ရသည်။

ဇူလိုင် ၉ ရက်က မွေးမြူရေးငါးဈေးနှုန်းမှာ ငါးတန် တစ်ပိဿာလျှင် ၂၆၀၀ ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ၂၈၀၀ ကျပ်နှင့် ငါးမုတ် တစ်ပိဿာလျှင် ၂၂၀၀ ကျပ်ရှိပြီး ငါးကြင်းဖြူက ငါးအရွယ်အစားအပေါ်မူတည်၍ အသေးအကြီးအလိုက် ကျပ် ၃၅၀၀ မှ ၄၀၀၀ ခန့်အထိ၊ တီလားပီးယားက အသေးအကြီးအလိုက် ကျပ် ၂၅၀၀ မှ ၃၀၀၀ ကျပ်အထိ ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိသည်။

လက်ရှိအချိန်တွင် ဖျာပုံမြို့ငါးဈေးကွက်၌ ရေထရက်များတွင် ရေချိုရေငန်ငါးများ ရောင်းဝယ်လျက်ရှိသည်ကို တွေ့ရတတ်သော်လည်း စားသုံးသူအများစုမှာမူ ဈေးနှုန်းမများသည့် မွေးမြူရေးငါးများကိုသာ ဝယ်ယူစားသုံးလျက်ရှိနေကြကြောင်း ငါးရောင်းချနေသူများထံမှ သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# စားသုံးရန်မသင့်သည့်မုန့်များကို မီးရှို့ဖျက်ဆီးပြီး ကျန်းမာရေးပညာပေးဟောပြော

**တောင်တွင်းကြီး ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ မုန့်တိုက်ပွဲလှူပ်ရှားမှုအဖွဲ့က ကြီးမှူး၍ ကလေးသူငယ်များ ယုံကြည်စိတ်ချစွာ စားသုံးရန်မသင့်သည့် မုန့်များနှင့် အစားအသောက်များကို စုပေါင်းမီးရှို့ဖျက်ဆီးပွဲနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၉ ရက်က အထက(၁)ကျောင်း ပေလေးပင်ခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တောင်တွင်းကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်တို့က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာပြည့်ထူးက တားမြစ်ဓာတုဆေးဝါးများနှင့် တားမြစ်ဆိုးဆေးများ၏ အန္တရာယ်၊ စားသုံးရန်မသင့်သည့် မုန့်များနှင့် အစားအသောက်များအကြောင်း သိကောင်းစရာများ စသည်တို့ကို ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းဈေးသည်များအား အသိပညာပေး ရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့နယ်မုန့်တိုက်ပွဲလှုပ်ရှားမှုအဖွဲ့မှ ဒေါက်တာကျော်ဆွေက စာသင်ကျောင်းများတွင် ရောင်းချလျက်ရှိသည့် မုန့်ဈေးတန်းများ၏ အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးကာ ကလေးသူငယ်များ ယုံကြည်စိတ်ချစွာ စားသုံးရန်မသင့်သည့် မုန့်များနှင့် အစားအသောက်များကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။

(၀၈၅)

# မိုးခေါင်၍ မိုးစပါးအချိန်မီစိုက်ပျိုးရန် တောင်သူများအခက်တွေ့နေ

**အင်းတော် ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ ယခုနှစ် မိုးရာသီတွင် ဇူလိုင် ပထမပတ်ကုန်သည့်တိုင် မိုးမရွာ ရေမရသေးသဖြင့် မိုးစပါးစိုက်ပျိုးကြမည့် တောင်သူလယ်သမားများအနေဖြင့် အချိန်မီစိုက်ပျိုးနိုင်ရန် အခက်အခဲများ ကြုံတွေ့နေကြရကြောင်း သိရသည်။

"မိုးစပါးဆိုတာက အချိန်ရာသီနဲ့ ဝီရိယထားပြီး စိုက်ပျိုးကြရတဲ့လုပ်ငန်းဖြစ်ပါတယ်။ ယခုနှစ် မိုးရာသီမှာ ဇူလိုင်လပထမပတ် ကုန်တဲ့တိုင်အောင် မိုးမရွာ ရေမရလို့ ထွန်ယက်စိုက်ပျိုးမယ့် တောင်သူတွေ အခက်တွေ့ကြရပါတယ်။ ချောင်းနဲ့နီးသူတွေက အချိန်ရာသီအမီ စိုက်ပျိုးနိုင်ဖို့အတွက် ရေစုပ်စက်တွေနဲ့ ရေတင်စိုက်ပျိုးနေကြသော်လည်း ချောင်းနဲ့ဝေးသူတွေအဖို့ အခက်အခဲတွေရှိနေပါတယ်။ အချို့လယ်သမာတွေကတော့ ပျိုးထောင်ထားကြတာ အောင်မြင်ဖြစ်ထွန်းကြပေမယ့် စိုက်ကွက်မှာရေမရှိလို့ ထွန်ယက်နိုင်ခြင်းမရှိဘဲ ဖြစ်နေကြပါတယ်။ ဒါကြောင့် မိုးကိုပဲ မျှော်နေရပါတယ်"ဟု ဒေသခံ လယ်သမားတစ်ဦးက ပြောသည်။

အင်းတော်မြို့နယ်အတွင်းမှ လယ်ယာမြေအများစုသည် မိုးရေသောက် မိုးကောင်းရေခံလယ်များသာ ဖြစ်ကြပြီး တောင်သူအများစုမှာလည်း မိုးစပါးစိုက်ပျိုးရာတွင် မိုးရေဖြင့်သာ စိုက်ပျိုးကြခြင်းဖြစ်သည်။ အင်းတော်မြို့နယ်တွင် ယခင်နှစ်များက ယခုအချိန် ဇူလိုင်လ(ဝါဆိုလ)တွင် လယ်မြေများမှာ ရေတဖွေးဖွေးဖြစ်ကာ ထွန်ယက်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



# အာဇာနည်နေ့အမီ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တု ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေ

**တနသ်ာရီ ဇူလိုင် ၁၁**

ဇူလိုင် ၁၉ ရက်တွင်ကျရောက်မည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုကို တနသ်ာရီတိုင်းဒေသကြီး တနသ်ာရီမြို့၌ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး အာဇာနည်နေ့အမီ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။



အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုကို တနသ်ာရီမြို့ ချောင်းငယ်ရပ်ကွက်အတွင်း မြသီတာလမ်းထိပ်နှင့် တနသ်ာရီ-ဘုတ်ပြင်း ကားလမ်းဆုံ၌ ထုလုပ်လျက်ရှိပြီး ဗိုလ်ချုပ်အား အစဉ်အမြဲ ဂုဏ်ပြုအမှတ်ရနေစေရန်နှင့် မြို့ဥပတိရုပ် ကောင်းမွန်စေရန် ရည်ရွယ်လျက် ရုပ်တုထုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အင်္ဂတေဖြင့်ပြုလုပ်သည့် အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တု ထားရှိနိုင်ရေးအတွက် မြိတ်မြို့ထူးတက်ရှိန်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးတင်ရှိန်က ကျပ်သိန်း ၁၅၀ အကုန်ကျခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ်မှ ပညာရှင် ဦးအောင်ကျော်ထွန်း(လက်ာဒီပအဖွဲ့)နှင့် အဖွဲ့သားများက ဇူလိုင် ၁၉ ရက်အမီ ဖွင့်လှစ်နိုင်ရန် တာဝန်ယူထုလုပ်လျက်၊ ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုမှာ မြင်း၏ဦးခေါင်းမှ အမြီးအထိ အရှည် ၁၅ ပေ၊ မြင်းခွာမှ ဗိုလ်ချုပ်ဦးခေါင်းထိပ်အထိ အမြင့် ၁၅ ပေ၊ မြင်း၏ခွာမှ မြင်းကျောကုံးအထိ အမြင့် ၉ ဒသမ ၅ ပေရှိပြီး ဗိုလ်ချုပ်ကိုင်ဆောင်မည့် ဓားသည် အရှည် ၇ ဒသမ ၂ ပေရှိသည်။ မြင်းရုပ်၏ အောက်ခံခုံတုံးမှာ အလျား ၁၆ ပေ၊ အနံ ၆ ပေနှင့် အမြင့် ၆ ပေရှိပြီး ခုံတုံးပတ်ပတ်လည်တွင် ဗိုလ်ချုပ်၏ အဆိုအမိန့်များကို ရေးထိုးထားရှိမည်ဖြစ်သည်။ ရုပ်တုထားရှိမည့် ရင်ပြင်မှာ ပေ ၅၀ ပတ်လည်အကျယ်ရှိပြီး ရင်ပြင်ပတ်လည်၌ စတီးသံပန်းပတ်လည်ကာရံ ထားရှိမည်ဖြစ်ကြောင်း သိရှိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# အရေးပေါ် ရေဘေးကာကွယ်ရေးနည်းစနစ်များ လက်တွေ့သရုပ်ပြ

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် သရက်တော်ကျေးရွာအနီးရှိ မုတ်ကျွန်းတာအနီးတွင် နေထိုင်ကြသော ဒေသခံပြည်သူများအား မိုးရာသီကာလ ဒီရေမြင့်တက်ချိန်တွင် ရေဘေးကာကွယ်ရေးနှင့် ရေငန်တားဆီးရေးအတွက် တာများတွင် ဖြစ်ပွားလေ့ရှိသည့် တာရေကျော်ခြင်း၊ တာအိခြင်း၊ တာလျှောခြင်းနှင့် ကမ်းပါးများရေတိုက်စားခြင်းစသည့် အရေးပေါ် ရေဘေးအန္တရာယ်များမှ ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြမှုများကို ဇူလိုင် ၉ ရက်က ဆောင်ရွက်ခဲ့သည်။



သရုပ်ပြမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကြီးမှူး ဆောင်ရွက်ခြင်းဖြစ်ပြီး ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်၍ လက်တွေ့သရုပ်ပြခဲ့သည်။ သရုပ်ပြရာတွင် ကမ်းရေတိုက်စားခြင်းကို တုတ်တန်းအဆင့်ဆင့်ရိုက်၍ သဲအိတ်ဖြည့်ခြင်း၊ တာအိတာလျှောခြင်းအတွက် မြစ်ကမ်းဘက်မှ တုတ်တန်းရိုက်သဲအိတ်စီခြင်းနှင့် ကုန်းတွင်းဘက်တာခြေတွင် တုတ်တန်းရိုက် သဲအိတ်စီခြင်း၊ တာအက်ကြောင်းရေလုံစေရန် အမိုးမိုး၍ တာခြေကန်ခြင်း၊ တာရေကျော်ပါက တာထိပ်တွင် ကန်သင်းဆင့်ခြင်းတို့ကို သရုပ်ပြခဲ့သည်။

"ကျွန်တော်တို့ဌာနက မိုးရာသီမှာ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေဖို့နဲ့ နွေရာသီ စိုက်ပျိုးမြေရရှိဖို့ ရေနုတ်မြောင်းတွေနဲ့ ချောင်းကော၊ မြောင်းကောတွေကို ပြန်လည်တူးဖော်ပါတယ်။ ဒေသခံတွေအနေနဲ့ ချောင်း၊ မြောင်းတွေမှာ ရေစီးရေလာ အဟန့်အတားဖြစ်စေမယ့် ကျားပိုက်ထောင်တာ၊ မြင်းဝန်းခံတာနဲ့ ချုံတွေချတာ၊ စည်းကမ်းမဲ့ငါးဖမ်းတာ၊ မလိုအပ်ဘဲ တံတားထိုးတာ၊ အမှိုက်ပစ်တာ၊ စက်တပ်ယာဉ်တွေ အရှိန်နဲ့မောင်းနှင်တာတွေကို ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှသာ ရေစီးရေလာကောင်းမွန်ပြီး ချောင်းကောမှုတွေ သက်သာပြီးတော့ မိုးရာသီ ရေကြီးနစ်မြုပ်မှုကို လျော့နည်းစေမှာပါ"ဟု ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးကျော်ကျော်က ဒေသခံပြည်သူများအား ပြောကြားသည်။

အဆိုပါမုတ်ကျွန်းတာမှာ ရန်ကုန်မြစ်၏ အနောက်ဘက်ကမ်းတွင်ရှိပြီး မိုးရာသီတွင် ဒီရေမြင့်တက်တတ်သည့် ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များအတွင်းရှိ ကျေးရွာများနှင့် မိုးစပါးစိုက်ဧရိယာ ၇၅၀၀၀ ကျော်ကို ရေနစ်မြုပ်မှုအန္တရာယ်မှ ကာကွယ်ပေးနေသည့်အပြင် နွေရာသီတွင် ပင်လယ်ဒီရေများ ကုန်းတွင်းသို့မဝင်ရောက် နိုင်စေရန် ကာကွယ်ပေးထားသောတာဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြစ်အတွင်းရှိ ရေလယ်တွင် သောင်ထွန်းလာသောကြောင့် မြစ်အနောက်ဘက်ခြမ်းသို့ ရေကြောင်းပြောင်းလဲလာကာ ပင်လယ်ကူးသင်္ဘောများနှင့် စက်တပ်ရေယာဉ်များမှာ အနောက်ဘက်ခြမ်း မုတ်ကျွန်းတာအနီးမှ ခုတ်မောင်းခြင်းကြောင့်လည်းကောင်း၊ ဒီရေလှိုင်းများကြောင့်လည်းကောင်း မုတ်ကျွန်းတာတစ်လျှောက်တွင် ကမ်းပါးရေတိုက်စားမှုများရှိလာသောကြောင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက နှစ်စဉ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**(၁၆၄)၊ ဓာတ်ပုံ-သစ္စာ**

# ရေတံခွန်တောင်တက် စက်ဘီးစီးပြိုင်ပွဲနှင့် တောင်အဆင်း လမ်းကြမ်းစီးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်က ကြီးမှူး၍ Mandalay Free Rider(MFR) စက်ဘီးစီးအဖွဲ့က ဦးစီးပြီး ဒုတိယအကြိမ်မြောက် ရေတံခွန်တောင်တက်(Mountain Bike)စက်ဘီးစီးပြိုင်ပွဲနှင့် တောင်အဆင်း လမ်းကြမ်းစီး (Downhill)ပြိုင်ပွဲများကို ဇူလိုင် ၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ Waterfall bike Challenge ၂၀၁၇ ရေတံခွန်တောင်တက် Mountain Bike XC ပြိုင်ပွဲနှင့် Downhill ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်စက်ဘီးသမားပေါင်း ၃၁၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ရေတံခွန်တောင်တက်(Mountain bike XC) စက်ဘီးစီးပြိုင်ပွဲကို မန္တလေးမြို့ (၇၈)လမ်းရှိ အိုစတိုးရှေ့ တာလွှတ်စုရပ်နေရာ၌ ကျင်းပကာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

ပြိုင်ပွဲတွင် မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ ရန်ကုန်၊ တောင်ကြီးနှင့် နယ်အသီးသီးမှ သက်တမ်းအလိုက် စက်ဘီးစီးကလပ်အသင်း ၁၀ သင်းကျော်မှ အားကစားဝါသနာရှင် ၃၀၀ ကျော်က စုရပ်မှ ၇၈ လမ်းအတိုင်း ၂၆လမ်း၊ လမ်း၈၀၊ ၁၂လမ်း၊ ၆၆ လမ်းမှ ၁၉လမ်း၊ ရန်ကင်းတောင်ခြေတောင်ပတ်လမ်းအတိုင်း၊ နည်းပညာတက္ကသိုလ် MIT၊ မြေလမ်းမှ Off Road ရေတံခွန်တောင်တက်လမ်းမှ အကြိတ်အနယ် ယှဉ်ပြိုင်စီးနင်းကာ ထူးမဘုန်းကြီးကျောင်းတွင် ပန်းဝင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ အသက် ၂၅နှစ်အောက်တန်းတွင် စောအယ်ခူးက ပထမ၊ ဉာဏ်လင်းထက်က ဒုတိယ၊ ဟန်ထွန်းဦးက တတိယဆုများ ရရှိပြီး အသက် ၆၀ နှစ်အထက်တန်းတွင် ဦးလှရွှေက ပထမ၊ ဦးထွန်းခိုင်က ဒုတိယနှင့် ဦးရဲကြည်က တတိယဆုများ ရရှိသည်။ အသက် ၂၅-၃၅ အတန်းတွင် ဖိုးလုံးက ပထမ၊ ကျော်မျိုးသက်က ဒုတိယနှင့် ဇော်ဇော်အောင်က တတိယရရှိပြီး ၃၅-၄၀ အတန်းတွင် မင်းဇော်ဦးက ပထမ၊ နေမျိုးအောင်က ဒုတိယ၊ သက်လွင်ဦးက တတိယ၊ အသက် ၄၀-၆၀ တန်းတွင် ဦးခင်မောင်ချိုက ပထမ၊ ငွေအောင်(ခ)ရဲဘော်ကြီးက ဒုတိယနှင့် ဒွေးတာက တတိယဆုများ ရရှိခဲ့ကြသည်။

ထို့နောက် တောင်အဆင်းလမ်းကြမ်းစီး(Downhill)ပြိုင်ပွဲကို ဆက်လက် ကျင်းပရာ ပြိုင်ပွဲဝင်များက ရေတံခွန်တောင်ဘေးမှ အမြင့် ၁၁၁၅ ပေရှိ တာလွှတ်စုရပ်မှစတင်၍ တစ်ဦးချင်းစီ စီးနင်းယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲမှ Bike တန်းတွင် ထိုင်းနိုင်ငံမှ Kya(Thai)က ပထမ၊ လှဖြိုးက ဒုတိယနှင့် Sai က တတိယဆုများ ရရှိပြီး Master တန်း ပြိုင်ပွဲတွင် မြတ်ကျော်က ပထမ၊ စည်သူစိုးက ဒုတိယနှင့် ရှမ်းကြီးက တတိယဆုများ ရရှိခဲ့ကြသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူများအား မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်းထွန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲတွင် တာဝန်ရှိသူများ၊ စက်ဘီးစီးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

စက်ဘီးပြိုင်ပွဲဝင်နေကြသည် ဓာတ်ပုံများကိုလည်း မန္တလေးဓာတ်ပုံအသင်းမှ ကြီးမှူး၍ Water Fall Bike Challenge 2017 ဓာတ်ပုံပြိုင်ပွဲကျင်းပပြီး ဆုရွေးချယ်ပေးသွားမည်ဖြစ်ရာ စက်ဘီးစီးပြိုင်ပွဲဝင်နေကြပုံများကို ဓာတ်ပုံပညာရှင်နှင့် ဝါသနာရှင် ၂၀၀ ခန့်ကလည်း စိတ်တိုင်းကျ ဓာတ်ပုံများ လာရောက်ရိုက်ကူးခဲ့ကြသည်ကို တွေ့ရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## စားရေရိက္ခာဖူလုံမှုနှင့် အသက်မွေးမှု အခြေအနေ တိုးမြှင့်တည်ဆောက်ပေးရေးစီမံကိန်း စတင်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြင်သစ်နိုင်ငံအခြေစိုက် အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် GRET တို့ ပူးပေါင်း၍ လူထု၏ စားရေရိက္ခာဖူလုံမှုနှင့် သက်မွေးမှုဘဝအခြေအနေကို တိုးမြှင့် တည်ဆောက်ပေးရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာနှင့် လုပ်ငန်းစီမံချက် လက်မှတ်ရေးထိုးပွဲကို ဇူလိုင်လ ပထမပတ်က စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၌ ကျင်းပခဲ့သည်။

လက်မှတ်ရေးထိုးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် GRET Myanmar အဖွဲ့မှ ဌာနေကိုယ်စားလှယ် ဦးဖြိုးမင်းဆွေတို့က လက်မှတ်ရေးထိုးကြပြီး သက်တမ်းသုံးနှစ်ရှိသည့် နားလည်မှုစာချွန်လွှာနှင့် လုပ်ငန်းစီမံချက်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းကို ဧရာဝတီတိုင်းဒေသကြီးအတွင်း ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ ပုသိမ်၊ လပွတ္တာနှင့်ပန်းတနော်မြို့နယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာ၊ ဘုတလင်၊ ယင်းမာပင်၊ ပုလဲ၊ အရာတော်နှင့် ဆားလင်းကြီးမြို့နယ်များ၊ ရခိုင်ပြည်နယ်အတွင်း ကျောက်တော်၊ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းထဲတွင် မြေဆီလွှာနှင့် ရေထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မျိုးစေ့ပွားများခြင်း၊ ဆောင်းသီးနှံနှင့် အိမ်ခြံတွင်းဥယျာဉ်ခြံများ ရိတ်သိမ်းချိန်လွန်စီမံခန့်ခွဲမှုအတွက် စမ်းသပ်ကွက်၊ စံပြကွက်များ ဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝင်ငွေတိုးတက်ရေးလုပ်ငန်းများကို ပြန်လည်မြှင့်တင်ပေးခြင်း စသည့်လုပ်ငန်းများ ပါဝင်မည်ဖြစ်ကာ ဒေသခံများအတွက် များစွာ အထောက်အကူရရှိစေမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သော်လည်း သီးနှံများမှာ ပြည်ပနိုင်ငံများ၏ သီးနှံများလောက် အရည်အသွေးမကောင်းသည်ကို တွေ့မြင်နေရကာ ထိုသို့ အရည်အသွေးနိမ့်ကျနေရခြင်းမှာ တောင်သူများအနေဖြင့် နည်းစနစ်မှန် စိုက်ပျိုးနည်းများကို လက်လှမ်းမမီခြင်း၊ ရိတ်သိမ်းခြွေလှေ့ပြီး သီးနှံများကို ထိန်းသိမ်းရာတွင်လည်း နည်းစနစ်မမှန်ခြင်းတို့ကြောင့်ဖြစ်ပြီး စိုက်ပျိုးမြေများကို ကောင်းမွန်စွာ မထိန်းသိမ်းတတ်ခြင်းကြောင့် သီးနှံအထွက်နှုန်းများမှာလည်း တစ်စတစ်စ ကျဆင်းလာသဖြင့် တောင်သူများအား စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နည်းပညာများ၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများပေးရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိကာ တောင်သူများကလည်း ပူးပေါင်းပါဝင်မှသာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းများသည် ယခုထက် ပိုမိုအောင်မြင်လာမည်ဖြစ်သည်။

**ဇူလိုင်မိုး**

## မှီခိုရာမဲ့အဘွားတစ်ဦးအား အလှူရှင်တစ်ဦးက အိမ်ဆောက်လှူဒါန်း

**ရေစကြို ဇူလိုင် ၁၁**

ရေစကြိုမြို့နယ် အမှတ်(၇)ရပ်ကွက်မှ ပျက်စီးယိုယွင်းနေသော တဲအိုတစ်လုံးတွင် မှီခိုရာကင်းမဲ့စွာ နေထိုင်နေရသော အသက် ၈၇ နှစ်အရွယ် အဘွားတစ်ဦးအတွက် နေအိမ် အဆောက်အအုံ ဆောက်လုပ်ပေးရန် အလှူရှင်တစ်ဦးက သဲတစ်ပွင့်ပရဟိတအသင်း (မန္တလေး) မှတစ်ဆင့် ဆက်သွယ်၍ အလှူငွေလှူဒါန်းခဲ့သဖြင့် ယခုအခါ နေအိမ်ကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

"အဘွားနာမည်က ဒေါ်ခင်စပါ။ အသက်က ၈၇ နှစ်ရှိပြီ။ မနှစ်က အခုလို အချိန် အဘွားအိမ်နားရေကြီးတော့ လာကူလုပ်တဲ့လူတွေကိုတွေ့လို့ အဘွားတဲလေးလည်း လဲခါနီးပြီ။ မိုးမလုံနေတာ ကူညီပါလို့ သွားပြောခဲ့တာ။ အခုလို အိမ်လာဆောက်ပေးတော့ ကျေးဇူးတင်ပါတယ်။ အဘွားမှာ ယောက်ျားကလည်း ဆုံးသွားပြီ။ သမီး နှစ်ယောက်၊ သား သုံးယောက်၊ သားသမီး ငါးယောက်ရှိတာကလည်း ငါးယောက်လုံး ဆုံးသွားပါပြီ။ အငယ်ဆုံးသား ဆုံးသွားတာက တစ်နှစ်ကျော်ပြီ။ စားတာသောက်တာကတော့ အနီးအနားက အိမ်တွေမှာ သွားပြီး တောင်းစားနေတယ်။ အလုပ်လည်း မလုပ်နိုင်တော့ဘူး။ ပိုက်ဆံလည်း မရှိဘူး။ တောင်းပြီးပဲ စားရတယ်"ဟု အဘွားဒေါ်ခင်စက ပြောသည်။



ပြီးစီးလုနီးပါးဖြစ်နေသော အသစ်ဆောက်လုပ်ပေးသည့်နေအိမ်၊ အဘွားဒေါ်ခင်စနှင့် မူလနေထိုင်သည့်တဲအိုလေး

နေအိမ်ဆောက်လုပ်ရန် လှူဒါန်းသည့် အလှူရှင်မှာ မန္တလေးမြို့မှ ဦးသီဟ-ဒေါ်သန်းသန်း (သီဟစတိုး) မိသားစုဖြစ်ပြီး အဘွားဒေါ်ခင်စ မူလနေထိုင်ရာ တဲအိုလေး နေရာတွင် အလျား ၁၂ ပေ အနံ ၁၀ ပေ၊ အမြင့် ၁၀ ပေခွဲရှိ ကျောက်ပြားကာ၊ သွပ်မိုး၊ တစ်ဖက်ချ နေအိမ် အဆောက်အအုံကို တည်ဆောက်ပေးရန် အလှူငွေ လှူဒါန်းခဲ့သဖြင့် အောင်မိသားစု အဆောက်အအုံနှင့် ကားပြုပြင်ရေး (ရေစကြို) က လုပ်အားကုသိုလ်ပြု တည်ဆောက်ပေးလျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။ အဘွားဒေါ်ခင်စ နေထိုင်ရာ မြေနေရာသည် ဆွေမျိုးတော်စပ်သူတစ်ဦး ပိုင်ဆိုင်သော မြေဖြစ်ပြီး အဘွားတစ်သက် နေထိုင်ခွင့်ပြုထားသည်ဟု သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## မန္တလာသီရိ အားကစားကွင်း၌ ဘောလုံးပွဲတော်ကျင်းပ

**မန္တလေး ဇူလိုင် ၁၁**

မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် သက်တမ်းအလိုက် လူငယ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရတို့ ကြီးမှူး၍ Grassroots Football Festival 2017 Mandalay ဘောလုံးပွဲတော်ကို ဇူလိုင် ၉ ရက်က မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၌ ကျင်းပခဲ့သည်။ ဘောလုံးပွဲတော်တွင် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့က အမှာစကားပြောကြားပြီး ပွဲတော်ကို ဖွင့်လှစ်ပေးကာ မန္တလေးမြို့ပေါ် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဘောလုံးပွဲတော်တွင် ပါဝင်ဆင်နွှဲနေမှုများကို မြို့တော်ဝန်က လိုက်လံကြည့်ရှုအားပေးခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**


**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**အလုပ်လျှောက်လွှာခေါ်ယူခြင်း**

**၁၃၇၉ခုနှစ်၊ ဝါဆိုလပြည့်ကျော်၄ရက်**
**(၂၀၁၇ခုနှစ်၊ ဇူလိုင် ၁၂ရက်)**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးချုပ်(ရန်ကုန်)တွင် လစ်လပ်လျက်ရှိသော အောက်ပါရာထူးနေရာများကို ယှဉ်တွဲပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) **ဒုတိယလူ့အခွင့်အရေးဦးစီးမှူး-လစာနှုန်း ကျပ်-၁၈၀၀၀၀/- (၄)ဦး (Computer Programmer)**
(၁) အစိုးရဌာနတွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၄)နှစ်နှင့် ပုဂ္ဂလိကကုမ္ပဏီများတွင် လုပ်ကိုင်သူဖြစ်ပါက အစိုးရဌာနတွင် လုပ်ကိုင်ခဲ့သော လုပ်သက်နှင့် ပုဂ္ဂလိကကုမ္ပဏီတွင် လုပ်ကိုင်ခဲ့သော လုပ်ငန်းအတွေ့အကြုံစုစုပေါင်း(၄)နှစ်ရှိရမည်။
(၂) Computer Program ရေးသားခြင်း (သို့မဟုတ်) ကိုင်တွယ်အသုံးပြုခြင်း အတွေ့အကြုံနှင့်ကျွမ်းကျင်မှုရှိရမည်။

(ခ) **အငယ်တန်းစာရေး-လစာနှုန်းကျပ်-၁၅၀၀၀၀-(၁၀)ဦး**

(ဂ) အထက်ပါရာထူးနေရာများသို့ ဝင်ရောက်လျှောက်ထားလိုသူများသည်-
(၁) အသက်(၃၀)နှစ်အောက်ရှိသူဖြစ်ရမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ပြီး မဟာဘွဲ့နှင့်အထက်ရရှိသူများ၊ ဥပဒေ၊ နိုင်ငံတကာဆက်ဆံရေးဘွဲ့ ရရှိသူများကို ဦးစားပေးမည်။
(၃) အင်္ဂလိပ်စာ၊ အရေး၊ အဖတ်၊ အပြော၊ Computer ကျွမ်းကျင်သူကို ဦးစားပေးမည်။
(၄) ကော်မရှင်နှင့် အလုပ်ခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုနိုင်သူဖြစ်ရမည်။
(၅) ဖော်ပြပါရာထူးများအတွက် စိတ်ပညာစစ်ဆေးမှု ခံယူရပါမည်။
(၆) အစိုးရဌာနမှ ထုတ်ပယ်ခြင်းခံရသူမဖြစ်စေရပါ။

မှတ်ချက်။ အထက်ဖော်ပြ အရည်အချင်းနှင့် ကိုက်ညီသူများသည် အောက်ဖော်ပြပါ အထောက်အထားများ ပြည့်စုံစွာဖြင့် ၃၁-၇-၂၀၁၇ရက် နောက်ဆုံးထား၍ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ အမှတ် ၂၇၊ ပြည်လမ်း၊ ၆မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် ဖြစ်စေ၊ မှတ်ပုံတင်(အမြန်ချောပို့)စနစ်ဖြင့်ဖြစ်စေ ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်-
- ကိုယ်တိုင်ရေးလျှောက်လွှာ (Curriculum Vitae(CV) Form ပူးတွဲလျက်)
- ဘွဲ့လက်မှတ်မိတ္တူ
- နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း (သို့မဟုတ်) ပြန်တမ်းဝင်အရာရှိတစ်ဦး (သို့မဟုတ်) အကြီးတန်းမန်နေဂျာ(သို့မဟုတ်) အဆင့်မြင့်အရာရှိကြီးတစ်ဦး၏ထောက်ခံချက်
- အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- အခြားကျွမ်းကျင်မှုနှင့်လုပ်ငန်းအတွေ့အကြုံအထောက်အထားများ
- ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦးဦး၏ထောက်ခံချက်

(ဃ) အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၁-၆၅၄၆၈၁၊ ၀၁-၆၅၄၆၈၂၊ ၀၁-၆၅၄၆၈၃၊ ၀၁-၆၅၄၆၈၄၊ လိုင်းခွဲနံပါတ် ၈၀၁၊ ၈၃၆တို့သို့ ဆက်သွယ်မေး မြန်းစုံစမ်းနိုင်ပါသည်။



**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့အား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | -၁၃-၇-၂၀၁၇ ရက် |
| ၃။ | **လျှောက်လွှာရောင်းချခြင်းပိတ်မည့်ရက်** | -၃၁-၇-၂၀၁၇ ရက် |
| ၄။ | **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်** | -၁-၈-၂၀၁၇ ရက်မှ ၁၅-၈-၂၀၁၇ ရက် |
| ၅။ | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | -၁၅-၈-၂၀၁၇ ရက်၊ ၁၄:၀၀နာရီ |

၆။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။ **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၂၈၁၇**



**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၆/၂၀၁၇)**

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
(က) Caustic Soda(200)Tons(Retender)
(ခ) HE-509 Tube Bundle(1)No

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၇-၂၀၁၇ ရက်(၁၂:၀၀ နာရီ)
- ၁၄-၈-၂၀၁၇ ရက်(၁၂:၀၀နာရီ)

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်၊ Ph,067-411123**



**CLAIMS DAY NOTICE**
**MV. RYUJIN VOY:NO(95)**

Consignees of cargo carried by MV. RYUJIN VOY:NO(95) are here by notified that the vessel will arrive on about 13-7-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက် အသုံးပြုမည့် အောက်ဖော်ပြပါ လုပ်ငန်းသုံးနှင့် ရုံးသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | သုတေသနလုပ်ငန်းသုံးစက်ပစ္စည်းများ | (၁၃၇)မျိုး |
| ၂။ | ရုံးသုံးစက်ပစ္စည်း | (၁၈)မျိုး |
| ၃။ | ပရိဘောဂ | (၂၁)မျိုး |
| ၄။ | Technical Books | (1)Lot |

၂။ တင်ဒါစက်ပစ္စည်း အသေးစိတ်အား သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းတွင် ကြေညာထားမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ ရောင်းချမည့်ရက်မှာ ၁၃-၇-၂၀၁၇ရက်မှ ၃၁-၇-၂၀၁၇ ရက်အထိ ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရန်မှာ ၁၇-၇-၂၀၁၇ရက်မှ ၄-၈-၂၀၁၇ရက်အထိ ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၆၃၂၅၈၊ ၀၁-၆၆၅၂၉၂၊ ၀၁-၆၆၃၀၂၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ သစ္စာလမ်းမ၊ မြေကွက်အမှတ် ၂၅ ၁/၂၊ အကျယ်အဝန်း(၁၂၀၀စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးမြင့်အောင်(LL.B)** | **ဦးအေးမင်းသူ(LL.B)** |
| **စဉ်-၂၅၁၆၅** | **စဉ်-၂၆၁၉၉** |

**အထက်တန်းရှေ့နေများ**
**အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်နိုင်ဝင်း၏ အထူးမွမ်းမံသင်တန်း တက်ရောက်ပြီးကြောင်း ထောက်ခံချက်အမှတ် ED/ MPC/ 0 015/ 5/2011 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၇၄၃၇၅၁**



**ဖခင်အမည်မှန်**

ပေါင်းတည်မြို့နယ်၊ (၃၉)လမ်းရှိ အလိမ္မာပညာ ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မဖြိုးအိငယ်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ထိုက် ၇/ပတတ(နိုင်)၀၇၇၀၉၇ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်ထိုက်**



**လူပျောက်ကြော်ငြာ**



ဦးထူး-ဒေါ်ဟန်တို့၏ သမီး ဒေါ်နုနုရီ(ခ)မမွေး အသက်(၅၆) နှစ်(စိတ်ဝေဒနာရှင်)သည် ၂-၆-၂၀၁၇ရက် နံနက် ၇နာရီတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၈၅၃၂၄၅**
**၀၉-၇၉၉၆၆၁၇၃၉**
**၀၉-၃၂၁၅၃၃၀၇၊၀၉-၄၃၁၃၇၆၆၄**


HITACHI
Inspire the Next
Robotics နဲ့ဆိုရင်
အနာဂတ်ဟာ စိတ်ကူးအကြံဉာဏ်ကောင်းများကို
လမ်းဖွင့်ပေးထားပါတယ်။
စက်ရုပ်နည်းပညာဆိုတာကို ကြားတဲ့အခါမှာ သင့်စိတ်ထဲ ဘယ်လိုတွေးမိပါသလဲ။ စိတ်ကူးယဉ်သိပ္ပံဇာတ်လမ်းလို့ မြင်မိပါသလား၊ အခွင့်အလမ်းတွေအကြောင်းရော မတွေးမိဘူးလား။ IoT နည်းပညာရဲ့ ဦးနောက်အတုစွမ်းဆောင်ရည်နဲ့ဆိုရင် Hitachi ရဲ့စက်ရုပ်တွေဟာ အချက်အလက်တွေကို အချိန်နဲ့တပြေးညီရယူနိုင်တယ်၊ အခြားသူတွေနဲ့ ဆက်သွယ်မှုတွေ လုပ်နိုင်တယ်၊ လူသားတွေနဲ့ အတူယှဉ်တွဲအလုပ်လုပ်ပြီး ပိုကောင်းတဲ့ ဘဝတွေကို တိုးတက်ဖန်တီးနိုင်စေပါတယ်။ ဒါကြောင့် အခုကစပြီး Robotics ဆိုတဲ့ စက်ရုပ်နည်းပညာဆိုတဲ့ စကားလုံးကို ကြားတဲ့အခါတိုင်း၊ လူသားနဲ့စက်ရုပ်တွေ အတူပူးပေါင်းလုပ်ဆောင်မယ်ဆိုရင် ဘာတွေအောင်မြင်အောင် ဖန်တီးနိုင်မလဲဆိုတာကို တွေးဆကြည့်နိုင်ကြပါပြီ။
social-innovation.hitachi
Hitachi Social Innovation
10:24
13:53
8:06
32°

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ စက်ဆီ/ချောဆီ ၁၃ မျိုးတို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံအား တစ်စောင်လျှင် ကျပ်(၁၀၀၀၀/-)တိတိဖြင့် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး အသေးစိတ်စာရင်းများအား ဝန်ကြီးဌာန Website www.moee.gov.mm နှင့် ရုံးရှိ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၇-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၀-၈-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၅း၀၀ နာရီ

**တင်ဒါကော်မတီ**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ကျောက်ဆည်စိုက်ပျိုးရေးသုတေသနခြံနှင့် မြင်းခြံစိုက်ပျိုးရေးသုတေသနခြံတို့၌ ဆောက်လုပ်မည့် ဝန်ထမ်းအိမ်ရာ (၂) ခန်းတွဲ (၂)ထပ် ရေ၊ မီး၊ အိမ်သာ၊ ရေစင်၊ သံပန်းပါ (၆၀'×၄၀'×၂၀') နှစ်လုံးဆောက်လုပ်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၇မှ ၁၁-၈-၂၀၁၇ထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါရောင်းချမည့်နေရာ** - တိုင်းဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၁-၈-၂၀၁၇ရက် ညနေ ၁၆း၃၀နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၂-၂၈၄၈၆၅၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန**
**အနာကြီးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရေနံ့သာ အနာကြီးရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲပစ္စည်းများ၊ ဓာတ်မှန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁၀-၇-၂၀၁၇ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** - ၉-၈-၂၀၁၇ရက် ညနေ ၄း၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အနာကြီးရောဂါအထူးကုဆေးရုံကြီး**
**မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၆၅၀၂၅၇၃၊ ၀၉-၆၅၀၂၅၈၃**

# အများသိစေရန်

မလှိုင်မြို့နယ်၊ ကျပ်ဆည်အုပ်စု၊ ဆပ်ခင်းကြီးကျေးရွာနေ ကွင်းအမှတ် ၄၀၁၊ ဦးပိုင်အမှတ်-၃၄၄၊ ၃၄၅/၁ ရှိ မြေဧက ၃ ဒသမ ၀၅ ယာမြေမှာ ကျွန်တော်ဦးစိုးနိုင် ပိုင်ဆိုင်သော လယ်ယာမြေဖြစ်ပါသဖြင့် မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ဝင်ရောက်ကျူးကျော်ထွန်ယက်ခြင်း မပြုကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးနိုင် ၉/မလန(နိုင်)၀၈၅၆၃၃**
**ကျပ်ဆည်အုပ်စု၊ ဆပ်ခင်းကြီး၊ မလှိုင်မြို့**

# အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တာမွေ၊ နတ်ချောင်းရပ်ကွက်၊ ပုညဝမ္ဗနလမ်း၊ အမှတ်(၂၉)ရှိ မြန်မာမရှိမဖြစ်ကမ္ဘာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခိုင်ခိုင်မင်း၏ ဆောက်လုပ်ခွင့်လိုင်စင် (L.C.895) Y.C.D.C အား အတုပြုလုပ်၍ တိုက်ဆောက်လုပ်ခြင်း လုပ်ကိုင်နေသူများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

သို့ပါ၍ ဒေါ်ခိုင်ခိုင်မင်း၏အမည်ကို အလွဲသုံး၍ ဆောက်လုပ်ခဲ့ပြီးဖြစ်သည့် အဆောက်အအုံများအတွက် ဒေါ်ခိုင်ခိုင်မင်းတွင် တာဝန်မရှိပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ခိုင်ခိုင်မင်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၆၁/၈၉)**
**အမှတ်(၄)၊ ဦးထွန်းစိန်လမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့**
**ရုံး-ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးရှေ့၊ ဖုန်း-၀၉-၂၅၄၁၄၃၃၇၁**

# O.T.S(72) ဖိတ်ကြားခြင်း

၁။ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၂)သူရတပ်ခွဲ၏ သင်တန်းဆင်းပွဲ(၃၁)နှစ်မြောက်အဖြစ် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး (ကျဆုံး/ကွယ်လွန်သူငယ်ချင်းများ၏ ဇနီးအပါအဝင်) မိသားစုနှင့်အတူ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**(က) မိသားစု ညစာစားပွဲ**
(၁) ၂၂-၇-၂၀၁၇ရက်(စနေနေ့) ညနေ ၆နာရီ
(၂) Western Park Royal Restaurant အမှတ်(၇/၈)၊ ဇေယျာဌာနီလမ်းနှင့် သီရိရတနာလမ်းထောင့်၊ ဥတ္တရသီရိမြို့၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၃၁၀၂

**(ခ) ကျဆုံး/ကွယ်လွန်သူများအား ရည်စူး၍ နေ့ဆွမ်းကပ်လှူဒါန်းခြင်း**
(၁) ၂၃-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီ
(၂) မဟာဝိဇိတာရုံ သာသနာ့ဝန်ဆောင်စာသင်တိုက်၊ အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၂။ နေပြည်တော်တွင် တည်းခိုနေထိုင်ရေးအပြင် ရန်ကုန်မှနေပြည်တော်သို့ ကြို/ပို့ ဆောင်ရွက်နိုင်ရန်အတွက် တက်ရောက်မည့်သူငယ်ချင်းများမှ ၁၆-၇-၂၀၁၇ရက် နောက်ဆုံးထားအကြောင်းကြားပေးပါရန် ဖိတ်ကြားအပ်ပါသည်။
(၀၉-၄၂၁၆၉၉၉၄၂)၊ (၀၉-၂၅၀၂၈၀၀၇၁)၊ (၀၉-၅၃၉၄၃၇၁)၊ (၀၉-၈၆၂၂၆၈၇)၊ (၀၉-၅၁၀၂၄၈၆)၊ (၀၉-၂၅၀၈၇၀၇၇၀)၊ (၀၉-၂၀၅၉၇၇၁)

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တော ကျောင်းတိုက်၊ ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/ စာသင် သံဃာတော် အရှင် သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀ × ၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင် လှူဒါန်း နိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁သိန်း |
| ၂။ | ၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား | ၁သိန်း |
| ၃။ | အခန်းတံခါး | ၂သိန်း |
| ၄။ | ရေချိုးခန်း | ၃သိန်း |
| ၅။ | ကုဋီတစ်ခန်း | ၅သိန်း |
| ၆။ | အဝင်တံခါးမကြီးတစ်စုံ | ၇သိန်း |
| ၇။ | သံကူကွန်ကရစ်လှေကားတစ်စုံ | ၉သိန်း |
| ၈။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀သိန်း |
| ၉။ | ရေတိုင်ကီတစ်လုံး | ၁၂သိန်း |
| ၁၀။ | သံဃာလေးပါးနေတစ်ခန်း | ၂၀သိန်း |
| ၁၁။ | မုခ်ဦး | ၃၀သိန်း |
| ၁၂။ | ဘုရားခန်း | ၅၀သိန်း |
| ၁၃။ | စာသင်ခန်းမဆောင် | ၁၀၀သိန်း |
| ၁၄။ | ဆွမ်းစားဆောင် | ၃၅၀သိန်း |
| ၁၅။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀သိန်း |
| ၁၆။ | ကွန်ကရစ်တိုင်တစ်လုံး | ၃သိန်း |
| ၁၇။ | စာချဆရာတော်များနေတစ်ခန်း | ၂၅သိန်း |
| ၁၈။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀သိန်း |
| ၁၉။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅သိန်း |

အလှူရှင်များကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၁၃၀၅၁၆၊ ၀၉-၂၆၃၆ ၂၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုရ်စည်လမ်းမတော်
(Account No. 061-301-06100921001)
ရိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9)ဘဏ်စာရင်းသို့နိုးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်းဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တနိုင်းမြို့နယ်တရားရုံး
## ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၇

ဦးအောင်ဇော်ဦး နှင့် ၁။ ဦးအောင်နိုင်ဝင်း
၂။ ဦးမွေးနီ(ခ)ကိုကိုနိုင်
၃။ ဦးညီနိုင်
၄။ ဦးလှထွန်း

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ မြိုင်သာယာကျေးရွာ (ယခုနေရပ်လိပ်စာမသိ)နေ ဦးအောင်နိုင်ဝင်း၊ ဦးမွေးနီ(ခ)ကိုကိုနိုင်၊ ဦးညီနိုင်တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးအောင်ဇော်ဦးက ကြွေးကျန်ငွေ ၈၂၆၀၆၀၀ ကျပ်နှင့် နစ်နာကြေးငွေ ၁၇၃၉၄၀၀ ကျပ် စုစုပေါင်း ၁၀၀၀၀၀၀၀/- (ကျပ်သိန်းတစ်ရာတိတိ) ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဩဂုတ် ၁ ရက် (၁၃၇၉ခုနှစ် ဝါခေါင်လဆန်း ၉ရက်) မွန်းမတည့်မီ နံနက် ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(လှမျိုးဝင်း)**
**မြို့နယ်တရားသူကြီး**
**တနိုင်းမြို့နယ်တရားရုံး**

# အလုပ်ကြော်ငြာ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကမ္ဘာ့ဘဏ်အကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံအတွင်း ရေကြီး၊ ရေလျှံနှင့် မြေပြိုမှုများအတွက် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်း (Myanmar Flood and Landslide Emergency Recovery Credit -ERC)၊ နေပြည်တော်တွင်တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် စီမံကိန်းအကြံပေးဝန်ထမ်းများ ငှားရမ်းလိုပါသည်-

| စဉ် | ရာထူးအမည် | Reference | ကာလ | ဦးရေ |
|---|---|---|---|---|
| (က) | National Social Safeguards and Gender Specialist | C4-IST-ICO3 | ၁၂ လ | ၁ ဦး |
| (ခ) | National Environmental Safeguards Specialist | C4-IST-IC04 | ၁၂ လ | ၁ ဦး |
| (ဂ) | National Procurement Assistant | C4-DRD-CS03 | ၁၂ လ | ၁ ဦး |
| (ဃ) | National FM Accountant | C4-DRD-CS05 | ၁၂ လ | ၁ ဦး |
| (င) | National Interpreter | C4-DRD-CS10 | ၁၂ လ | ၁ ဦး |

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင် လုပ်ငန်းအတွေ့အကြုံ အသေးစိတ်၊ မိမိလျှောက်ထားလိုသောရာထူးနှင့် Reference နံပါတ်များကို တိကျစွာဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာသို့ ၂၈-၇-၂၀၁၇ရက် နောက်ဆုံးထား၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။

စီမံကိန်းနှင့် လုပ်ငန်းတာဝန်အကြောင်း ရာထူးတစ်ခုစီအတွက် လိုအပ်သောအရည်အချင်း အသေးစိတ်ပါဝင်သော (Terms of Reference-TOR)ကို အောက်ဖော်ပြပါ အီးမေးလ်သို့ ဆက်သွယ်ရယူနိုင်ပါသည်။

**လိပ်မူရန်**
ဒေါ်တင်မိုးမြင့် (ညွှန်ကြားရေးမှူး)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရုံးအမှတ်(၁၄)၊ နေပြည်တော်
ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၉၄၁၀
ဖက်စ်ဖုန်း-၀၆၇-၄၀၉၂၁၀
Email: rbbdrd@gmail.com, ruralroad.drd @ gmail.com

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၃၁၆၃၄ Honda 90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်ဝင်း ၈/ရစက(နိုင်)၀၇၆၃၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

# ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့နယ်၊ ဟန်းတဲကျေးရွာ၊ မြို့ကွက်သစ်ရှိ အလျား×အနံ (၈၀×၁၀၀)ရှိသော မြေကွက်အမှတ် OSS၊ မြေကွက်အမှတ်(၀-၂၃) ဦးဇော်နိုင်အမည်ဖြင့်ရရှိသော မြေကွက်နှင့် မြေကွက်အမှတ်(၀-၂၇) ဦးဇော်နိုင်အမည်ဖြင့်ရရှိသော မြေကွက်တို့ကို ဒေါ်မီတုံထုမှ ဝယ်ယူခဲ့ပါသည်။ ယခုအခါတွင် ဒေါ်မီတုံထုမှ ဒေါ်ဆုမွန်အောင်သို့ ပြန်လည်ရောင်းချခဲ့ပါသဖြင့် ဒေါ်ဆုမွန်အောင်အမည်ဖြင့် မြေငှားဂရန် လျှောက်ထားနိုင်ရေးအတွက် ဗန်းမော်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာနတွင် စာချုပ်ချုပ်ဆိုမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မီတုံထု ၁/ဗမန(နိုင်)၀၀၂၆၄၃**
**ဒေါ်ဆုမွန်အောင် ၁/ဗမန(နိုင်)၀၈၀၄၉၁**
**ဗန်းမော်မြို့**
**ဖုန်း-၀၉-၇၇၄၀၉၀၇၇၃**

**ဦးစိုင်းကျော်ကျော်ရှိန် ၁၄/ဘကလ(နိုင်)၁၈၄၇၃၉ (ဘ) ဦးစစ်ရှိန်နှင့်**

# အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၃)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ အမှတ်(၉၀/၉၁/၉၄)ရှိ Astro Nova International Co.,Ltd ၏ Admin Manager ဦးအောင်အောင်မှ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ (၃)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ် ၉ နေ ဦးစိုင်းကျော်ကျော်ရှိန် ၁၄/ဘကလ(နိုင်)၁၈၄၇၃၉ (ဘ) ဦးစစ်ရှိန်သည် ကုမ္ပဏီမှဖြန့်ဖြူးရောင်းချသော မော်တော်ဆိုင်ကယ်အမျိုးအစားအမျိုးမျိုးကို ရောင်းချပေးရန် စစ်ရှိန်ဆိုင်အမည်ဖြင့် ဖြန့်ဖြူးရောင်းချရန် တာဝန်ယူခဲ့ပါသည်။

၂၀၁၅ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ Consignment စနစ်ဖြင့် လက်ခံရယူခဲ့သော ဆိုင်ကယ်အစီးရေ ၂၂ စီးတွင် ၁၅ စီးအတွက်သာ ငွေပေးသွင်းခဲ့ပြီး ကျန်ခုနစ်စီးအတွက် ဦးစိုင်းကျော်ကျော်ရှိန်မှ ငွေကျပ် ၅၁၈၀၀၀၀ (ကျပ်ငါးဆယ့်တစ်သိန်းရှစ်သောင်း)တိတိကို ပေးသွင်းရန် ပျက်ကွက်နေပါသည်။

ထို့ပြင် ၂၀၁၅ခုနှစ် ဇွန်လတွင် Credit ဆိုင်ကယ်အစီးရေ (၆၃)စီးအတွက် ကနဦးပေးသွင်းငွေ(၂၅ ရာခိုင်နှုန်း)ကိုသာ ပေးသွင်းပြီး သတ်မှတ်ရက်များတွင် အသီးသီးပေးသွင်းရန်ကျန်ရှိရာ ကျပ်သိန်းသုံးဆယ်သာ ပေးသွင်းသဖြင့် ငွေကျပ် ၂၁၆၃၉၇၅၀ (ကျပ်နှစ်ရာတစ်ဆယ့်ခြောက်သိန်းသုံးသောင်းကိုးထောင့်ခုနစ်ရာ့ငါးဆယ်)တိတိကိုလည်း ပေးသွင်းရန်ပျက်ကွက်လျက်ရှိပါသည်။

ဦးစိုင်းကျော်ကျော်ရှိန်သည် အဆိုပါ 'စစ်ရှိန်'ဆိုင်တွင် ဆိုင်ကယ်များအားလုံး ရောင်းချပြီးသော်လည်း ရောင်းဖိုးငွေများကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ပြီး နေရပ်လိပ်စာတွင်မရှိကြောင်း စုံစမ်းသိရှိရပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကုမ္ပဏီသို့ အမြန်ဆုံး လာရောက်ဖြေရှင်းပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း ဦးစိုင်းကျော်ကျော်ရှိန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**AUNG AUNG**
**Admin Manager**
**Astro Nova International Co.,Ltd.**

# သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အင်းစိန်မြို့နယ်နေ နော်ဒရီးနာသိန်း ၁၄/ကကန(နိုင်)၁၀၂၆၂၆ ၏ သား မောင်စောလရှမ်းအောင်ပိုင် ၁၂/အစန(နိုင်)၂၃၁၈၁၈ သည် မိခင်၏ဆိုဆုံးမမှုကို အကြိမ်ကြိမ်နာခံခြင်းမရှိသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။

၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မမသောင်း (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၆၇၈)**
**ဖုန်း-၀၉-၄၂၀၁၈၇၂၆၈**

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/4495 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေး ရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/1843 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေး ရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အိမ်မဲမြို့၊ အထက်ပိုင်းရပ်ကွက်၊ ကျန်စစ်သားလမ်း၊ မြေစာရင်းအကွက်အမှတ်(၁၀)၊ ဘောလုံးကွင်းတောင်၊ ဦးပိုင်အမှတ်(၁၃၃-က)၊ ဧရိယာ ၀ ဒသမ ၀၄၂ ဧကရှိ မြေအား ဦးမျိုးညွှန့် အမည်ဖြင့် မြေငှားဂရန် လျှောက်ထားရာတွင် လိုအပ်သော မြေပေးမိန့် တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အိမ်မဲမြို့**

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/6710 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

# ဖြည့်စွက်ဖတ်ရှုပါရန်

၁၃-၆-၂၀၁၇ရက် မြန်မာ့အလင်း သတင်းစာ၏ ကြော်ငြာစာမျက်နှာ ၃၀ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ၌ ဇဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅ဘီ၊ မြေကွက်အမှတ် ၁၂/ဘီ၊ မြေအမျိုးအစားအား နှစ် (၆၀)ဂရန်မြေဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဝေဠုဝန်လမ်းတွင်နေထိုင်သော ဒေါ်တင်ဝင်း၏သမီး မဝါဝါမြင့်သည် မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ မည်သည့်ကိစ္စကိုမျှ လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း။ **ဒေါ်တင်ဝင်း**
**၁၂/ဥကတ(နိုင်)၀၇၀၀၁၆**

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်မြင့်

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ နေကြာသာယာကုန်းလမ်း၊ (၂)ရပ်ကွက်၊ တိုက်(၈)၊ အခန်း(၁၀၁)နေ(ဦးအောင်မြင့်)၏ဇနီး၊ ဒေါက်တာချိုချိုမြင့်[ကထိက(ငြိမ်း)၊ ဆေးဝါးဗေဒဌာန၊ ဆေး(၁)]၏ချစ်လှစွာသောမိခင်၊ ဒေါက်တာဖေဇော်ဦး (Favorite ပုံနှိပ်တိုက်နှင့်စာအုပ်ထုတ်ဝေရေး)-ဒေါက်တာမြတ်မွန်သူဇာတို့၏ အဘွား၊ မမြတ်သီရိဇော်(MIS)၏ ဘွားဘွားကြီးသည် ၁၀-၇-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၇း၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်မြင့်

**အသက်(၉၃)နှစ်**

ပဲခူးမြို့၊ လိပ်ပြာကန်(၁)လမ်းနေ (ဦးဖိုးမြ-ဒေါ်မိ)တို့၏သမီး၊ (ဦးမေအောင်-ဒေါ်အေးသာ)တို့၏သမီးချွေးမ၊ (ဦးဖိုးခွေး-ဒေါ်ရှိ)၊ (ဦးစောထွန်းတိတ်-ဒေါ်သန်းညွန့်)၊ (ဒေါ်ခင်လေး)၊ (ဦးသန်းမောင်-ဒေါ်မြကြည်)၊ (ဒေါ်တင်တင်)၊ (ဦးမောင်မောင်ခင်-ဒေါ်သန်းရင်)၊ (ဦးချစ်သိန်း-ဒေါ်ဟန်)၊ (ဦးညွန့်မောင်-ဒေါ်မြသင်)၊ (ဦးလှမြင့်)-ဒေါ်ခင်နွယ်တို့၏ညီမ၊ ဒေါ်အမာ၊ ဦးဇော်ဝင်း(ထက်မိုးယံ-၁၁၅မိုင်)-ဒေါ်တင်သန်း(စိန်ပန်းပြာစတိုး)တို့၏အစ်မ၊ (ဒေါ်သန်းမြင့်)၊(ဒေါ်ကြည်မြင့်)၊ (ဒေါ်ကြင်ဥ)၊ (ဦးလှမြင့်-ဒေါ်ခင်ဆွေမြင့်)၊ (ဦးအောင်တင့်)-ဒေါ်တင်တင်ဦးတို့၏အစ်မသည် ၁၀-၇-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇း၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဦးညီအုံး (သံတွဲ)

**ကြိုးမဲ့၊ ကြေးနန်းအုပ်ကြီး(ငြိမ်း)၊ မြန်မာ့မီးရထား**

**အသက်(၉၅)နှစ်**

ဒေါက်တာသောင်းလှ(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆေးသုတေသနဦးစီးဌာန)-ဒေါ်ဥမ္မာလွင်(သုတေသနမှူး၊ ဆေးသုတေသနဦးစီးဌာန)တို့၏ဖခင် ဦးညီအုံးသည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ရောဂါဗေဒဆရာဝန်များအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဦးသိန်းအောင်

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ နွယ်သာကီလမ်း၊ (၂၉)ရပ်ကွက်၊ အမှတ် ၅၄၉နေ (ဦးထွန်းမင်း-ဒေါ်ဖွားကျင်)တို့၏သား၊ (ဦးသံဇာ-ဒေါ်သိန်းရီ)တို့၏သားသမက်၊ သားသမီး ကိုးယောက်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ ဒေါ်တင်ရီ၏ချစ်လှစွာသောခင်ပွန်းသည် ၁၀-၇-၂၀၁၇ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဝမ်းနည်းကြေကွဲခြင်း

မိတ္ထီလာမြို့နေ ဒေါ်လှိုင်လှိုင်မြင့်၏ ခင်ပွန်း ဗိုလ်မှူးမျိုးဝင်းညွန့်(ငြိမ်း) အသက်(၄၉)နှစ်သည် ၉-၇-၂၀၁၇ရက် နံနက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကိုမျိုးဝင်းညွန့် ကောင်းရာသုဂတိလားပါစေ

**ဒုဗိုလ်မှူးကြီးသန်းဇော်ထူး-ဒေါက်တာဇင်ဇင်သန့်**

# ဝမ်းနည်းကြေကွဲခြင်း

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ခရီးသွားမြှင့်တင်မှုဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာအေး-ဦးကျော်ကျော်ထိုက်တို့၏ဖခင် ဦးသိန်းဝင်းသည် ၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးနှင့်**
**ခရီးသွားမြှင့်တင်မှုဌာနခွဲမှအရာထမ်း၊ အမှုထမ်းများ**
**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန**

## ဦးအောင်ဇင်(ခ)ဦးဇင်ယော်

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ စာရေးဆရာကြီး(ဦး)ညိုဝင်း-(ဒေါ်ရီရီခင်)တို့၏ဒုတိယသား၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ ဗိုလ်မင်းရောင် ၃လမ်း၊ အမှတ် ၂၀၄၀နေ ဒေါ်ဟေမာန်လေးလွင်၏ချစ်လှစွာသောခင်ပွန်း၊ သားသမီး ၁၁ယောက်တို့၏ဖခင်သည် ၁၁-၇-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးတမီးလ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## မောင်စွမ်းအားရင့်

**အသက်(၇)လ**

ဦးထွန်းကျော်ကျော်(ဒုတိယညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)နှင့် ဒေါ်အေးအေးသန်း (သရုပ်ပြ၊ ဗန်းမော်ကွန်ပျူတာတက္ကသိုလ်)တို့၏သားဖြစ်သူ မောင်စွမ်းအားရင့်သည် ၉-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့် အသက်(၈၇)နှစ်

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ ပုလဲငွေရောင်ရပ်၊ လမ်း ၂၀၊ ၈၀-၈၁လမ်းကြား၊ အမှတ် ၃၆နေ (ဦးဘစံ-ဒေါ်ခင်အေး)တို့၏သမီး၊ (ဦးထွန်းလင်း-ဒေါ်ခင်ညွန့်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၄၊ အခန်း ၁၃နေ (ဦးခင်မောင်သန်း)၏ချစ်လှစွာသောဇနီး၊ (ဦးမောင်မောင်သွင်-ဒေါ်ခင်ကြည်)၊ (ဦးဘရွှင်-ဒေါ်စိန်စိန်)၊ ဦးခင်မောင်-(ဒေါ်မြမြ)တို့၏ညီမ၊ ဦးမောင်မောင်ကျင်-ဒေါ်စန်းရီ၊ (ဦးသောင်းခင်)-ဒေါ်ခင်ခင်တို့၏အစ်မ၊ ဦးအောင်ညွန့်လွင် (ကျော်သာဆောက်လုပ်ရေးကုမ္ပဏီ၊ မန္တလေး)၊ ဒေါက်တာနီနီသန်း(ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာနှင်းနှင်းသန်း(ပါမောက္ခ၊ ဓာတုဗေ ဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်သန်း[ဌာနမှူး၊ ပြင်ပလူနာဌာန၊ အမှတ်(၂)တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀]-ဒေါက်တာမေမြင့်ဦး(COUNTRY HEAD, SANOFI MYANMAR CO.,LTD)၊ ဒေါက်တာနေဝင်းသန်း(ကထိက၊ အသည်းနှင့်သည်းခြေလမ်းကြောင်းခွဲစိတ်ကုသဌာန၊ အထူးကုဆေးရုံကြီး၊ ခုတင်-၅၀၀)-ဒေါ်စိုးစိုးအောင်(MD, MYANMAR CALCIUM INDUSTRY CO,LTD)ဒေါ်မိုးမိုးသန်း(KISCO (T) LTD)-ဦးအောင်မင်းသန့်(MD,KKG CO,LTD)တို့၏ချစ်လှစွာသောမိခင်၊ မမေသက်နှင်း၊ မောင်ရဲအာကာ၊ မသုသုသန်းအောင်၊ မမိုးယုယုသန်းအောင်၊ မောင်မင်းသန့်လင်းတို့၏အဘွားသည် ၁၁-၇-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(ဒဂုံမြို့နယ်၊ဦးဝိစာရအိမ်ရာ၊ တိုက် ၁၄၊ အခန်း ၁၃ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၇ရက် (တနင်္လာနေ့)တွင် အထက်ပါ ဦးဝိစာရအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကြီး

**လေယာဉ်မှူးကြီး(ငြိမ်း)၊ လေ/၁၆၀၀**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ချယ်ရီလမ်း၊ အမှတ်(၂၀၈/၄)နေ (ဦးအောင်ဒင်-ဒေါ်မြရီ)တို့၏သား၊ ဒေါ်စန္ဒာချို(ခ)ဒေါ်ခင်သန်းချို၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဇော်မောင်မောင်)၊ မောင်နိုင်မောင်မောင်(Uniteam Marine -YGN Co., Ltd.)၊ မအိမ့်မွန်ကျော်တို့၏ဖခင်၊ မဟယ်သာစစ်၏အဘိုး၊ (ဦးပြုံး)-ဒေါ်ခင်နွယ်ဦး၊ ဒု-အရာခံဗိုလ်ရဲအောင်(ငြိမ်း)[နတ်မောက်C.O.D ]-(ဒေါ်တင်တင်အေး)၊ ဗိုလ်ကြီးရဲသန်း(ငြိမ်း)[မော်တော်ယာဉ်တပ်ရင်း၊ ဗန်းမော်]-ဒေါ်ခင်ပျို၊ ဦးကျော်စိန်-ဒေါ်ခင်မေသန်း၊ ဦးရဲမြင့်(ဗိုလ်မှူး၊ ငြိမ်း၊ ဒုထွေဂျာ၊ ငြိမ်း၊ ဟိုတယ်/ခရီးဝန်ကြီးဌာန)-ဒေါ်မိုမိုဦး၊ ဦးဇောတိက (တောင်ကြားကျောင်း၊ သထုံမြို့)၊ တပ်ကြပ်ကြီးတင်စိုး(ငြိမ်း)-ဒေါ်စန္ဒာအောင်၊ ဦးသန်းဇော်ဝင်း(မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါ်သော်တာအောင်၊ ဦးထွန်းထွန်းဝင်း-ဒေါ်ပပအောင်တို့၏အစ်ကိုသည် ၁၀-၇-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးပြည်စိုး အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်းသွယ်(၅)၊ တိုက် ၁၀၂၊ အခန်း ၂နေ (ဦးသန်းထွန်း)-ဒေါ်ခင်သန်းဝင်းတို့၏ ချစ်လှစွာသောသား၊ ပြည်မြို့နေ ဦးမြအုန်း-ဒေါ်ခင်မြင့်တို့၏သားသမက်၊ ဒေါ်စန်းစန်းဌေး(ခေတ္တ-စင်ကာပူ)၏ ချစ်လှစွာသောခင်ပွန်း၊မခိုင်စုစုဟန်၊မောင်အောင်စည်သူဖြိုးတို့၏ဖခင်၊ ဦးအောင်ဝင်း-ဒေါ်စန်းစန်းသွယ်၊ ဒေါ်အေးအေးချို၊ ဦးညီညီထွန်း-ဒေါ်မီမီခင်၊ ဦးနေအောင်ကို-ဒေါ်စောမြတ်ချောတို့၏အစ်ကို၊ မောင်အောင်ခိုင်မွန်-မအိခိုင်ကျော်၊ မောင်သုဝဏ်၊ မလင်းရည်မြတ်တို့၏ဦးလေးသည် ၁၁-၇-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၄း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၇-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးမောင်မောင်ထွန်း အသက်(၅၇)နှစ်

**B.V.S (1984 Batch)**

**ဆန်းရှိုင်းစတိုး**

ရွှေလောင်းမြို့နေ(ဦးအော်ကဲ-ဒေါ်သိန်းခင်)တို့၏မြစ်၊ရန်ကုန်မြို့၊ ၁၉လမ်း၊ အမှတ် ၆၆နေ (ဦးစစ်ကျင်-ဒေါ်ကျင်စိန်)တို့၏မြေး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းမတော်လမ်း၊ အမှတ် ၁၆၉(ပထမထပ်)နေ (ဦးချစ်မင်း-ဒေါ်ကြည်ကြည်မြင့်)တို့၏သား၊ ဒေါ်ခင်ပြုံးချို(ထ-၂၊ လသာ၊ ငြိမ်း)၊ ဒေါက်တာခင်ပြုံးရီ(ပါမောက္ခ၊ ဌာနမှူး၊ ပညာရေးစိတ်ပညာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဒေါ်ခင်ပြုံးယဉ်(ထ-၂၊ လမ်းမတော်)တို့၏မောင်၊ ဒေါ်ခင်သီတာ(ဆန်းရှိုးစတိုး)၊ ဦးနေဝင်း၊ ဒေါ်ဝါဝါဝင်း-ဦးတင်မောင်အေးတို့၏အစ်ကို၊ မောင်ပိုင်သန့်ကျော်၏ဘကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၁၅၀-Bနေ ဒေါက်တာမောင်မောင်ထွန်းသည် ၁၀-၇-၂၀၁၇ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ လမ်းမတော်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးလွင်(ခ)ဘူချော

**အသက်(၅၄)နှစ်**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ကုန်သည်တန်းရပ်ကွက်နေ (ဦးမောင်သောင်းတင်) - ဒေါ်မြညိုတို့၏သား၊ ဦးသာတင်-(ဒေါ်စောတင်)တို့၏သားသမက်၊ မခင်စောမူ၏ခင်ပွန်း၊ မနှင်းဝေလွင်၏ဖခင်၊(မောင်တိုးတိုး)၊မသိန်းသိန်းနွယ်၊ မဖြူဖြူလွင်၊ မောင်ထွန်းအေး၊ မယုယုကျော်တို့၏အစ်ကို၊ ဦးသာထွန်းအေး၊(မောင်သိန်းကျော်)၊မောင်မောင်လှတို့၏အစ်ကိုသည် ၁၁-၇-၂၀၁၇ရက် နံနက် ၃နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်အဝင်ပေါက် (လဟာပြင်ဈေးရှေ့)မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်ထွန်း

**($3^{rd}$ Engineer-UNITEAM)**

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ် ၄၈၁နေ(ဦးတင်သိန်း-ဒေါ်တင်ဥ)တို့၏သား၊ (ဦးမြင့်သန်း)-ဒေါ်စန်းစန်းဌေး၊ ဒေါ်ခင်ခင်မြင့်၊(ဦးမြင့်သူ)-ဒေါ်လှမြင့်တို့၏ညီ/မောင်၊ ဦးဘိုကြည်-ဒေါ်ယဉ်ယဉ်မြင့်တို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဦးလေးသည် ၁၀-၇-၂၀၁၇ရက် (တနင်္လာနေ့)ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်အုန်းကြင်

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ဣန္ဒာ ၃လမ်း၊ အမှတ် ၆၂၃နေ (ဦးသန်းထွန်း)၏ဇနီး၊ (ဦးတင်အောင်-ဒေါ်ခင်စိန်)၊ ဦးဉာဏ်လွင်တို့၏အစ်မ၊ ဒေါ်နွဲ့နွဲ့အေး၊ ဦးဉာဏ်ထွန်း(ဒု-အရာခံဗိုလ်၊ ငြိမ်း)-ဒေါ်ဝင်းဝင်းမော်၊ ဒေါ်ငွေငွေဝင်း (ကျောင်းအုပ်ကြီး၊ အမက-၄၁၊ မြောက်ဥက္ကလာ)၊ ဦးကံထွန်း-ဒေါ်တင်တင်မိုး၊ ဦးစံထွန်း (မက္ကဒေးမီးယား စိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့)-ဒေါ်ချိုချိုသန်း(ကကငွေ၊ ငြိမ်း)၊မအုန်းမိုး(မောင်ဟန်ထွန်း)၊မောင်မင်းထွန်း-မလှဲ့လှဲ့ဝင်း၊ မောင်တင်ထွန်းဝင်း (တပ်မတော်-ရေ) - မသီတာဦးတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၀-၇-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းအောင်

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာအိမ်ရာ၊ အမှတ် B-1, 105 နေ ဒေါ်စန်းရင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုမောင်၊ဒေါ်ဝင်းဝင်းစန်း၊ ဦးဇော်ဝင်း(ဦးလှမိုး)-ဒေါ်စိုးစိုးမော်၊ဦးအောင်လင်း၊ ဒေါ်နီလာမင်း၊ ဦးအောင်ကျော်ဦး၊ ဒေါ်ဇင်မာဝင်း၊ ဒေါ်ခိုင်မာဝင်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၁-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်ညွန့်တင်

**လူမှုဝန်ထမ်းဦးစီးဌာန(ငြိမ်း)**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အမှတ် ၂၅၊ ရေတွင်းလမ်းနေ (ဦးချစ်တီး - ဒေါ်တင်)တို့၏သမီး၊ (ဦးချစ်ခင် - ဒေါ်သန်းသန်း)၊ (ဦးသန်းလှ-ဒေါ်လှကြည်)၊ ဦးသန်းမြ-ဒေါ်ခင်အေး၊ ဦးစိန်ဝင်း-ဒေါ်သန်းမြတို့၏ညီမ၊ ဦးတင်အောင်-ဒေါ်ခင်လှ၊ ဦးသန်းမြင့်-ဒေါ်အေးသိန်းတို့၏အစ်မသည် ၁၁-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၄း၄၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၃-၇-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၇-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သုံးဆယ်မြို့နယ်အသင်း(ရန်ကုန်)
ဂုဏ်ထူးဆောင်အသင်းဝင်

## ဦးစိုးသိန်း အသက်(၇၁)နှစ်

**ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီ**
**စိုးသိန်းထွဋ်**
**ရုပ်ရှင်သရုပ်ဆောင် ဆိုးပေ**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ၅လမ်း၊ အမှတ် ၄၂နေ ဒေါ်အေးအေးဆင့်၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူသည် ၁၀-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၆း၁၉နာရီ Grand Hantha International ဆေးရုံတွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီ တွင်ထွက်ခွာပါမည်။ အသင်းဝင်များ လိုက်ပါပို့ဆောင်ပါရန်။)

အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

မြစ်ကျိုးကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက

## ဆရာတော် ဘဒ္ဒန္တပညာသာမိ

**(ဇရာဝတီတိုင်း သံဃာ့ဝန်ဆောင်)**

**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့၊ ဝဝန်ရပ်ကွက်၊ ဆိုင်းထမ်းလမ်း၊ မြစ်ကျိုးကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ဆရာတော် ဘဒ္ဒန္တပညာသာမိသည် (၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၂ရက်) ၁၀-၇-၂၀၁၇ ရက်(တနင်္လာနေ့)နံနက် ၁၀း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၆ရက်) ၁၄-၇-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ငါးသိုင်းချောင်းမြို့ ညောင်ပင်ကုန်းသုသာန်၌ အန္တိမအဂ္ဂိဈာပန ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ
ငါးသိုင်းချောင်းမြို့၊ မြစ်ကျိုးကျောင်းတိုက်

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ နတ်လမ်း ဒါယကာကြီး

## ဦးကံလှ

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ကိုင်းတန်းလမ်း၊ အမှတ် ၉၀နေ (ဦးပွ-ဒေါ်ဖန်)တို့၏သား၊ (ဦးဖိုးသစ်-ဒေါ်သိန်းလှ)တို့၏သားသမက်၊ (ဒေါ်တင်ဆိုင်)၏ခင်ပွန်း၊ (ဦးခင်ကြည်-ဒေါ်မေရီညွန့်)၊ ဦးဇော်လင်း-ဒေါ်အေးအေးမြင့်(လန်းဆန်းဝင်းကုမ္ပဏီ)၊ ဒေါ်ခင်ယုမေတို့၏ဖခင်၊ မောင်အောင်ဇော်မိုး-မဆုမြတ်သူတို့၏အဘိုး၊ မောင်ကျော်တည်၏ဘိုးဘိုးကြီးသည် ၁၁-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁း၅၀နာရီတွင် ပန်းလှိုင် စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဦးတင် အသက်(၈၃)နှစ်

**(လဝက-၁၁၈၁)၊ (လဝကဦးစီးမှူး၊ ငြိမ်း)**

မော်လမြိုင်မြို့နေ (ဦးအောင်မြင့်-ဒေါ်စိန်မျှင်)တို့၏သား၊ ဖျာပုံမြို့နေ (ဆရာ တင်-ဒေါ်ကျင်မြိုင်)တို့၏သားသမက်၊ (ဦးချစ်စိန်)-ဒေါ်အေးသန်းတို့၏မောင်၊ (ဗိုလ်ကြီးဝင်းအောင်)-ဒေါ်ညွန့်ရီတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်း၊ နီလာလမ်း၊ အမှတ် ၃၇နေ ဒေါ်ကြိုင်၏ ချစ်လှစွာသောခင်ပွန်း၊ (ဗိုလ်ကြီးကိုကိုကြီး၊ OTS-66 )၊ ဦးကိုကိုလေး(ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန)-ဒေါ်သိန်းနုခိုင်(ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန)၊ ဦးဝင်းဟန်(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)-ဒေါ်ကေသီ(အထွေထွေမန်နေဂျာ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ ဦးကိုကိုထွေး(M.D, K & K Maha Construction Co.,Ltd.)၊ ဒေါ်အေးအေးခိုင်(ဦးစီးအရာရှိ၊ငြိမ်း၊ FERD )တို့၏ဖခင်၊ မပန်းမြတ်သန္တာ(သတ္တမတန်း-A၊ ထ-၅၊ ဗိုလ်တထောင်)၏အဘိုးသည် ၁၁-၇-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၉း၄၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးမောင်အုန်း (ဒု-အရာခံဗိုလ်၊ ငြိမ်း)

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးကျော်စိုး-ဒေါ်စောရင်)တို့၏သား၊ အင်းစိန်မြို့နယ်နေ (ဦးတင်လှ-ဒေါ်တင်စိန်)၊ မရမ်းကုန်းမြို့နယ်နေ(ဒေါ်ခင်အိ)၊ (ဒေါ်ခင်ညို)တို့၏ညီ/မောင်၊ (ဦးမောင်မောင်-ဒေါ်တင်သန်းနွယ်)၊ ဦးအေး-ဒေါ်ဝင်းကြည်၊ ဦးထွေးမောင်-ဒေါ်ရီ၊ (ဦးကြည်-ဒေါ်အေးအေးငြိမ်း)၊ ဒေါက်တာသန်းဌေး-ဒေါ်ယဉ်လှ၊ဦးလေးမြင့်နောင်-ဒေါ်အေးအေး၊ ဦးလှရှင်း-ဒေါ်သန်းရွှေ၊ ဒေါ်သန်းဟန်၊ ဦးမြဝင်း-ဒေါ်လှညွန့်၊ ဒေါ်မြမြသိန်း၊ ဦးမြလှိုင်တို့၏အစ်ကို၊ ဗဟန်းမြို့နယ်နေ ဦးသိန်းလှ-ဒေါ်မြင့်မြင့်ကြည်တို့၏ဦးလေး၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ် ၈၁၉နေ ဒေါ်မြမြငြိမ်း၏ခင်ပွန်း၊ ဦးသိန်းဦး-ဒေါ်သီတာဦး၊ ဒေါ်စန်းစန်းတင့်၊ ဦးခင်မောင်ထွန်း-ဒေါ်ခင်နှင်းယု၊ ဦးဌေးလွင်-ဒေါ်တင်တင်ခိုင်၊ ဗိုလ်မှူးကြီးသက်စိုး-ဒေါ်စိမ်းစိမ်းနွယ်တို့၏ဖခင်၊ မယွန်းလဲ့ခင်(ကမ္ဘောဇဘဏ်)၊ ချစ်စမ်းသွယ်၊ ကောင်းဆင့်သော်၊ မိုးသီဂီ၊ စိုင်းဝဏ္ဏထူး၊ ယဉ်ဝေလွင်၊ ခန့်ဇေယျာလွင်(ခ) Seven တို့၏အဘိုးသည် ၁၀-၇-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက်တွင် ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ် ၈၁၉ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး

## ဦးအောင်လင်း(မိုးကုတ်) အသက်(၇၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်နေ (ရှေ့နေကြီး ဦးအာယု-ဒေါ်စောရီ)တို့၏သား၊ (ဦးဟုတ်စိန်-ဒေါ်ကြင်ကြုတ်)တို့၏သားသမက်၊ မိုးကုတ်မြို့၊ ၈၊၉၅၊ ရွှေဘုံသာရပ်နေ ဒေါ်ခင်ဝင်း(အထက်တန်းပြဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၅၃၅၊ ၆(ခ)နေ ဒေါက်တာသန်းဝင်းစိုး-မနေဇာလင်း၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၈၀၊ B/1)နေ ကိုဇေယျာလင်း-မအေးမိုးသူတို့၏ဖခင်၊ မောင်ဟိန်းစေပိုင်စိုး(ခ)တွိတီ၏အဘိုးသည် ၁၀-၇-၂၀၁၇ရက် ညနေ ၄နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ခုတင်-၅၀၀ အထူးကုဆေးရုံမှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ တောင်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးယိုစိန်လင်း(ခ)ဦးစိန်လင်း

**အောင်ကမ္ဘာယာဉ်အသင်း**

**အသက်(၆၅)နှစ်**

မကွေးမြို့၊ ပြည်တော်သာလမ်း၊ ဈေးမြောက်ဘက်၊ အမှတ် ၁၄နေ (ဦးအွန်းဟော်-ဒေါ်ကြူး) စိန်မြင့် ပဲလိပ်လုပ်ငန်းတို့၏သား၊ (ဦးကျော်ထင်)-ဒေါ်ကြီးမြင့်တို့၏သားသမက်၊ ဦးဘိုဝင်း-ဒေါ်ခင်ဝင်းမြင့်၊ ဦးစံဝင်း-ဒေါ်ခင်စန်းမြင့်၊ (ဦးစိန်ဝမ်း)-ဒေါ်အေးအေးမာ၊ (ဒေါ်ခင်အေးမြင့်)တို့၏ညီ/မောင်၊ ဦးကျင်စိန်-ဒေါ်ခင်စိန်မြင့်တို့၏အစ်ကို၊ ကမာရွတ်မြို့နယ်၊ဆင်ရေတွင်း(၂)လမ်း၊ အမှတ် ၄၁၊ သုံးလွှာနေ ဒေါ်ဝါဝါ[Asst:Director (Regional Office)ယူနိုက်တက်အမရာဘဏ်(ရုံးချုပ်)]၏ချစ်လှစွာသောခင်ပွန်း၊ တူ၊ တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၁၁-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၉း၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၇ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ဒုတိယ သမ္မတ ဦးမြင့်ဆွေ ၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်

# လူဦးရေတိုးနှုန်းကို လျှော့ချရန် နည်းလမ်းများစွာရှိနေ အထိရောက်ဆုံးနည်းလမ်းသည် မိသားစုစီမံကိန်းဖြစ်

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးသိန်းဆွေနှင့် ဒေါက်တာမျိုးသိမ်းကြီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများနှင့် သံတမန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များ၊ INGOs, NGOs များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကုလသမဂ္ဂက ကမ္ဘာ့လူဦးရေ သန်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊

စာမျက်နှာ ၄ ကော်လံ ၁ ▲

## အမေရိကန်တပ်မတော် လေယာဉ်တစ်စင်း မစ္စစ္စပီ၌ ပျက်ကျ

စာ » ၁၀

## ချင်းတွင်းမြစ်ရေကြီးသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့မှ စာသင်ကျောင်းများ ပိတ်ထားရ

စာ » ၁၂

## ငွေကျပ်သိန်း ၁၀၀၀ ကျော်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ

စာ » ၁၃

## ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် သုံးပေခန့်၊ဖောင်းပြင်မြို့တွင် နှစ်ပေခွဲခန့်၊ မော်လိုက်မြို့တွင် ငါးပေခန့်၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် သုံးပေခွဲခန့်စီနှင့် မုံရွာမြို့တွင် တစ်ပေခွဲခန့်၊ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင်တစ်ပေခန့်နှင့် ဖောင်းပြင်မြို့တွင်တစ်ပေခွဲခန့်၊ နောက်သုံးရက်အတွင်း မော်လိုက်မြို့ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မုံရွာမြို့တွင် တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့ များ၏စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## မြန်မာ ယူ-၂၂၊ ယူ-၁၈ အသင်းနှင့် အင်တာမီလန် လူငယ်အသင်း ခြေစမ်းပွဲကစားမည့်ရက် ထုတ်ပြန်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် ဇူလိုင် ၁၁**

ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာလူငယ်အသင်းများနှင့် အီတလီစီးရီးအေကလပ် အင်တာမီလန်လူငယ်အသင်းတို့၏ ခြေစမ်းပွဲများကို ဩဂုတ်လဒုတိယပတ်တွင် ကျင်းပမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲများတွင် မြန်မာလူငယ်အသင်းများဖြစ်သည့် ယူ-၂၂ အသင်းနှင့် ယူ-၁၈ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ခြေစမ်းပွဲများအဖြစ် ဩဂုတ် ၁၁ ရက်တွင် မြန်မာ ယူ-၂၂ အသင်းနှင့် အင်တာမီလန် ယူ-၁၈ အသင်း၊

စာမျက်နှာ ၄ ကော်လံ ၁ ❋


မြန်မာ ယူ-၂၂ အသင်း လေးနိုင်ငံပြိုင်ပွဲတွင် ယှဉ်ပြိုင်နေစဉ်

ယနေ့ထုတ်မြန်မာ့အလင်း သတင်းစာတွင် ယနေ့ရန်ကုန်အချပ်ပို လေးမျက်နှာပါရှိသည်

ယနေ့ရန်ကုန် Yangon Today

## မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် ဇူလိုင် ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)




မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်
၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊

# ရန်ကုန်မြို့ပြလုံခြုံရေးအတွက် အရေးပါလာသော CCTV ၏ အခန်းကဏ္ဍ

သတင်းဆောင်းပါး-ထင်ပေါ်ဝင်း(ကမာရွတ်)





**အမှုအခင်း တစ်ခုဖြစ်ပွားပြီးချိန်မှ CCTV ကို ပြန်လည်စစ်ဆေးခြင်းထက် အချိန်နှင့် တစ်ပြေးညီ စောင့်ကြပ် ကြည့်ရှုနေခြင်းက ပြည်သူများဘဝ လုံခြုံမှုကို ပို၍ပေးနိုင်လိမ့်မည်**

● ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

လူနေထိုင်မှု တစ်နှစ်ထက် တစ်နှစ် များပြားလာသော မြို့တော် ရန်ကုန်၏ လုံခြုံရေးအတွက် CCTV များသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာလျက်ရှိသည်။ ယခင်က စားသောက်ဆိုင်ကြီးများ၊ ဈေးဆိုင်ကြီးများတွင်သာ ဆိုင်၏လုံခြုံရေးအတွက် CCTV များ တပ်ဆင်အသုံးပြုခဲ့ကြသော်လည်း နောက်ပိုင်းတွင် မိမိနေအိမ်လုံခြုံရေး၊ လမ်းလုံခြုံရေးများအတွက်ပါ ကင်မရာများကို တပ်ဆင်အသုံးပြုလာကြသည်။ အစိုးရရုံးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကပိုင်နေရာများအပြင် အများပြည်သူ ဝင်၊ ထွက် အသုံးပြုရာနေရာများ၌ပါ CCTV များကို တပ်ဆင်အသုံးပြုလျက်ရှိသည်။

လူတန်းစားအလွှာအသီးသီးတို့ နေထိုင်သည့် မြို့တော်ရန်ကုန်တွင် အမှုအခင်းများကတစ်ပုံတစ်ပင်၊ မြို့ပြလုံခြုံရေး အင်အားနှင့် ၎င်းတို့တာဝန်ယူရသည့် ပြည်သူအချိုးက မညီမမျှ၊ အရောင်အသွေးစုံ ရှုပ်ထွေးသွားလာနေကြသော ပြည်သူများထဲတွင် သားကောင်ကိုရှာဖွေနေသော ခိုးဆိုးလုနှိုက်တို့၏ မျက်လုံးအစုံကို ရဲတပ်ဖွဲ့ဝင် တစ်ဦးတစ်ယောက်တည်းဖြင့် စောင့်ကြည့်ရန်မဖြစ်နိုင်သောအခြေအနေ။ ယင်းအခြေအနေများကို CCTV များက အတော်အသင့် တာဝန်ယူဖြေရှင်းနိုင်သည်ကို သိလာကြသောအခါ CCTV များသည် အဓိကကျသောအခန်းကဏ္ဍမှ ရပ်တည်လာကြသည်။

လမ်းသူ လမ်းသားများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် တစ်လမ်းလုံးအနှံ့ CCTV ကင်မရာများ တပ်ဆင်ထားသည့် ကမာရွတ်မြို့နယ် အမှတ် (၁) ရပ်ကွက်အတွင်းရှိ ဦးထွန်းလင်းခြံ လမ်းသာယာရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ကိုဟန်မင်းဇော် (ခ)ကိုဒွေးက "ကျွန်တော်တို့ လမ်းမိသားစုရဲ့လုံခြုံရေးပေါ့။ နောက်လမ်းအတွင်းက ဖြတ်သန်းသွားလာတဲ့ ပြည်သူတွေရဲ့ လုံခြုံရေးအတွက်ပါ။ ကျွန်တော်တို့လမ်းရဲ့ အဝင်၊ အထွက်နေရာတွေကို ကင်မရာအကြီး လေးလုံး ထိုင်ထားတယ်။ တစ်လမ်းလုံး ထိုင်ထားတာတော့ ၁၆ လုံးပေါ့။ ၁၂ လုံးကတော့ လှေကားခွင်အဝင်အထွက်တွေရယ်၊ နောက်ဖေးလမ်းကြား အမှိုက်ပစ်ချတာတို့၊ နောက်ဖေးကနေ သူခိုးသူဝှက်တက်မှာတို့ အဲဒါတွေကြည့်ချင်လို့ ၁၄ လုံးတပ်ထားပါတယ်။ အဲဒါတွေကို မြို့နယ်ရဲတပ်ဖွဲ့က လာပြီး အကူအညီတောင်းတဲ့အခါမှာ ပြန်ကြည့်တာတို့ရှိပါတယ်။ ၂၄ နာရီ ရိုက်ကူးထားနိုင်ပြီး မျက်တောင်မခတ်ဘူး။ အင်ဗာတာလည်း တပ်ဆင်ထားတဲ့အခါကျတော့ မီးပျက်သွားရင် အလုပ်လုပ်နိုင်ပါတယ်။ လမ်းဓမ္မာရုံမှာ လက်ခံတဲ့စက်ကို ထိုင်ထားပြီးတော့ ၃၂ လက်မ တီဗွီတစ်လုံးနဲ့ လုံခြုံရေးမီးကင်းမှာ တီဗွီတစ်လုံးတပ်ဆင်ထားပါတယ်။ လမ်းထဲကလည်း တချို့အိမ်တွေက တပ်ထားတာတွေ ရှိပါတယ်။ အားလုံးကို ချိတ်ဆက်လုပ်ထားပါတယ်။ ဘယ်လိုပြန်ကြည့်ကြည့် ကြည့်လို့ရအောင်လို့ပါ" ဟု လမ်းလုံခြုံရေးအတွက် ကင်မရာများ တပ်ဆင်ထားပုံအကြောင်းကို ရှင်းပြသည်။

CCTV ကင်မရာတစ်လုံးအတွက် ကုန်ကျငွေသည် အလတ်စားတစ်လုံးလျှင် ငွေကျပ် သုံးသောင်း၊ အကြီးတစ်လုံးလျှင် ငွေကျပ် ခြောက်သောင်းသာပေးရသည့်အတွက်

**အချပ်ပို (ခ) သို့**

# လူနေမှုစရိတ်မြင့်မားသည့် ရန်ကုန်

**သွန်းဝသန်**

ကမ္ဘာ့စစ်တမ်းကောက်ယူသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော MERCER Global မှ နှစ်စဉ်ထုတ်ဝေသည့် စစ်တမ်းတစ်ခုတွင် ရန်ကုန်မြို့သည် လူနေမှုစရိတ်မြင့်မားသည့် မြို့တော် ၁၀၀ အတွင်း ဆက်လက်တည်ရှိနေသည်ကို တွေ့မြင်ရသည်။

စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းလာချိန် ပြီးခဲ့သည့်နှစ်အတွင်းက MERCER ၏ (၂၂) ကြိမ်မြောက် ကမ္ဘာ့လူနေမှုစရိတ်မြင့်မားသည့် Cost of Living 2016 တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် လာရောက်သူများ သတိထားမိသည်အထိ ကုန်ကျစရိတ်မြင့်မားသည့် မြို့တော်များတွင် ရန်ကုန်မှာ နံပါတ်စဉ် ၃၉ တွင် ရှိခဲ့ပြီး ယခုနှစ်တွင်တော့ အနည်းငယ်ကျဆင်းလာနေသည်ဟု ယင်းအစီရင်ခံစာအရ သတ်မှတ်နိုင်မည်ဖြစ်သည်။

MERCER GLOBAL သည် နှစ်စဉ် လူနေထိုင်သည့် စာရင်းအင်းဆိုင်ရာအချက်အလက်များကို ထုတ်ပြန်လေ့ရှိပြီး ယခုနှစ်အတွက်လည်း အာဖရိက၊ အာရှ၊ ဥရောပစသည့် နိုင်ငံများအား စနစ်တကျ လေ့လာစာရင်းကောက်ယူမှုများ ပြုလုပ်ကာ ကိန်းဂဏန်းအချက်အလက်များကို အထောက်အပံ့ဖြစ်စေခဲ့သည်။ ယခုနှစ်အတွက် Cost of Living Survey သည် (၂၃)ကြိမ်မြောက် ထုတ်ပြန်သည့် အချက်အလက်များဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် လူပေါင်းများစွာအတွက် အကျိုးရှိစေရန် ရည်ရွယ်ကြောင်း သိရသည်။

ယင်းအချက်အလက်များတွင် ဖော်ပြခံရခြင်းသည် အနီးစပ်ဆုံး ကိန်းဂဏန်းများ ရရှိစေခြင်းဖြစ်ကြောင်း ဟောင်ကောင်မှ အိမ်ရာစီမံကိန်းဖော်ဆောင်သူတစ်ဦးကလည်း ချီးကျူးထားပြီး ယင်းအစီရင်ခံစာတွင် အင်ဂိုလာနိုင်ငံ လူအန်ဒါမြို့သည် လူနေမှုစရိတ်အမြင့်မားဆုံးဟု ဖော်ပြထားပြီး ဟောင်ကောင်၊ တိုကျို၊ ဇူးရစ်၊ စင်ကာပူ၊ ဆိုးလ်၊ ဂျနီဗာ၊ ရှန်ဟိုင်း၊ နယူးယောက်နှင့် ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့များမှာ လူနေမှုစရိတ် အမြင့်မားဆုံးမြို့များအဖြစ် ဖော်ထုတ်ထားသည်။

ယင်းအစီရင်ခံစာတွင် ရန်ကုန်မြို့သည် နံပါတ် ၆၇ နေရာတွင် ရောက်ရှိလျက်ရှိရာ ယမန်နှစ်ကထက် နှိုင်းယှဉ်ပါက အနည်းငယ်လျော့ကျလာသည်ကို မြင်တွေ့ရသည်။ ယင်းအဖွဲ့အစည်းသည် သူနှင့်ချိတ်ဆက်ထားသည့် လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် လူပေါင်းများစွာအား မေးမြန်းကာ နိုင်ငံပေါင်း ၂၀၀ ကျော်အတွက် စာရင်းအင်းအချက်အလက်များကို ပြုစုပေးခြင်းဖြစ်ပြီး ရန်ကုန်မြို့သည် ကုန်ကျစရိတ်မြင့်မားသည့် နေရာတွင် ကမ္ဘာပေါ်ရှိ မြို့ပေါင်း ၂၀၉ မြို့ အချက်အလက် ပြုစုချက်များအနက် ၆၇ နေရာတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ချီလီနိုင်ငံ ဆန်တီယာဂိုမြို့များနှင့် တန်းတူရောက်ရှိနေခြင်း ဖြစ်သည်။ ယင်းအစီရင်ခံစာကို MERCER မှ ဇွန် ၂၁ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)




**ရန်ကုန်မြို့သည် ကုန်ကျစရိတ်မြင့်မားသည့် နေရာတွင် ကမ္ဘာပေါ်ရှိ မြို့ပေါင်း ၂၀၉ မြို့ အချက်အလက် ပြုစုချက်များအနက် ၆၇ နေရာတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ချီလီနိုင်ငံ ဆန်တီယာဂို မြို့များနှင့် တန်းတူရောက်ရှိနေ**

## *ရန်ကုန်မြို့ပြလုံခြုံရေးအတွက် အရေးပါလာသော* CCTV *၏ အခန်းကဏ္ဍမှ*

သင့်လျော်သော စျေးနှုန်းဟုဆိုရပေမည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့တွင်း ခြောက်မြို့နယ်အနက် အချို့သောမြို့နယ်များတွင် လမ်းတိုင်း၏အဝင်၊ အထွက်များကို လုံခြုံရေးအတွက် CCTV ကင်မရာများ အလုံးရေမြောက်မြားစွာ တပ်ဆင်ထားသည်ကိုလည်း သိရသည်။ အဆိုပါ ကင်မရာများကို မြို့နယ်ရဲစခန်းများမှ စောင့်ကြည့်၍ ပြည်သူများ၏ လုံခြုံရေးအတွက် ဝန်ဆောင်မှုပေးလျက်ရှိသည်ကိုလည်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုဖြစ်ပွားရာနေရာများတွင် CCTV ဖြင့် တိုက်ရိုက် ရိုက်ကူး၍ မိမိတပ်ဖွဲ့ မီးငြိမ်းသတ်နေခြင်းကို အခင်းဖြစ်ပွားရာနေရာမှ မီးသတ်အရာရှိသာမက ဗဟိုထိန်းချုပ်ရေးစခန်းမှ နေ၍လည်း ကူညီပံ့ပိုးညွှန်ကြားမှုများ ပြုလုပ်ပေးနေသည်ကို မီးလောင်မှုသတင်းများ သွားရောက်ယူခဲ့ဖူးသူအနေဖြင့် ကိုယ်တိုင်တွေ့မြင်ခဲ့ရပေသည်။

ထို့ပြင် မီးပွိုင့်များတွင်ပါ CCTV ကင်မရာများတပ်ဆင်စောင့်ကြည့်လျက်ရှိပြီး ယာဉ်ကြောကျပ်တည်းမှု၊ စည်းကမ်းမဲ့ယာဉ်မောင်းနှင်မှုများနှင့် ပြည်သူတို့၏ လူနေမှုဘဝများ လုံခြုံရေးအတွက် အဖွဲ့အစည်းများက ဆောင်ရွက်နေပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအလိုက် လုံခြုံရေးနှင့်ပတ်သက်၍ CCTV များ တပ်ဆင်အသုံးပြုလျက်ရှိရာ ကမာရွတ်မြို့နယ်အတွင်း CCTV တပ်ဆင်နေမှုနှင့် ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဟန်က "ကမာရွတ်မြို့နယ်အတွင်းမှာ ရပ်ကွက်အားဖြင့် ၁၀ ရပ်ကွက်ရှိပြီး လူဦးရေအားဖြင့် ၈၀၀၀၀ ကျော်ရှိပါတယ်။ လူဦးရေအားဖြင့်လည်းများတယ်။ ရပ်ကွက်အားဖြင့်လည်း ကျယ်တယ်။ ကျယ်တဲ့အခါကြတော့ မှုခင်းဖြစ်ပွားမှုနဲ့ ရဲတပ်ဖွဲ့အင်အားကို ပြန်ကြည့်ရတာပေ့ါ။ နောက်ပြီးအနောက်ပိုင်းခရိုင် ၁၃ မြို့နယ်ထဲမှာ ကျွန်တော်တို့ ကမာရွတ်မြို့နယ်က မှုခင်းဖြစ်ပွားမှုအများဆုံးလိုဖြစ်နေတယ်။ လူလည်းစုံတဲ့အတွက် ခိုးမှု၊ နှိုက်မှုတွေအတော်များများရှိတယ်။ အဲဒီအတွက် ကျွန်တော်တို့ ကမာရွတ်မြို့နယ်အနေနဲ့ CCTV တပ်ဆင်ဖို့ လိုအပ်ပါတယ်။ ဒီလိုတပ်ဆင်ခြင်းအားဖြင့် မြို့နယ်ထဲတွင် အဓိကမှုခင်းဖြစ်ပွားနိုင်တဲ့နေရာတွေမှာ တပ်ဖွဲ့ဝင်တစ်ယောက် စောင့်ကြည့်ရတာထက် CCTV တပ်ထားခြင်းအားဖြင့် CCTV က မှတ်တမ်းပြုလုပ်ထားတဲ့အတွက် မှုခင်းတစ်ခုဖြစ်ပွားပြီဆိုရင် ကျွန်တော်တို့ ဒီမှတ်တမ်းတွေကို ပြန်ကြည့်လို့ရှိရင် ဖြစ်ပေါ်တဲ့မှုခင်းတွေကို စိစစ်ပြီးတော့ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်လို့ရတာပေ့ါ။ CCTV တပ်ဆင်ထားခြင်း အားဖြင့် ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်တဲ့ အခြေအနေမျိုးတွေရှိပါတယ်။ CCTV တပ်ဆင်ခြင်းအားဖြင့် ရတဲ့အကျိုးကျေးဇူးပေ့ါ။ တပ်ဖွဲ့ဝင်တစ်ယောက် စောင့်ကြည့်မယ်ဆိုရင် တစ်နေရာတည်း ၂၄ နာရီထိုင်ပြီး စောင့်မကြည့် နိုင်ပါဘူး။ မှုခင်းတစ်ခုဖြစ်တဲ့အခါ CCTV တပ်ဆင်ထားတယ်ဆိုရင် အဲဒီနေရာမှ မှုခင်းကပေါ်ဖို့ရာခိုင်နှုန်းက ၇၅ ရာခိုင်နှုန်းများပါတယ်" ဟု ကင်မရာများ တပ်ဆင်နေမှုကို ရှင်းပြသည်။

CCTV ကင်မရာများ တပ်ဆင်အသုံးပြုသည့် ဘဏ္ဍာငွေနှင့်ပတ်သက်၍ ရဲမှူး သိန်းဟန်က "မြို့နယ်ထဲမှာ အစိုးရရဲ့ အစီအစဉ်နဲ့ ငွေကျပ် သိန်း ၁၀၀ ရတဲ့အခါ ရပ်ကွက်လေးခုမှာ ကျွန်တော်တို့က ငွေကျပ် ၁၀ သိန်းစီ မတည်ပေးလိုက်ပါတယ်။ အဲဒီ ငွေကျပ် ၁၀ သိန်းနဲ့ ရပ်ကွက်အလိုက် ကိုယ့်အားကိုယ်ကိုး CCTV လေးတွေတပ်ထားတယ်။ ရပ်ကွက်တွေရဲ့ မှုခင်းဖြစ်ပွားတတ်တဲ့ လမ်းတိုင်းမှာ CCTV လေးတွေ တပ်ဆင်ထားတဲ့အတွက် ကျွန်တော်တို့ ရဲတပ်ဖွဲ့အတွက် အများကြီး အထောက်အကူ ဖြစ်ပါတယ်။ မှုခင်းတစ်ခုဖြစ်လို့ ပြန်ကြည့်လိုက်ရင် အနီးစပ်ဆုံး ကျွန်တော်တို့ မှုခင်းကို ဖော်ထုတ်နိုင်တဲ့ အနေအထားလေး တွေ့ရှိပါတယ်။ ပထမအကြိမ်တုန်းက အလုံးပေါင်း ၁၈ လုံး ရှိပါတယ်။ အခုဒုတိယအကြိမ် တိုင်းဒေသကြီးကနေ မြို့နယ် ဖွံ့ဖြိုးရေးအတွက်လှူတဲ့ ငွေကျပ် သိန်း ၁၀၀ ကိုလည်း ရပ်ကွက်အဖွဲ့တွေနဲ့ ညှိနှိုင်းပြီးတော့ တကယ့်မှုခင်းဖြစ်ပွားနိုင်တဲ့ နေရာလေးတွေကိုရွေးချယ်ပြီး CCTV ၁၀ လုံးတပ်ဖို့ ဆောင်ရွက်နေပါတယ်။ ဒီလိုတပ်ဆင်ထားခြင်းဖြင့် ရပ်ကွက်မှာ ၇၅ ရာခိုင်နှုန်း လုံခြုံမှုရှိတယ်လို့ ပြောလို့ရပါတယ်" ဟု ပြောသည်။

နေရာအနှံ့ တပ်ဆင်လာသော CCTV ကင်မရာကို လေ့လာကြည့်သော် အချို့မှာ မှတ်တမ်းအနေဖြင့်ထားခြင်းမျိုးရှိသလို အရေးကြီးသည့် နေရာဌာနများတွင် အချိန်နှင့်တစ်ပြေးညီ စောင့်ကြပ်ကြည့်ရှုနေကြသည်ကိုလည်း တွေ့ရသည်။ အချုပ်အားဖြင့်ဆိုရသော် အမှုအခင်းတစ်ခု ဖြစ်ပွားပြီးချိန်မှ CCTV ကို ပြန်လည်စစ်ဆေးခြင်းထက် အချိန်နှင့်တစ်ပြေးညီ စောင့်ကြပ်ကြည့်ရှုနေခြင်းက ပြည်သူများဘဝလုံခြုံမှုကို ပို၍ပေးနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိပါကြောင်း။



# ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးပင်မစီမံကိန်းများ စတင်အကောင်အထည်ဖော်မည်

**ရန်ကုန်တိုင်း ဒေသကြီးအတွက် လယ်ယာကဏ္ဍ စိုက်ပျိုးရေးပင်မ စီမံကိန်းကြီးကို ရေးဆွဲလျက်ရှိရာ ရန်ကုန်တိုင်း ဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန်ရှိသော လယ်ယာကဏ္ဍ စီမံကိန်းများအား Master Plan အဖြစ် မကြာမီ ရေးဆွဲပြီးစီးမည်**

— **သတင်း-သွန်းဝဿန်** —

**ရန်ကုန်တိုင်းဒေသကြီးအတွင်း အဓိကတင်သွင်းနေရသည့် စိုက်ပျိုးရေးထုတ်ကုန်အချို့အား ဒေသတွင်းမှာပင် စိုက်ပျိုးသွားနိုင်ရန် ရည်ရွယ်ထားပြီး ယင်းတို့တွင် မြို့ပြလယ်ယာစနစ်ကိုလည်း ထည့်သွင်းအကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။**



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်ကာ ရေးဆွဲလျက်ရှိသည့် စိုက်ပျိုးရေးပင်မစီမံကိန်းမှာ လက်ရှိဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်ပြီး လေးနှစ်စီမံကိန်းအဖြစ် လျာထားကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခင်နှစ်များကလည်း စိုက်ပျိုးမြေများကို အဆင့်မြှင့်တင်ခြင်း၊ နည်းပညာပံ့ပိုးခြင်းနှင့် စက်မှုလယ်ယာအသွင်ကူးပြောင်း အကောင်အထည်ဖော်ခြင်းများ လုပ်ဆောင်ခဲ့ဖူးသော်လည်း မြေယာပြဿနာများကြောင့် အောင်မြင်မှုအားနည်းခဲ့ရဖူးသည်။

အစိုးရသစ်တက်လာပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်ကာ စိုက်ပျိုးထုတ်လုပ်သူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တောင်သူများနှင့် ပူးပေါင်းကာ လေးနှစ်တာစီမံကိန်းကို ရေးဆွဲနေခြင်း ဖြစ်သည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးမြေတွေ ရှိပါသေးတယ်။ အမှန်တကယ် စိုက်ပျိုးထုတ်လုပ်နေသူတွေလည်း အများကြီးရှိပါတယ်။ အဆင့်မြှင့်တင်ပေးပြီး စနစ်တကျနဲ့ အကောင်အထည်ဖော်လိုက်မယ်ဆိုရင် စားသုံးသူတွေအတွက်လည်း အကျိုးရှိနိုင်သလို စိုက်ပျိုးရေးလုပ်ငန်းတွေအတွက်လည်း ရှေ့ဆောင်လမ်းပြဖြစ်လာနိုင်မယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမြေအများစုမှာ ဆန်၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးလျက်ရှိကြပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမြေဧကပေါင်း ၁၂ သိန်း ကျော်ရှိကြောင်း သိရသည်။ ယင်းစိုက်ပျိုးမြေများတွင် မြေယာ ပြဿနာဖြစ်ပွားသည့် မြေများနှင့် စိုက်ပျိုးရေးလုပ်ငန်းမလုပ် ကိုင်နိုင်တော့သည့် မြေများလည်းရှိကြောင်းသိရပြီး ယင်းတို့တွင် စနစ်ကျနသည့် မြို့ပြလယ်ယာမြေများ ဖော်ထုတ်နိုင်ပါက စိုက်ပျိုးရေးကဏ္ဍတစ်ခုလုံးကို အထောက်အကူဖြစ်စေမည့် စံပြလယ်ယာမြေများဖြစ်လာနိုင်ကြောင်း စိုက်ပျိုးရေးလုပ်ငန်းရှင်များက ခန့်မှန်းကြသည်။

"စိုက်နေကြတာရှိတယ်။ ကျွန်မဆီမှာ ကျွဲကောခြံ ငါးဧကရှိတယ်။ ဒါပေမယ့် စိုက်ပျိုးစရိတ်ကလည်းကြီးတော့ ဆက်လုပ်ဖြစ်ဖို့ထက် ဈေးသာရင် ရောင်းချင်တယ်"ဟု တိုက်ကြီးမြို့မှ ဒေသခံ ဒေါ်သီတာဦးက ပြောကြားသော်လည်း လက်ရှိတွင် ရန်ကုန်တိုင်းအတွင်းရှိ စိုက်ပျိုးမြေများသည် အခြားတိုင်းဒေသကြီးများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်မားပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားမှုမှာမူ အားနည်းနေသေးကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆန်၊ ရာသီပေါ်သီးနှံများနှင့် ကျွဲကော၊ သရက်တို့ကို အဓိကထားစိုက်ပျိုးကြပြီး ယခုနောက်ပိုင်းတွင် နဂါးမောက်ကိုလည်း စမ်းသပ်စိုက်ပျိုးနေသည်ကို တွေ့ရသည်။ စိုက်ပျိုးမြေအများစုမှာ ကွမ်းခြံကုန်း၊ တွံတေး၊ ဒလ၊ မှော်ဘီ၊ တိုက်ကြီး၊ ခရမ်း၊ သုံးခွနှင့် ကျောက်တန်းမြို့နယ်များတွင် ဖြစ်ကြပြီး ယခုနောက်ပိုင်းတွင် စိုက်ပျိုးရေးမှာ လျော့နည်းလာနေသည်ကို တွေ့ရသည်။

"၂၀၁၇-၁၈ ဘဏ္ဍာနှစ်ကနေ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အထိ လေးနှစ်တာ စိုက်ပျိုးရေးပင်မစီမံကိန်းကြီး အကောင်အထည်ဖော်လိုက်ရင် ရန်ကုန်တိုင်းဒေသကြီးရဲ့စိုက်ပျိုးရေးဟာ အများကြီးအားကောင်းသွားပါလိမ့်မယ်။ အကောင်အထည်ဖော်နိုင်ဖို့အတွက် အစိုးရကရော၊ လုပ်ငန်းရှင်တွေကရော၊ တောင်သူတွေကရော ပူးပေါင်းပါဝင်ကြပြီး စနစ်ကျနတဲ့ စက်မှုလယ်ယာကို အကောင်အထည်ဖော်သင့်တယ်"ဟု MAPO မှ တာဝန်ရှိသူ တစ်ဦးကလည်း ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီမှ ရန်ကုန်တိုင်းဒေသကြီးအတွက် လယ်ယာကဏ္ဍစိုက်ပျိုးရေးပင်မစီမံကိန်းကြီးကို ရေးဆွဲလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန်ရှိသော လယ်ယာကဏ္ဍစီမံကိန်းများအား Master Plan အဖြစ် မကြာမီ ရေးဆွဲပြီးစီးမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လယ်ယာကဏ္ဍအကျိုးပြုစီမံကိန်းများ ရင်းနှီးမြှုပ်နှံလိုသော ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များကိုလည်း ကုန်သည်စက်မှုအသင်းချုပ်မှ ဖိတ်ခေါ်ထားပြီး အကြံပြုချက်များကိုလည်း တောင်းခံထားကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ရန်ကုန်မြို့ပြစီမံကိန်းတွင်လည်း စိုက်ပျိုးရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေး ထည့်သွင်းဆောင်ရွက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြသွားရန်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



ဓာတ်ပုံ-ဒင်နီယယ်အလက်ဇန္ဒြားရိုကာ
(Nordic Development Farm)

# ယနေ့ရန်ကုန်မှာ ဈေးရောင်းနေကြပုံများ



• • • မောင်မောင်ထွေး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း) • • •

ယနေ့ ရန်ကုန်ကို စီးပွားရေးမြို့တော်အဖြစ် တင်စားခေါ်ဝေါ်ရသော်လည်း တကယ်တော့ ရန်ကုန်သည် ဈေးဆိုင်များ အများစုတည်ရှိရာ ဈေးမြို့တော်ကြီးသာဟု ကျွန်တော်မြင်သည်။

ရန်ကုန်မြို့လယ် ခြောက်မြို့နယ်၏ မြေညီထပ်အများစုကိုကြည့်ပါက ဈေးဆိုင်များအဖြစ်သာ တွေ့မြင်ရပါလိမ့်မည်။ ဆင်ခြေဖုံးရပ်ကွက်က မျက်နှာစာအပါအဝင် လမ်းတိုင်းလိုလိုသည်လည်း အိမ်နှင့် ဈေးတွဲဖက်ဖွင့်ထားသည့် အိမ်ဆိုင်တွေချည်းသာဖြစ်နေသည်။

သို့သော်ငြား ဈေးဆိုင်အသေးလေးမှသည် ဆိုင်ကြီးကနားကြီး၊ ဆိုင်ကြီးကနား ကြီးတစ်ဆိုင်မှသည် ဆိုင်ခန်းပေါင်းများစွာဖြင့် ပင်ရင်းလုပ်ငန်းကို ချဲ့ထွင်နိုင်သူကား အလွန်ရှား၏။ လက်ငုတ်လက်ရင်းကလေးမပြုတ်အောင် ထိန်းနေရသည့် အဆင့်သာများ၏။

အဘယ်ကြောင့်နည်း၊ ရန်ကုန်ဈေးသည် အများစု၏ ရောင်းဝယ်ဖောက်ကားမှုများကို ဂရုပြုလေ့လာကြည့်သော် ဈေးရောင်းဈေးဝယ် ကုန်သွယ်မှုအတတ်ပညာအပိုင်းတွင် များစွာအားနည်းကြ၍ဖြစ်သည်။

ဥပမာ - ရထားဘူတာနှင့်နီးသည့် လက်ဖက်ရည်ဆိုင်နှစ်ဆိုင်ကို ကျွန်တော်လေ့လာကြည့်သည်။ တစ်ဆိုင်က ကျွန်တော်ရထားစောင့်ရင်း နေ့စဉ်နီးနီး သောက်လေ့ရှိ၏။ လက်ဖက်ရည်မှာ သောက်တိုင်းစောင့်ရ၏။ တစ်နေ့တွင် ဆိုင်ရှင် လက်ဖက်ရည်အဖျော်ဆရာက အသိမိတ်ဆွေနှင့် စကားစမြည်ပြောနေကာ ထိုင်ရာမှ မထ၍ ကျွန်တော် ထထွက်ခဲ့၏။ နောင်၎င်းဆိုင်သို့ ကျွန်တော် ဘယ်တော့မျှ မသောက်တော့။ ဘူတာနှင့်နီးသည့် အခြားဆိုင်တစ်ဆိုင်မှာမူ လက်ဖက်ရည်က လက်ဖက်ရည်နှင့်မတူ။ ဆိုင်ကလည်း ညစ်ပတ်လှ၏။

ဩော်၊ သူတို့သာ သေသေချာချာ၊ သန့်သန့်ရှင်းရှင်း၊ ဝန်ဆောင်မှုကောင်းစွာဖြင့် တီထွင်ကြံဆမှုအပြည့်ဖြင့်သာ ရောင်းချပါက နေ့စဉ်သွားလာနေကြသည့် ရထားစီးခရီးသည် အများစုသည် သူတို့၏ဖောက်သည်များဖြစ်လာပေလိမ့်မည်။ ခရီးသည်အများစုမှာလည်း ဘူတာတွင် ဟိုရပ်ဒီရပ်ဖြင့် ရထားစောင့်ဆိုင်းကြရမည့်အစား သူတို့၏ လက်ဖက်ရည်ဆိုင်လေးများတွင် စားသောက်ရင်း စတည်းချနေနိုင်ကြပေလိမ့်မည်ဟု ကျွန်တော်တွေးမိ၏။



ကျွန်တော်၏ အိမ်လမ်းထိပ်က သစ်သီးဆိုင်ရောထူးမခြားလှပါ။ နေ့စဉ်နီးပါး ဝယ်ယူနေသည့် ဖောက်သည်တစ်ဦးဖြစ်သူ ကျွန်တော့်ကို စွန့်ပစ်လုလုနီးနီး ဒူးရင်းသီးအား အကောင်းပကတိဈေးအတိုင်း လက်သိပ်ထိုး ရောင်းချပေးသည်။ အိမ်အရောက် ခွဲကြည့်တော့ စားမရ၍ အမှိုက်ပုံးထဲထည့်လိုက်ရ၏။

ထို့အတူ သံတောင်ဒူးရင်းသီးဟု တကြော်ကြော်အော်ကာ ကားနှင့်လှည့်ပတ်ရောင်းချသူတစ်စုထံမှလည်း သုံး၊ လေးမြွှာသာပါသည့် ဒူးရင်းသီးတစ်လုံးကို ငွေကျပ်သုံးထောင်ဖြင့် ကျွန်တော် ဝယ်စားခဲ့ဖူးသည်။ ထို့နောက်တွင်မူ မလေးရှား ဒူးရင်း သီးနှင့် ယိုးဒယားဒူးရင်းသီးများကိုသာ ဝယ်စားတော့မည်ဟု ကျွန်တော် ဆုံးဖြတ်မိ၏။

“ကဝက်ကင်း ငါးသလောက် အစစ်တွေလား၊ လတ်နေတာပဲ။ မွှေးနေတာပဲ” ဟု ဈေးသည်၏ စကားဖောင်ဖွဲ့ပြောဆိုမှုကို ယုံစားကာ အိမ်ရောက်မှ မည်သည့်အရသာမျှမရှိသည့် ငါးသလောက်တစ်ကောင်ကိုလည်း ငွေကျပ် ငါးထောင်ဖြင့် ကျွန်တော် ဝယ်ယူဖူးသည်။

အန္တရာယ်ရှိသော ရက်လွန်အစားအသောက်ပစ္စည်းများကြောင့် ကမ္ဘာ့ဈေးကွက်အတွင်း ကုန်အမှတ်တံဆိပ်များ ထိခိုက်ပျက်စီးမည်ကို စိုးရိမ်တကြီးဖြစ်ပြီး ပြန်သိမ်းသင့် သည်များကို ပြန်သိမ်း၊ ဖျက်ဆီးသင့်သည်များကို ဖျက်ဆီးပစ်နေသည့် ယနေ့ခေတ်တွင် ရန်ကုန်ဈေးသည်အများစုသည် အရင်းပြုတ်မည်ကို စိုးကြောက်၍ ရက်လွန်အစားအစာများကို တစ်နပ်စားဉာဏ်ဖြင့် လက်သိပ်ထိုးရောင်းချနေကြဆဲ။ ဖောက်သည်ဟောင်းများ၏ရင်ဝကို ကန်ထုတ်ပစ်နေကြဆဲပင်။

၎မြင်ကွင်းများကို မြင်တွေ့ခံစားမိလေ ကိုလိုနီခေတ်က ရန်ကုန်မြို့တွင် တွယ်အပ်မှအစ မော်တော်ကားအထိ ရောင်းချပေးသော ရိုးကုမ္ပဏီပိုင် ရိုးကုန်တိုက်သို့ ဘောလုံးကန်လက်စ စွပ်ကျယ်လက်ပြတ် ဘောင်းဘီတိုနံ့နံ့နှင့် တစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်းဖြင့် ဈေးသွားဝယ်သူ ကလေးငယ်တစ်ဦးကို ဒရဝမ်(လုံခြုံရေးအစောင့်) က အလစ်သမားထင်၍ ပေးမဝင်ခဲ့စဉ် ထိုကလေးငယ်က မန်နေဂျာကို တိုင်သောအခါ-

“ မန်နေဂျာသည် သာခုပြောသမျှကို စိတ်ဝင်တစားနားထောင်နေပြီးမှ ယခုဘာလာဝယ်သည်ကိုမေးပြီး လိုအပ်သမျှ သူကိုယ်တိုင်ရောင်းပေးသည့်အပြင် ချောကလက် ခြောက်ပဲတန် တစ်ခုလက်ဆောင်ပေးကာ ဆိုင်ဝအထိ လိုက်ပို့ရုံသာမက ဒရဝမ်အားလည်း အပြင်းအထန် ကြိမ်းမောင်းပြီး သာခုအား မှတ်ထားရန်၊ နောက်နောင် ယခုလိုမတားမြစ်ရန် မှာကြားပြီးသည့်အဆုံး၌ မျက်နှာဖြူအင်္ဂလိပ်နယ်ချဲ့သမား အရင်းရှင်ကုန်သည်မန်နေဂျာကြီးက စီးပွားရေးဆန်ဆန်ပင် ရွှံ့များဖြင့် တစ်ကိုယ်လုံးပေနေသော ပစ္စည်းမဲ့ သူ့ကျွန်ဘဝရောက်နေသူ သာခုအား အထပ်ထပ်တောင်းပန် လိုက်သေး၏။”

“ ပြောပါသေးသည်”

“ နောင်လည်း အမြဲလာပါနော်”ဟူသည့်

ကျွန်တော်ဖတ်ခဲ့ဖူးသည့် ဆရာကြီးသာခု၏ “သာခုလူပါးဝတယ် ” စာအုပ်ကို ပြေးပြေးသတိရမိပါတော့သည်။ ။




**ရန်ကုန်မြို့လယ် ခြောက်မြို့နယ်၏ မြေညီထပ်အများစုကိုကြည့်ပါက ဈေးဆိုင်များအဖြစ်သာ တွေ့မြင်ရပါလိမ့်မည်။ ဆင်ခြေဖုံးရပ်ကွက်က မျက်နှာစာအပါအဝင် လမ်းတိုင်းလိုလိုသည်လည်း အိမ်နှင့် ဈေးတွဲဖက်ဖွင့်ထားသည့် အိမ်ဆိုင်တွေချည်းသာဖြစ်နေ**